www.dhammaransi.com

— ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသအထွဋ္ဌုပ္ပတ္တိ
— သမထ မေတ္တာ ခံယူနည်း
— သမထ မေတ္တာ ပွားနည်း
— သမထ မေတ္တာ ပို့နည်း၊

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မြတ်စာပေ

အမှတ် ၅၄၊ ၉၄-လမ်းမှ ထုတ်ဝေ၍

ခိုင်စာပေ

အမှတ် ၂၇၄၊ အခန်း(၁၉) ရန်ကင်းမှ
ပြည်လုံးကျွတ်ဖြန့်ချိသည်။

www.dhammaransi.com

(ဘာသာရေးဆိုင်ရာခွင့်ပြုချက်အမှတ် ၈၆၇၈)
ပထမ အကြိမ်
၁၉၇၆-ခု၊ ဇူလိုင်လ

အုပ်ရေ .... ၂၀၀၀
မျက်နှာဖုံး .... စက္ကူဝါ
ဘလောက် .... လွင်
တန်ဖိုး .... ၇ - ကျပ်

**ပုံနှိပ်သူ။** ။ဦးဘိုးကြွယ်(မြဲ-၀၂၀၂၃)**'စန္ဒာပပဝင်း'**ပုံနှိပ်တိုက်
အမှတ်-၂၂၊ ၁၅၇-လမ်း၊ တာမွေ၊ရန်ကုန်မြို့။
ဖုံး-၅၀၈၅၈။

**ထုတ်ဝေသူ။** ။ဦးအုန်းညွန့် (မြဲ-၀၁၃၇၅) **'မြတ်စာပေ'**
အမှတ်-၅၄၊ ၉၄-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

www.dhammaransi.com

သမထ ဦးအောင်မြတ်

# သ
# မ
# ထ
# အာ
# ရုံ

www.dhammaransi.com

# သမထ ဦးအောင်မြတ်

## ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ ကိုယ်တွေ့ သမထ ကျင့်နည်း (၁၉၇၃)
၂။ သမထ၏ အကျိုးအကြောင်းများ (၁၉၇၃)
၃။ မဟာဂန္ဓာရုံဝိဇ္ဇာဓိုရ်ဘိုးတော်
အောင်မင်းခေါင်အတ္ထုပ္ပတ္တိ (၁၉၇၄)
၄။ ကိုယ်တွေ့ သမထ ကျင့်နည်း(ဒုတိယအကြိမ်)(၁၉၇၄)
၅။ အဖြူတစက် အမဲတရာ (၁၉၇၅)
၆။ သမထ မျက်လုံး (၁၉၇၅)
၇။ တတိယမျက်လုံးပိုင်ရှင်(ခရားဇက်) မြန်မာပြန် (၁၉၇၆)
၈။ သမထ အာရုံ (၁၉၇၆)

www.dhammaransi.com



ယက္ကန်းစင်တောင် ဆရာတော်

ဦးသြဘာသ

www.dhammaransi.com



ရာကျော်ဆရာတော်
ဦးသဒ္ဓမ္မကိတ္တိ

www.dhammaransi.com

# အခန်း (၁)

* လောကမှာ စန္ဒကူးပင်ဟာ ခြောက်သွေ့ သော်လည်း အနံ့ကိုမစွန့်။

* ကြံဟာ ယန္တရားစက်ရဲ့ အဝကိုရောက်သော်လည်း ချိုတဲ့ အရသာကို မစွန့်။

* ပညာရှိ သူတော်ကောင်းသည် ဆင်းရဲခြင်းရောက်သော် လည်း သူတော်ကောင်း တရားကို မစွန့်။

* ရုပ်ဝတ္ထုပစ္စည်းများပင် မူလရုပ် ပျက်စီးသော်လည်း နဂိုရှိရင်းစွဲ အင်အားကို မစွန့်တတ်။

ကိုအေးလွင်သည် သူ၏ စိတ်ဝယ်သန္ဓေ တည်ခဲ့သော ဝိဇ္ဇာ ပညာရပ်၊ ထိုပညာရပ်၏အတိမ်အနက်၊ အမှားအမှန်၊ ကိုယ်တိုင် ကျင့်၊ ကိုယ်တိုင် လေ့လာရလေသည်။ ထိုအကျင့် သည်ကား

www.dhammaransi.com



သွယ်မယောင်နှင့်ခက်သည်။ တိမ်မယောင်နှင့်နက်သည့် သဘော မျိုး ရှိတတ်သည်။

သူသည် ရောက်ရှိသည့်နေရာတိုင်း နားနှင့် မျက်စိ အစုံကို ဖွင့်ထားတတ်သည်။ တွေ့မြင်ရသော ပညာတိုင်းမယုံ၊ ပေးသင့် သည့်ပစ္စည်းတိုင်းမယူ၊ ကျွေးသည့် အစာတိုင်းကိုလည်း မစား၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာမကေယုတ္တိ၊ သုံးချက်နှင့် အကြောင်းအကျိုး ဆက်စပ်ကြည့်တတ်သည်။ မြင်တတ်သည်။ ဝေဖန်တတ်သည်။ လူသည် အသိဉာဏ် ရှိသည်။ ဘယ်အရာကို မဆို ဝေဖန်နိုင်သောဦးနှောက်ရှိသည်။ ကြံ့ခိုင်သော စိတ်ရှိရန် ပင် ဖြစ်သည်။ ဤကဲ့သို့ သူ၏စိတ်ကို အလေ့အထ ပြုလုပ် ပေးတတ်သည်။

သူသည် လူသားတွေအတွက် ကောင်းကျိုး ပြုမည့် တရား တော်ဒေပေါင်းကို လက်ခံသည်။ ကျင့်ကြံသည်။ အားထုတ် သည်။ သူသည် ဗုဒ္ဓဘာသာတဦး၊ သမထ-ဝိပဿနာသည် ဗုဒ္ဓ၏ အကျင့်တရားပင် ဖြစ်သည်။ သူနားလည်သဘောပေါက်သော အသိက သမထသည် ဗုဒ္ဓ၏အကျင့်တရားအစ၊ ဒါကို လေးလေး နက်နက်ယုံကြည်ထားပြန်သည်။ ထို့ကြောင့် 'သမထ' ယာနိက ကို ကျင့်ကြံသည်။

သူကျင့်နေသောတရားသည် ကောင်းသည်ဟု သူမပြော။ အခြားသူတွေ ကျင့်ကြံနေသည့်တရားတော်သည် မှားသည်ဟူ၍ မဝေဖန်၊ သူလည်း ကျင့်ကြံအားထုတ်ဆဲ ရှိနေသေးသည်။

သူသည် ဘာသာတရားကို ယုံကြည်သူပီပီ၊ ရတနာ သုံးပါး

www.dhammaransi.com



ကို ကိုးကွယ်ဆည်းကပ်ပါသည်။ သက်ဝင် ယုံကြည်ပါသည်။ ပြစ်မှားခြင်း၊ ပုတ်ခတ်ခြင်း၊ မယုံကြည်ခြင်းတို့ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် မပြစ်မှား၊ သွားလာသည့် နေရာတိုင်း ပင် ဗုဒ္ဓါနုဿတိ တရားကို ပွားများ ထတ်ပါသည်။

ဩကာသလောကတွင် နေထိုင်ကြသော လူသားတိုင်းသည် တဦးနှင့်တဦး လောကအမြင်ခြင်း မတူကြပေ။ တယောက်သူက ဩကာသလောကတွင်းရှိ ရေမြေတောတောင် ပင်လယ်သမုဒ္ဒရာ တို့သည် လူသားတွေအတွက် သာယာကြည်နူးမှု ဖန်တီးဖြစ်ပေါ် လာသည်၊ ကာမဂုဏ် အပေါင်းတို့သည်လည်း လူသားတို့ ပိုင် ဆိုင်သော အာရုံငါးပါးအတွက် ဖြစ်ပေါ်လာသည်ဟု ယူဆကြ သည်။ အာရုံငါးပါး ကွယ်ပျောက်သည်ရှိသော် ဩကာသ လောကသည် ခြောက်သွေ့ ပျင်းရိစရာအတိ ဖြစ်ချေမည်။ အာရုံငါးပါးကြောင့် လူတွေ အသက်ရှင်သန် နေကြသည်ဟု ပြောလေ့ ရှိကုန်၏။

အချို့သော ပုဂ္ဂိုလ်တွေက ဤသို့မဟုတ်ပေ။ အာရုံ ငါးပါး ကြောင့် အဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာကို တတ်မက်သောကြောင့် ဝိဇ္ဇာတည်းဟူသော အမှန်တရားကို မတွေ့နိုင်၊ အမှန်တရားကို မတွေ့တော့၊ သစ္စာတရားနှင့် လွဲနေတတ်ပြန်သည်။ သစ္စာတရား သည် ရုပ်၏ဖြစ်ခြင်း ပျက်ခြင်းတရားကို ရှုပွားရသည်။ သမုဒယ သစ္စာကြောင့် ဤခန္ဓာရုပ်ကြီးသည် အဖန်ဖန် အကြိမ်ကြိမ် သံသရာ လည်ရသည်။ ထို့ကြောင့် အဝိဇ္ဇာကိုဖြတ်ပြီး ဝိဇ္ဇာ တရားကို ပွားများကြလေသည်။

www.dhammaransi.com



ဤလောက၌ အမြင်ခြင်းမတူသည် ရှိသကဲ့သို့ အမြင်ခြင်း တူညီသော သူတွေရှိပြန်သေးသည်။ ကိုအေးလွင်နှင့်ကိုကိုအောင် တို့သည် အမြင်ခြင်း တူညီသည်။ ယုံကြည်ချက်၊ ခံယူချက် စသည်တို့ တူညီကြသည်။

သူတို့လိုက်စားနေသော သမထနယ်ပယ်၊ ဤအစွန်အဖျား ဖြစ်သော ဂန္ဓာရီပညာရပ် ဘောင်တွင်း၌ ခေါ်ဝေါ်ပညတ်သည့် စကားဖြင့်ပြောပါက 'ဓါတ်ခြင်း' တူလို့ပင် ဖြစ်ပါသည်။

★ ★

www.dhammaransi.com

# အခန်း (၂)

ပင်အိုပင်ပျိုတို့ဖြင့် ရောယှက်နေသော ခြံကြီးတခြံ။ စိမ်းရင့်ညိုမှောင်သော အရွက်စိပ်စိပ်တို့မှာ စေ့စေ့သိပ်လျက် အကျယ်အဝန်းက ငါးဧက၊ ခြံ၏အထွက်ပေါက်ဟု သတ်မှတ် ထားသော တဖက်တချက်တွင် ဆွေးမြေ့နေသောသစ်သားတိုင် နှစ်ခု၊ တိုင်တတိုင်၏ ထိပ်ဆုံးပိုင်း မကျတကျ၌ တပေခန့်ရှိ သွပ်ပြားကလေးတချပ်၊ သွပ်ပြားပေါ်တွင် အဖြူရောင် ခပ်မှိန်မှိန်ဖြင့် ရေးခြယ်ထားသော စာလုံး သုံးလုံး။

'မရမ်းခြံ'

ဤသို့ မရမ်းပင်များကို ဝိသေသပြုထားပြန်သည်။ ထိုခြံကြီးကိုပိုင်ဆိုင်သူကတော့ လူမျိုးခြား တဦး၊ ခုတော့ ထိုခြံထဲ၌ နေထိုင်သူတွေ စုပေါင်း၍ ပိုင်ရှင်အားတလလျှင် တဆယ်ကျမြေခွန်သဘောမျိုးဖြင့် ပေးကြသည်။ ထိုခြံထဲတွင်နေထိုင်ကြသူ

www.dhammaransi.com



များမှာ လူတန်းစား အလွှာလွှာ ရှိပါသည်။ သို့သော် အထက်တန်း လူ့ အလွှာများတော့ မဟုတ်ပေ။ စာရေးစာချီ များနှင့် လက်လုပ်လက်စားများ ဖြစ်ပါသည်။

အိမ်ကြီးအိမ်ကောင်းဟူ၍ ဆောက်ထားသည်ကိုမတွေ့ရချေ။ ဓနိမိုးကျူကာရံကာများပင် ဖြစ်ပါသည်။ စုစုပေါင်း အိမ်သုံးဆယ်။

လူလတ်ပိုင်းသို့ ရောက်ရှိနေသော လူရွယ်နှစ်ဦး၊ ထိုခြံရှေ့သို့ ရောက်လာလင့်၊ ခြေလှမ်းများ တုန့်ဆိုင်းဆိုင်း ဖြစ်သွားသည်။ ၎င်းနောက် တဦးမျက်နှာ တဦးကြည့်လိုက်ကြသည်။ ပြီးတော့ ပြုံးလိုက်ကြပြန်သည်။ ပဟေဠိဆန်သော အပြုံးကြောင့် တဦးနှင့်တဦး လျှို့တိုး ရှမ်းတမ်း ဖြစ်သွားပြန်သည်။ မျက်နှာတခုလုံးမှာ ချွေးသီးချွေးပေါက်များကြောင့် အဆိုပြန်နေသည်။ သူတို့နှစ်ဦးသည်နေပူပြင်းမှ ဖြတ်သန်းလာရသည်။ဤနေရာသို့ ရောက်ရှိရန်အတွက် ကားတတန်၊ ခြေလျင်တတန်၊ ကားလမ်းမနှင့် ဝေးကွာနေသည်။ ကားပေါ်တွင်လူလည်းကြပ်သည်။ လူကြပ်နေသည့်အတွက်ကြောင့် လေကောင်းကောင်းမရခဲ့။ တဦးနှင့်တဦး တိုးဝှေ့ကြပ်တည်းပြန်တော့ လူစော်နံသည်။ လူတို့၏ ကိုယ်ငွေ့သည် ပူသည်။ နေရောင်၏ အပူဒဏ်ကလည်း ပူသည်။ အပူနှစ်ရပ်ပေါင်းစပ်လိုက်သည်။ နှစ်ဦးစလုံး တိုက်ပုံအင်္ကျီများ ဝတ်ထားသဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းသို့ လေအားက မတိုးနိုင်။ သည်တော့ သူတို့နှစ်ဦးအတွင်းပိုင်းတွင် ချွေးများ စွတ်စို နေသည်။ ခုလို ရပ်လိုက်သည့်အခါ အပူငွေ့များ ပျယ်၍မသွား၊ ချွေးအဖြစ်သို့ ပြောင်းလဲ သွားပြန်သည်။

www.dhammaransi.com



"မင်းမျက်နှာမှာ ချွေးတွေ စို့နေတယ်၊ နှင်းပုလဲဥ ကလေးတွေ ကျနေတာဘဲ"ဟု ကိုအေးလွင်က ပြောလိုက်ပါသည်။

"မင်းရဲ့ မျက်နှာမှာလဲ စမ်းချောင်းကလေးတွေ ကျနေတာဘဲ၊ ချွေးကလေးတွေ လိမ့်လိမ့်ဆင်းနေတယ်"

ကိုကိုအောင်က ပြောလိုက်ပါသည်။ သူတို့နှစ်ဦးသည် အင်္ကျီအိတ်ထဲမှ လက်ကိုင်ပုဝါများကို ပြိုင်တူ ထုတ်ပြီး သုတ်လိုက်ကြပါသည်။

ကိုကိုအောင်သည် အပူဒဏ်ကို ခံနိုင်စွမ်းမရှိသဖြင့် ရင်ဘတ်မှ ကြယ်သီး ဖြုတ်လိုက်သည်။ လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပုဝါနှင့် ယပ်ခပ်လိုက်ပါသည်။ ကိုအေးလွင်လည်း ခြံဝတွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကို သေချာစွာကြည့်ပြီးနောက် ကိုကိုအောင်ဖက်သို့ လှည့်ကာ....

"သူငယ်ချင်း မောင်ပေါက်ကျိုင်း ရဲ့ထုံး နှလုံး မူခဲ့လို့ ခုတော့ တွေ့ပြီလေ ..."

"ဘာ....မောင်ပေါက်ကျိုင်းလဲ မင်းက ရှာရှာ ပေါက်ပေါက်ကွာ"

"သွားပါများ ခရီးရောက်....မေးပါများ စကားရတဲ့၊ ခုခရီးထွက်လာလို့ ဒီလိုရာ ခရီးရောက်ခဲ့ပြီလေ၊ မင်းရဲ့မမိတ်ဆွေပြောထားတဲ့ ခြံပေါ့၊ နောက်တချက်ကျန်သေးတယ်၊ သူပြောသွားတဲ့ အိမ်ကို မင်းသိသလား"

ဤသို့ မေးလိုက်သောအခါ ကိုကိုအောင်က ခေါင်း ရမ်းပြလိုက်ပါသည်။

www.dhammaransi.com



"ဒီလိုဆို နောက်တချက်က မေးပါများစကားရ ဆိုတဲ့ထုံး နှလုံးမူရအုံးမှာပေါ့...."

"ကဲ....သူငယ်ချင်း၊ အချိန်နှောင်းသွားအုံးမယ်၊ မေးစရာ ရှိတာကို ရှေ့ဆက်လုပ်" ဟု ကိုကိုအောင်က ပြောပါသည်။

နှစ်ဦးသား ခြံထဲသို့ စိုက်စိုက်မတ်မတ် ဝင်သွား ကြပါသည်။ သစ်ပင်သစ်ရိပ်အောက်သို့ ရောက်လာမှ ပူလောင်နေသော ခန္ဓာ ရုပ်သည် အေးငြိမ်းစ ပြုလာပါသည်။ မရောက်ဘူးသောနေရာ သို့ လာရောက်ကြသော တစိမ်းတရံစာတို့၏ မျက်လုံးအိမ်သည် ကျီးကန်းတောင်းမှောက်သကဲ့သို့ ရှိတတ်သည်။ တောင်မြောက် လေးပါးကို ဝေ့ရမ်းကြည့်ရှုနေသော သူတို့၏ မျက်လုံးများ ကြောင့် ခုန်ပေါက်ကစားနေကြသော လူငယ်ကလေးများပင် ကစားခြင်းကို ရပ်တန့်ပြီး ငေးစိုက် ကြည့်ရှုနေကြလေသည်။

အမှတ်မထင် အိမ်အောက်ရှိ ခွေးတကောင်ကထိုးဟောင် နေ ပြန်သေးသည်။ ခွေးဟောင်သံကြောင့် အချို့အိမ်မှ လူများက သူတို့ကို ငေးကြည့်နေကြသည်။ ကိုအေးလွင်၏ ဗီဇကိုနားလည် သော ကိုကိုအောင်က....

"ဒီလိုရှိတယ် သူငယ်ချင်း.... ရှောက်နေမဲ့အစား ဒို့သွားမဲ့ အိမ်ကို မေးမြန်း စုံစမ်းကြည့်ရင် မကောင်းဘူးလား"

ကိုအေးလွင်က လျှာသွက်အာသွက်နှင့် ဒိုးဒိုး ဒေါက်ဒေါက် ပြောတတ်သောကြောင့် ဤသို့ တိုက်တွန်းလိုက်ပါသည်။

"အေး....ကောင်းသားဘဲ" ဟု ကိုအေးလွင်က အဖြေ ပေး လိုက်ပါသည်။

အနီးကပ်ဆုံး အိမ်တအိမ်ကို မေးမြန်း လိုက်သောကြောင့်

www.dhammaransi.com



သူတို့သိလိုသော အိမ်ကိုသိခွင့်ရလိုက်ပါသည်။ လမ်းညွှန် ပြသူ၏ နေရာဆီသို့ လာခဲ့ကြသည်။ ၎င်းအိမ်ကို အဝေးမှ လှမ်းမြင်ရပါသည်။

မိန်းမနှစ်ဦးနှင့် ယောကျ်ားလေးယောက်က သူတို့ နှစ်ဦးအား ဖိတ်ခေါ်ထားသော သူတဦးလည်း အပါအဝင်၊ ကျန်သူများကိုတော့ သူတို့မသိ။ အိမ်ပေါက်ဝသို့ ရောက်လာလင့်-သိသူက....

"တော်သေးတာပေါ့ဗျာ.... ကျနော်က ခင်ဗျားတို့ မလာတော့ဘူး မှတ်နေတာ အလုပ်မစကျသေးဘူး အတော်ဘဲ"

"ကျနော်တို့လဲ အချိန်မီ အရောက်လာကြတာဘဲ၊ကားစောင့်နေရတာနဲ့ နဲနဲတောင် နောက်ကျ သွားတယ်"

ကိုအေးလွင်က ပြောလိုက်ပါသည်။

"ကဲ .. ထိုင်ကြပါအုံး"

မရှည်မနှောင်းပင် ဆေးလိပ်ခွက်နှင့် လဘက်ရည်ကြမ်း လင်ဗန်းလာချပေးပါသည်။ ကိုကိုအောင်သည် လာချပေးသော လဘက်ရည်ကြမ်းတခွက်တော့အမောပြေသောက်လိုက်ပါသည်။ ကိုအေးလွင်က ဆေးလိပ်တလိပ်မီးညှိဖွာလိုက်ပါသည်။ ကိုအေးလွင်သည် ဆေးလိပ်ဖွာနေရာမှ မျက်လုံးကစားလိုက်ပါသည်။ ဘုရားစင်ပေါ်တွင် အသစ်စက်စက် ငွေစက္ကူတဆယ်တန် သုံးရွက်ထိုးထားသော ကန်တော့ပွဲကို တွေ့မြင်လိုက်ပါသည်။ ဘုရားစင် ရှေ့တည့်တည့်တွင် အသားခပ်ညိုညို၊ မျက်ပေါက်ကျဉ်းကျဉ်းနှာခေါင်းပြားပြား၊ အရပ်မနိမ့်မမြင့်၊ အသက်(၃၀)ကျော်ပိုင်းရှိသော သူတဦးသည် အဖြူရောင်ချပ်အင်္ကျီပေါ်မှ ယောဂီ

www.dhammaransi.com



ရောင် တိုက်ပုံနှင့် အစိမ်းရောင်ပေါ်တွင် အဝါကန့်လန့်စင်း ချည်လုံချည်ကို ဝတ်ထားပါသည်။ ကျန်သူတွေက သူ့အား အလေး ဂရုပြုကြသည်။

ကိုအေးလွင်က တွေ့လိုက်သူ အပေါ်တွင် ဆရာတဦးဟု ကောက်နုတ်ချက်ချလိုက်ပါသည်။ သူတို့နှစ်ဦးလာရောက်ခြင်း၏ အကြောင်းကိုရှင်းပြရန် လိုလားပြန်သည်။ ထွေထွေ ထူးထူး အကြောင်းကိစ္စတော့မဟုတ်ပါ။ ပယောဂကုသခြင်းကို ဗဟုသုတ အနေဖြင့် ကြည့်ရှုရန်ပင် ဖြစ်ပါသည်။ သူတို့နှစ်ဦး တအောင့် တနား အချိန်ဖြုန်းပြီးသည့်အခါ....

"ကဲ....ကျုပ်တို့လုပ်ငန်းလေး စရအောင်၊ လူနာချင်ဖြစ်တဲ့ မိခင်က ဆရာ့ကို လူနာအပ်ဖို့ လိုတယ်နော်...."

"ဟုတ်ပါတယ် ဆရာရေ့....ဆရာရဲ့ပညာကို ယုံကြည်လို့ ခုလို အိမ်ကိုပင့်ပြီး ကုသရတာပါ...."

မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်၊ အသက်(၅၀)ကျော်ခန့် ရှိမိန်းမတဦးက နှုတ်ခွန်း ချွေလိုက်ပါသည်။

"ကျုပ်အကြောင်းလဲ ခင်ဗျားသိပြီးပြီဘဲ မြို့ပေါ်တင်မကဘူး၊ တောနယ်ကပါ လာလာပင့်နေကြလို့ သွားကုပေးနေရလို့ မအားမလပ်ဖြစ်ခဲ့ရသေးတယ်...."

ပြောပုံဆိုပုံနှင့် ဟန်အမူအရာမှာ အသံဩဇာရှိသည်။ ပြတ်သားသည်။ လေယူလေသိမ်းဖြင့် စကားပြောတတ်သည်။ ဤအချင်းအရာတွေနှင့် ပြည့်စုံသော်လည်း သူ၏အသားရောင်နှင့် လိုက်ဖက်ညီ ဖြစ်နေပြန်သည်။

www.dhammaransi.com



ခုမြင် ခုတွေ့တော့ ကိုအေးလွင်အနေဖြင့် ချက်ခြင်း လူ့ သဘောကို ဆုံးဖြတ်၍မရနိုင်။ ကြာကြာပေါင်းမှ ခါးသည်၊ ချိုသည်ကို ဆုံးဖြတ်နိုင်သည်။

လူမမာ၏ မိခင်ဖြစ်သူက ဆရာ့အား လှူနာအပ်လိုက်ပါ သည်။ အိမ်ပေါ်ရှိလူတိုင်း ဘုရားစင်ဖက်သို့လှည့်၍ ထိုင်နေကြ ပါသည်။ သူတို့သည် ဆရာ၏ လုပ်ဆောင်ချက်များကို စိတ်ဝင် စားလျက် ရှိနေကြသည်။ မလှုပ်မရှက် ကျောက်ရုပ်ပမာ ငုတ် တုတ်ပင် ရှိနေကြသည်။ ဆရာလုပ်သူသည် ထိုင်နေရာမှ ထလိုက် သော အခါမှ အရုပ်ပုပုဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ပွဲရှေ့တွင် ဖယောင်းတိုင် (၉)တိုင်၊ အမွှေးတိုင် (၉)တိုင် ထွန်းလိုက်ပါသည်။ အမွှေးတိုင်နံ့သည် တအိမ်လုံး သင်းပျံ့ လာသည်။ ဖယောင်းတိုင် မီးရောင်များကလည်း အစီအရီလင်း အားကောင်းနေသည်။ အမွှေးတိုင် အငွေ့များသည် ဝေ့ရမ်း ပျံ့လွင့်ပြီး လိမ့်ကာလိမ့်ကာ အထက်သို့ တက်နေသည်။

ဆရာလုပ်သူသည် ဘုရားဝတ်ပြုပြီးနောက် ကန်တော့ပွဲကို ချီမ၍ နှုတ်မှရွတ်ဆိုနေပြန်သည်။ သူပြုလုပ်နေကျ လုပ်ငန်းပြီးစီး ခဲ့သည်။ လူနာကို သူ့ရှေ့သို့ ခေါ်လာရန် အမိန့်ပေးလိုက်ပါ သည်။ ထို့ကြောင့် လူကြီးနှစ်ဦးသည် ထိုင်နေရာမှ အခန်းထဲ သို့ ဝင်သွားကြသည်။ ရောဂါဖိစီးထားသဖြင့် အသားရောင်မှာ ဖေါ့သွပ်သွပ် ဖြစ်နေသည်။ မျက်လုံးဟောက်ပက်နှင့် ဆံပင်တွေ မှာ ငှက်သိုက်ကဲ့သို့ ဖိုးရိုးဖါးယားကျနေသည်။ ခပ်နွမ်းနွမ်း အဖြူရောင်ရှပ်အင်္ကျီကို ဝတ်ထားသည်။ ခါးရိုးဆစ်ပေါ်တွင် လုံချည်ကို တယောက်သောသူက တင်းကြပ်စွာ ဝတ်ပေးထား

www.dhammaransi.com



ဟန်တူသည်။ လူမမာသည် ခြေလှမ်း ခပ်ကြဲကြဲလှမ်းခဲ့ပြီး အိမ်ရှေ့သို့ လိုက်ပါလာခဲ့လေသည်။

ခေါ်သူရှိလိုသာ အပြင်သို့ ထွက်ခဲ့သည်။ သူ့သဘော သူဆောင်သည့်အခါ တဦးတည်း အခန်းအောင်းနေသည်။ နှစ်သက်ဟန်တူလေသည်။ စိတ်ဝေဒနာရှင်များသည် လူသူများနှင့် ရောနှောနေခြင်းကို မနှစ်မြို့။ တဦးတည်း နေထိုင်ရသည်ကို အလွန် ကြိုက်နှစ်သက်လေသည်။

လူမမာ အပြင်သို့ ရောက်ရှိလာသည်။ သူ၏ မျက်နှာက ကိုအေးလွင်နှင့် ကိုကိုအောင်ကိုကြည့်ကာ ပြုံးဖြီးဖြီး လုပ်ပြနေသည်။ သိကျွမ်းနေသူကဲ့သို့ သူ့ပြုမူချက်က ဟန်အမူအရာကောင်းလှသည်။ ထို့ကြောင့် ကိုအေးလွင်တို့ကလည်း တုန့်ပြန်ပြုံးပြလိုက်ကြသည်။

"မောင်လှဝင်း...မင်းသူတို့ကို သိသလား...."

ဘေးမှတွဲ၍ ခေါ်လာသူက မေးလိုက်ပါသည်။ မောင်လှဝင်းက စကားပြောရန် ဟန်ပြင်လိုက်သော်လည်း နှုတ်မှ ဘာသံမှ ထွက်မလာ၊ ခေါင်းညိတ်ပြခြင်းမှလွဲ၍ အခြား ဘာတခွန်းမှ မပြော။

သူသည် တခြားတဖက်သို့ လှည့်လိုက်ပြန်ပါသည်။ ပြူးကျယ်သောမျက်လုံး ပိတ်လိုက်ပြီး သူမတွေ့လိုသောသူနှင့် တွေ့ရသည့်အလား ဆရာလုပ်သူအား လက်ညှိုးထိုးပြလိုက်ပါသည်။ ၎င်းနောက် ဤနေရာမှ ဖယ်ရှားသွားရန် ချုပ်ထားသောလက်များကို တွန်းဖယ်နေသည်။

www.dhammaransi.com



ဆရာလုပ်သူက....

"ဒီလိုလုပ်လို့ ဘယ်ရမလဲကွာ.... ငါ့ရှေ့ရောက်အောင်လာခဲ့" ဟု ပြောလိုက်ပါသည်။

ဆရာလုပ်သူ၏အသံက ပျော့ပြောင်း နူးညံ့ခြင်းမရှိ၊ ခပ်မာမာ စပ်စပ်နှင့် ဩဇာသံလွှမ်းနေသည်။

ဆရာလုပ်သူ၏ အသံကို ကြားသည်ရှိသော် သူသည် နောက်တလှမ်းဆုတ်လိုက်ပါသည်။ ဆရာလုပ်သူက ထပ်ဆင့်အမိန့် ပြုပြန်သည်။ ထိုအသံကို သူကြားလိုက်ခြင်းကြောင့် အမူအရာ တမျိုး ပြောင်းသွားသည်။ ဟောက်ပက်နေသော မျက်ဝန်းကြားရှိ အလွန်အားနည်းနေသော မျက်စိကြွက်သားများသည် အညိုရောင် အဆင်း ဆောင်နေသည်။ မဲနက်သော မျက်တွင်းမှန်သည် အရောင်ဖျော့နေသည်။ ဆရာလုပ်သူကို စူးစိုက်ကြည့်လိုက်ပါသည်။ မတုန်မလှုပ် မြူးမြူးကျယ်ကျယ်စိုက်ကြည့်ဟန်ကို ဆရာက သဘောမကျ။ ဤအကြည့်မျိုးကို ဆရာလုပ်သူအား ပညာစမ်းသည်ဟု ထင်မှတ်သည်။ ဆရာသည် ချက်ခြင်း အမူအရာ ပြောင်းသွားသည်။ တခုတည်းသော မကျေနပ်ချက်လည်း ပေါ်လွင်လာသည်။ ငါလိုဆရာကို အံတုလို့ မရဟူသော စိတ်သဘောမျိုးသည် မျက်နှာပေါ်၌ ပေါ်လွင်လာပါသည်။

"ငါလိုဆရာကို ဘာစမ်းလို့ရမလဲ"

ပြောဆိုပြီးနောက် လူမမာရှိရာသို့ လျှောက်သွားပြီး သူကြည့် ကိုယ်ကြည့်ဖြင့် နှစ်ဦးသား အကြည့်ချင်း ပြိုင်နေကြသည်။ ဤအခိုက်မှာ မင်းထက်ငါ မိုက်သည့် သဘောမျိုး ပေါ်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ နံဘေးတွင် ထိုင်နေကြ

သောသူတွေမှာ အလှန်အံ့သြသွားကြသည်။ ရှေ့လုပ်မည့် လုပ်ရပ်ကိုသာ အာရုံပြုနေကြသည်။ ဆရာသည် နောက်ဖက်သို့ ပြန်ဆုတ်လာပြီး သူ့ရှေ့တွင် ထိုင်ခိုင်းရန် တွဲခေါ်သူတွေအား ပြောပြန်သည်။ လူမမာသည် မြွေရှေ့ရောက်နေသော ဖါး သူငယ်ကဲ့သို့ မတုန်မလှုပ် ငြိမ်သက်စွာ ထိုင်နေသည်။

ဆရာလုပ်သူက အနည်းငယ် ပြုံးပြလိုက်ပါသည်။ သူ့အပြုံးက အဓိပ္ပာယ်ပါလှသည်။ အောင်နိုင်သူတို့ တံခွန် လွှင့်ထူသည့် ပမာပင်။

သားသတ်သမား ရှေ့သို့ ဝပ်စင်းနေရရှာသော သိုးသူငယ်ပမာ မောင်လှဝင်းသည် ငြိမ်သက်လျက် ရှိနေပါသည်။ ဆရာလုပ်သူက လူမမာအား ပူးစေ ကပ်စေဟု အမိန့် ပေးသည်။ သို့သော် လူမမာက တုတ်တုတ်မျှ မလှုပ်။ ပကတိ တည်ငြိမ်မြဲ တည်ငြိမ်လျက် ရှိနေပါသည်။

လူမမာ မောင်လှဝင်းသည် ကြာကြာ ထိုင်ရသောကြောင့် ညောင်းညာလာသည်။ ကိုယ်ကို အနည်းငယ် လှုပ်ရမ်း သွားသည်။ အခွင့်ကောင်းကို လက်မလွှတ်စေတက်သော ဆရာ လုပ်သူမှာ ချက်ခြင်းဆိုသလို စကားပြောင်းလိုက်သည်။

"ဝင်မဲ့လက်စနဲ့ ဆက်ဝင်လာခဲ့" ဟု အမိန့် ပေးလိုက်သည်။

လူမမာ၏ အမူအရာပြောင်းလဲမှု မရှိသည့်အခါ ဒေါသ ရောင်သန်းလာသော ဆရာ၏ မျက်နှာတခွင်သည် နီမြန်း လာသည်။ မျက်လုံးများသည် မီးရောင် ဝင်းလာသည်။ ဆရာက ထပ်မံအမိန့်ပေးလိုက်ပါသည်။ လူမမာထံ ပြုလုပ်သူ ပူးကပ်စေ ရန်ပင်ဖြစ်ပါသည်။ ခုတော့ လူမမာ၏ မျက်လုံးများက မှေးမှိန်

www.dhammaransi.com



လာသည်။ သူ၏အာရုံကြောများ ပြောင်းလဲသွားသည်။ မသိစိတ်ကို နှိုးဆွပေးသည့်အတွက် သူ၏ခန္ဓာရုပ်သည် အနည်းငယ် ယိမ်းယိုင်စ ပြုလာသည်။ ဆရာလုပ်သူကအဆက်မပြတ် အမိန့်ပေးနေပြန်သည်။ အမိန့်သံ အဆက်မပြတ် ပေါ်နေခြင်းကြောင့် အမိန့်ကို နာခံသူကဲ့သို့ ရှိနေပြန်ပါသည်။ အားအင် နည်းနေသော သူ၏ စိတ်သည် အလိုလို ကြောက်စိတ် ဝင်နေသဖြင့် တယောက်သော သူက အမိန့်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း ခံရပါက အမိန့်ပေးသည့်အတိုင်း အလိုလို ပြုလုပ် လာတတ်ပါသည်။ ဆရာ လုပ်သူ၏အမိန့်ကွယ်ပျောက် သွားသောအခါတွင် နဂိုနေမြဲအတိုင်း ရှိနေပါသည်။

ထို့ကြောင့် ဆရာလုပ်သူသည် နောက်ဆုံး လုပ်ဆောင်မည့် လုပ်ရပ်ကို ပြုလုပ်တော့မည့် သဘောမျိုး ရှိနေပါသည်။

"ခင်ဗျားတို့အိမ်မှာ ရေတတ်သီးအခြောက် လေးငါးတောင့် ရနိုင်မယ်မဟုတ်လား"ဟု မေးလိုက်ပါသည်။ အိမ်သားထဲမှ တယောက်သောသူက ဆရာဘာလုပ်မည်ကို မသိသောကြောင့်...

"ရှိပါတယ်ဆရာ...."

"အဲဒီ ရေတတ်သီးတောင့်ကို ထောင်းပြီး ဒီကို ယူလာခဲ့ပါ၊ ရေလဲ နဲနဲခပ်ခဲ့အုံး...."

"ဟုတ်ကဲ့...."

တယောက်သောသူ ယူခဲ့သော ရေတတ်သီးနှင့်ရေကို ရောစပ်လိုက်ပြီး လူမမာအား ဖမ်းချုပ်ရန် ထပ်ဆင့် အမိန့်ပေးလိုက်ပြန်သည်။

www.dhammaransi.com



"ဆရာ....ဘာလုပ်မလို့လဲ" ဟု ကိုအေးလွင်က မေးလိုက်ပြန်သေးသည်။

"ရေတ်ရေခပ်မလို့၊ အဲဒီလိုမျက်လုံးထဲ ထဲ့ရင် တခါထဲ ပျောက လုပ်သူပြေးတာဘဲ"ဟု ပြောပါသည်။

ဆရာလုပ်သူ၏ ပြောစကားအတိုင်း ပြုလုပ်ရမည့် အလုပ်ကို သက်ညှာမှုမရှိဘဲ လုပ်နေပါသည်။

မောင်လှဝင်း တကိုယ်လုံးကို ချုပ်နှောင် ထားကြပါသည်။ သင်ဖြူးဖျာပေါ်တွင် ပက်လက်လှန်၍ ရုန်းကန် နေရှာသော မောင်လှဝင်းမှာ မောပန်းလာသည်။ တွန်းလှန် ရုန်းကန်နိုင်ရန် သူ့၌ အင်အားမရှိတော့။ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေပါသည်။ ဆရာလုပ်သူက မထောက်မညှာ၊ သနား ကြင်နာမှု ကင်းမဲ့စွာဖြင့် မျက်လုံးထဲသို့ ရေတ်ချည် ခပ်လိုက်ပါသည်။

"အား၊အိ၊အူး" ဟု ငယ်သံပါအောင် အော်လိုက်ပါသည်။

လူမမာ၏မိခင်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး....

"ဆရာရယ်....ကြည့်လုပ်ပါအုံး....တော်ကြာ ဒုက္ခ ရောက်နေပါအုံးမယ်...."

"ဒီလို ခေါင်းမာတဲ့ လူကို ဒီလိုလုပ်ရတယ်၊ တော်တော်ကြာ ကြည့်ပေါ့....ပူးကပ်နေတဲ့ အကောင်မှန်သရွေ့ တချီထဲနဲ့ ပြေးမှာဗျာ့"ဟု ပြောလိုက်ပါသည်။

လူမမာသည် တအူးအူးတဝါးဝါး အော်နေရင်းပင် တုပ် နှောင်ထားသူတွေ လွှတ်လိုက်သည့်အခါ မျက်လုံးကို အတင်း ပိတ်ထားပြီး အားအင်ကုန်ခမ်းသွားသောကြောင့် မလှုပ်မယှက် အိပ်သွားပါတော့သည်။

www.dhammaransi.com



ဆရာလုပ်သူက နောက်ဆုံးစကားပြောပါသည်။

"ကိစ္စမရှိဘူး၊ လာကပ်နေတဲ့မိစ္ဆာတွေပြေးကုန်ပြီ၊ စိတ်သာချနေ...." ဟုပြောပြီးနောက် ကန်တော့ပွဲမှရှိသော ငွေသုံးဆယ်ကို နှုတ်ယူ၍အိမ်ပေါ်မှ ဆင်းသွားပါသည်။

ကိုအေးလွင်နှင့် ကိုကိုအောင်တို့မှာ လူမမာကို ကြည့်ပြီး သက်ပြင်းကလေးပြိုင်တူချလိုက်ပါသည်။ သူတို့ရင်ဝယ် ဆို့နစ်လျက် ရှိသောဝမ်းနည်းခြင်း၊ ကြင်နာခြင်းစသည့် ဂရုဏာသက်မှုတို့မှာ ဆွေပြွမ်းနေသည်။ ၎င်းနောက် လူမမာကို ကြာရှည်စွာ မကြည့်လိုကြသဖြင့် ဆရာလုပ်သူ ဆင်းသွားပြီး မရှည်မနှောင်း အိမ်ပေါ်မှဆင်းခဲ့ကြပါသည်။

ပယောဂကုသခြင်းကို ဦးစွာပထမ နပုံးတွေ့ ဒုံးတွေ့ မြင်တွေ့ လိုက်ရလေသည်။

ပြောကြမည့်စကားသည် ခုမှအစတည်ခြင်းမျိုး မဟုတ်ပေ။ တနေ့မဟုတ် တနေ့ တွေ့ကြ ဆုံကြဖို့လမ်းရှိပြန်သည်။

ကိုအေးလွင်တို့ရုံးက စောစောတက် စောစောဆင်းသည်။ နံနက်(၇)နာရီမှညနေ(၃)နာရီ။ အခြားရုံးများနှင့်မတူ။ ထို့ကြောင့် သူသည် ကိုကိုအောင်တို့ရုံးဖက်သို့ခြေဦးလှည့်ခဲ့ပါသည်။ သူရောက်လာသော အချိန်က နောက်ကျ သွားလေပြီ။ ရုံးသူ ရုံးသားအားလုံးပင် ရုံးဆင်း သွားကြလေသည်။ ရုံးတံခါးတွေ ပိတ်ထားသည်။ သူသည် စိတ်ပျက်ပျက်ဖြင့် တယောက်တည်း ခေါင်းငိုက်စိုက်ဖြစ်ခါ သွားမည့် လမ်းကိုသာ ဦးတည်ခဲ့ လေသည်။

www.dhammaransi.com



လျှောက်မြဲ လျှောက်နေသော သူ့ခြေထောက် တွေမှာ တယောက်သောသူတဦး၏ အော်ခေါ်လိုက်သောအသံကြောင့် တုန့်ဆိုင်းဆိုင်းဖြစ်သွားပါသည်။ သူသည် အသံလာရာဖက်သို့ ခေါင်းငဲ့စောင်းလိုက်ခြင်းဖြင့် ခေါ်သူသည် မည်သူမည်ဝါ ဖြစ်ကြောင်းသိလိုက်ပါသည်။

"ဟေ့ ကိုကိုအောင် မင်းဆီ လာတာကွ" ဟု ဝမ်းသာသည့် အသံဖြင့်ပြောလိုက်ပါသည်။

ကိုအေးလွင်သည် ကိုကိုအောင်တို့ ရှိရာ လဘက်ရည်ဆိုင်သို့ လျှောက်သွားပါသည်။ ထို့နောက် လွတ်နေသော ကုလားထိုင် တလုံးတွင်ဝင်ထိုင်လိုက်ပါသည်။ သူ၏နံဘေးတွင် ထိုင်နေသော သူအား စူးစူးစိုက်စိုက်ကြည့်လိုက်ပါသည်။ ကိုအေးလွင် ကြည့်နေခြင်းကိုသတိပြုမိသော ကိုကိုအောင်က....

"မင်းမမှတ်မိဘူးလား၊ ပယောဂဆရာလေ၊ ငရုတ်ရေခပ်ခံရတဲ့ မောင်လှဝင်းရဲ့ဦးလေးပေါ့"

"အေး....ငါလဲဘယ်မှာမြင်ဘူးလဲလို့ကြည့်နေတာ" ဟုကိုအေးလွင်ကပြောလိုက်ပါသည်။

ကိုကိုအောင်သည် သူ့အိတ်ထဲ၌ရှိသော စီးကရက်ဗူးကို ထုတ်ယူလိုက်ပြီး ကိုအေးလွင်ကိုပေးလိုက်ပါသည်။ ကိုအေးလွင်သည် ဆေးလိပ်တလိပ်ကိုမီးညှိ၍ဖွာလိုက်ပါသည်။ ငွေခြည်ရောင် သန်းလျက် ပျံ့လွင့်နေသော ဆေးလိပ်ငွေ့များကို ကြည့်နေရင်းမှ....

"အော်" ဟူ၍အာမေဋိတ်သံသည် ဝန်းကျင်သို့ ပျံ့လွင့်သွားသဖြင့်နံဘေးရှိသူ အားလုံးပင် အထိတ်တလန့်ဖြစ်သွားပါသည်။ ဤအခြေအနေကို သတိပြုလိုက်ပြီးနောက်....

www.dhammaransi.com



"ဒီလိုပါကွ....ခုမှ ငါ့ဦးကျောက်မှာ အတိတ်က အကြောင်းလေးပြန်ပြောင်းသတိရလာလို့ပါ၊ဒို့တလောက ပယောဂ ဖြစ်တဲ့ မောင်လှဝင်းတယောက် ဘယ်လိုအခြေအနေ ရှိသေးသလဲ" ဟု ကိုအေးလွင်က မေးလိုက်ပါသည်။

"အခြေအနေကတော့ ကောင်းသွားပါပြီ"

"ပယောဂဆရာနဲ့ဘဲ ဆက်ကုလို့လား"

ကိုအေးလွင်၏မေးခွန်းကို မနှစ်မြို့သည့် အမူအရာမျိုးဖြင့်....

"ဘယ်....ဒီပယောဂဆရာလဲ ဒီလူနဲ့သာ ကြာကြာကုရင်တော့ လူသတ်ပွဲဖြစ်မှာ သေချာတယ်"

၎င်းအကြောင်းကိုပြန်ပြောင်းသတိရလိုက်သဖြင့်မောင်လှဝင်း၏ ဦးလေးသည် ဒေါသရောင်သန်းသွားသောကြောင့် မျက်နှာ တပြင်လုံး နီမြန်းသွားစေခဲ့ပါသည်။

"ခင်ဗျားတို့ကဘဲ ဒီပယောဂဆရာကို လိုလိုလားလားနဲ့ အိမ်ပေါ် ခေါ်တင် ကုကြတယ် မဟုတ်လား"

"ကျုပ်အနေနဲ့တော့ သဘောမတူဘူးဗျာ၊ သူ့အမေက သူ့သားရဲ့ရောဂါဟာ ပယောဂပူး ခံရပါတယ်ဆိုလို့ ကျုပ်က ဝင်မတားခဲ့တာ၊ ခင်ဗျားတို့ပြန်သွားပြီးတဲ့ ညမှာဘဲ မျက်လုံးတွေ ယောင်ရမ်းလာလို့ ဆရာဝန်နဲ့ ချက်ခြင်းဆေးထိုးတော့မှ ပျောက်သွားတယ်"

"ဒီလိုဆို ရိုးရိုးရောဂါဘဲပေါ့"

"စိတ်ဇရောဂါပါ"

"ရောဂါဇစ်မြစ်ကိုသိထားရင် စောစောက ဆရာဝန်နဲ့ကုရင်

www.dhammaransi.com



ပြီးရောပေါ့ဗျာ၊ ဒါနဲ့ စိတ္တဇ ဖြစ်တယ်ဆိုတာ ခံစားချက်တော့ ရှိမှာပေါ့"

"ဟုတ်ပါတယ် မောင်လှဝင်းဟာ မိန်းကလေးတဦးနဲ့ အိမ်ထောင် ပြုပြီးမှ လူကြီးချင်း သဘောမတူလို့ ကွဲသွားကြတယ်၊ အဲဒီအချိန်ကစပြီး မိန်းကလေးကို မမြင်ရ မနေနိုင်တဲ့ စွဲလမ်းတဲ့ စိတ္တဇဖြစ်လာတယ်၊ တယောက်ထဲမိန်းကလေးရဲ့နံမည်ခေါ်ခေါ် နေတယ်၊

တနေ့တခြားဆိုသလို စားမဝင် အိပ်မပျော်ဖြစ်ရာက ညဖက်ဆို လန့်လန့်ပြီး အော်တော့တာဘဲ၊ သူ့နားထဲမှာ လူတွေလာ ခေါ်နေသံကြားရလို့ ခုချက်ခြင်း လိုက်သွားမယ်၊ ဒီ အိမ် မှာ မနေတော့ဘူး၊ အိမ်ထဲကနေ အပြင် ပြေးပြေးထွက်တဲ့ အပြု အမူတွေ ဖြစ်လာတယ်၊

သူ့ရဲ့အဖြစ်ကိုကြည့်ပြီး တချို့က လူပြုစားထားတယ်လို့ ဆို ကြတာပေါ့ဗျာ....သူ့အမေကလဲ ဒီလိုဘဲ ထင်နေပြီး ပယောဂ ဆရာနဲ့ ခေါ်ကုတာဘဲ"

"ဒါပေါ့ဗျာ... အမှန်တကယ် ပယောဂ ဖြင်လာ ရင်တော့ ပယောဂဆရာဘဲ နိုင်တာများပါတယ်၊ စိတ်ရောဂါ ဆရာတွေ မနိုင်ဘူး၊ စိတ္တဇရောဂါ ဖြစ်လာရင် စိတ်ရောဂါ ဆရာဝန်တွေ ကုသနိုင်တယ်၊ ဒါ့ကြောင့် ပယောဂဟာ လက်ခုပ်တီးခြင်းနဲ့ တူတယ်၊ လက်ခုတ်တီးတာဟာ တဖက်သတ် တီးလို့ မရဘူး၊ နှစ်ဖက်တီးမှ အသံမြည်တယ်၊ အဲဒီလိုဘဲပြုလုပ်သူရှိရမယ်၊ အလုပ် ခံရသူရှိရမယ်၊ ပယောဂရဲ့ ဝေါဟာရကို ကြည့်ရင် အနှောင့်

www.dhammaransi.com



အယုံ့ကပ်လို့ အခိပ္ပာယ်ရတယ်” ဟု ကိုအေးလွင်က ပြောလိုက်ပါသည်။

“ဒီလိုဆို ပယောဂကို စနစ်တကျ ကုသတဲ့ ဆရာတွေ ရှိအုံးမှာပေါ့”

ကိုကိုအောင်က သိလိုဇောဖြင့် မေးလိုက်ပါသည်။

“ရှိပါတယ်”

“ဒီလိုဆို ကျနော်တို့ ထပ်လေ့လာဖို့ လိုသေးတာပေါ့ဗျာ” ဟု ကိုအေးလွင်က ပြောလိုက်ပါသည်။

သူတို့ သုံးဦးသည် တဦးနှင့်တဦး သိလိုသောဆန္ဒ ကိုယ်စီရှိကြသော်လည်း အမှန်မူ ပယောဂနှင့် ကုသမှု နည်းလမ်းကို တဦးမှ သေသေချာချာ မသိကြပေ။

မှောင်စပျိုးလာသဖြင့် နေရာမှထွက်ခွာ၍ ခရီးဆက်ရန် သူတို့သုံးဦးသား ထသွားကြသည်။

★ ★

www.dhammaransi.com

# အခန်း (၄)

ထွက်မည့်သူများနှင့်ဝင်လာသူတို့ ဆုံကြသည့် ခြံဝင်းတံခါးဝ။

"ဆရာကြီး ဦးသောင်းထိုက်ခြံလား"ဟု ဝင်မည့်သူက မေးလာပါသည်။

"ဟုတ်ပါတယ်" ဟု ထွက်မည့်သူက အဖြေ ပေးလိုက်ပါသည်။

ခြံဝင်းထဲသို့ ဝင်ရန် အားပြုသူတဦးက ထွက်သွားသော အုပ်စုထဲမှ မိန်းကလေးတဦးကို မှတ်မှတ်ရရ ကြည့်လိုက် ပါသည်။ စူးစူးစိုက်စိုက် အကြည့်ခံရသော မိန်းကလေးက လျှာထုတ်ပြသည်။ မျက်စိမှိတ်ပြသည်။ နောက်ပြီး ရှိသေးသည်။ သူမအနားသို့လာရန် လက်ယပ်ခေါ်သည်။ သူမနံဘေးရှိ မိန်းမဖော်တဦးက....

www.dhammaransi.com



"မောင်လေးရယ်....စိတ်မရှိပါနဲ့ကွယ်၊ သူက ဥစ္စာစောင့် အဆက်၊ စိတ်နောက်နေတယ်....မင်းအပေါ် မေတ္တာ ရှိလို့တော့ မဟုတ်ဘူး၊ လူတိုင်းကို ဒီလိုလုပ်ပြလေ့ရှိတယ်"ဟု ပြောလိုက်ပါ သည်။

"ဟုတ်ကဲ့....ကျနော် ရိုးရိုးကြည့်တာပါ၊ စိတ်ထဲက ဘာမှ မပြစ်မှားပါဘူး"ဟု ကိုအေးလွင်က ပြောလိုက်ပါသည်။

ကိုကိုအောင်က ကိုအေးလွင် စကားကြော ရှည်နေမည်ကို တွေးမိသဖြင့်....

"ဟော့....အေးလွင် သွားကြရအောင်"ဟု သတိ ပေးလိုက် တော့မှ နှစ်ဦးသား ခြံထဲရှိ ပျဉ်ထောင်နှစ်ထပ်အိမ်သို့ လျှောက် လာကြပါသည်။

အိမ်နားသို့ ချဉ်းကပ်မည်အပြု လူကဦးသည် လှေကားထစ်မှ ကဆုန်ပေါက် ပြေးဆင်းလာပါသည်။ သူ့နောက်မှလည်း လူ ရွယ်နှစ်ဦးက ထပ်ချပ်မကွာ ပြေးဆင်း လာပြန်သည်။ ရှေ့မှ ပြေးသူသည် မြေပေါ်သို့ ခြေချမည်အပြု၊ နောက်လူ နှစ်ဦးက တယောက်သောသူ၏ ခါးဆစ်မှ ပုဆိုးစကို ဆွဲလိုက်သည်။ ကျန် တဦးက လက်တဖက်ကို ဖမ်းလိုက်သည်။ အရှိန်နှင့် ပြေးသူသည် တုန့်ဆိုင်းဆိုင်း ဖြစ်သွားပြီး နောက်သို့ ခပ်ယိုင်ယိုင် အရှိန် သတ် လိုက်ပါသည်။

"ငါ့ကို လွှတ်ကွာ....လွှတ်ကွာ"ဟု ကျယ်လောင်စွာ အော် ပြောလိုက်ပါသည်။

သို့သော် ချုပ်ထားသူနှစ်ဦးက ချုပ်မြဲ ချုပ်ထားသည်။ အချုပ်ခံရသူက ပြန်လည်ခုခံလိုက်သောကြောင့် ချုပ်ထားသည့်

www.dhammaransi.com



သူတဦးမှာ မြေပေါ်သို့ ခွေခွေကလေး ကျသွား လေသည်။ ကျန်တဦးကိုလည်း ဝေ့ရမ်း ထိုးကျိတ်လိုက်ပြန်သည်။

ကိုကိုအောင်နှင့် ကိုအေးလွင်တို့မှာ အချင်းဖြစ်ပွားသည်ကို ငေးစိုက်ကြည့်နေကြပါသည်။ ဖြစ်ရပ်ကလည်း မြန်ဆန် လွန်းလှသည်။ လျှပ်တပြက် ဖြစ်လိုက်သည့်အတွက် သူတို့ဖက်သို့ ပြေးလာသူကိုပင် အလေးဂရုမပြုမိ။

ကိုကိုအောင်၏ မေးရိုးဆီသို့ လက်သီးတလုံး ခပ်ပြင်းပြင်း ထိုးလိုက်ခြင်းကို ခံရတော့မှ ကိုအေးလွင်သည် ထိုးသူ၏ဂုတ်ဆီသို့ သူ၏လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ပါသည်။ လက်ဝါးစောင်း၏ ဒဏ်ကို ခံလိုက်ရသူသည် ရှေ့သို့ ငိုက်စိုက်ငိုက်စိုက်ဖြင့် မြေပေါ်သို့ ကျသွားပါသည်။

ကိုကိုအောင်သည် ရုတ်တရက် အထိုးခံလိုက်ရသောကြောင့် သူ၏တကိုယ်လုံးမှာ ပူထူသွားပါသည်။ မျက်လုံးထဲတွင် လျှပ်ပန်းလျှပ်နွယ်ရောင်များ ဝင်းလက်သွားပါတော့သည်။ သူသည် အထိုးခံရသော မေးရိုးကိုလက်ဖြင့် ပွတ်သပ် နေပါသည်။

လက်ဝါးစောင်း မိသွားသောသူသည် မြေပေါ်မှပြန်ထလာပါသည်။ ၎င်းနောက် သူတို့နှစ်ဦးရှိရာသို့ ပြန်လည် လျှောက်လာသေးသည်။ ကိုအေးလွင် ရန်သူအား ခုခံရန် အဆင်သင့် စုံဖွင့်ထားသည်။ ခြေထောက်ကို ခပ်ကွေးကွေး ညွတ်ထားပြီး လက်နှစ်ဖက်ကို အရှေ့ဖက်သို့ ထုတ်ထားပါသေးသည်။

သူတို့နှစ်ဦးရှေ့သို့ ရောက်လာသူသည် ရန်ဖက်ကလူ မပြုတော့ဘဲ သူ၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်များ ကျလာပြီး....

www.dhammaransi.com



"ကျနော်ကြောက်ပါပြီ၊ နောက်မလုပ်တော့ပါဘူး ရှိခိုးပါ ရဲ့"ဟု ထိုင် ရှိခိုးနေသည်ကို တွေ့လိုက်ရသော အခါတွင် သူတို့ နှစ်ဦးသည် ကြက်သေသေနေကြသည်။

နောက်မှ လူတဦး၏ပြောလိုက်သောအသံကြောင့်....

"ဒီကောင်ရူးနေပါတယ် စိတ်မရှိကြပါနဲ့ ကျနော် တောင်း ပန်ပါတယ်"ဟု ပြောလာပါသည်။

"အင်း....တော်သေးတာပေါ့ လက်သီးနဲ့ ထိုးလို့ပေါ့ ဓါးနဲ့ သာ ခုတ်ရင် ဆေးရုံရောက်နေပြီ"ဟု ကိုအေးလွင်က ပြောလိုက် ပါသည်။

သူတို့နှစ်ဦးသည် ထိုနေရာတွင် ကြာရှည်စွာမနေကြတော့ဘဲ ရှေ့ခရီးဆက်ကြပါသည်။ အိမ်ပေါ်သို့ ရောက်လာကြပါသည်။ ဧည့်ခန်းတွင် လူအနည်းငယ် ရှိပါသည်။ သိပ်တော့ မများ။ ယောကျ်ားနှင့်မိန်းမ၊ ယောကျ်ားကနည်းပြီး မိန်းကလေး တွေ က များနေသည်။

ဆရာ့အိမ်ဆိုတော့အုန်းပွဲ၊ ငှက်ပျောပွဲတွေရှိပါသည်။အသား ဖြူဖြူ ဝဝ ဖိုင့်ဖိုင့် အသက် အရွယ် ခပ်ကြီးကြီး လူတဦးက ထိုင်ပြီး သင်ဖြူးဖျာတချပ်ပေါ်တွင် အိပ်နေသော မိန်းကလေး တဦး၏ ခေါင်းရင်းမှနေ အမိန့် ပေးနေသည်။

ဧည့်ခန်းရှိသူအားလုံးပင် ခြေရင်းပိုင်း၌ထိုင်လျက်ရှိနေကြပါ သည်။ကိုအေးလွင်တို့လည်း ထိုင်လျက်ရှိသော သူများနှင့် ရော နှော ဝင်ထိုင်လိုက်ပါသည်။ ကိုအေးလွင်သည် ဆရာ လုပ်သူ၏ လုပ်ကိုင်ဆောင်ရွက်နေပုံကို သေချာစွာကြည့်ရှုနေပါသည်။

3

www.dhammaransi.com



ဆရာအမိန့်ပေးနေပုံကို ကြည့်ရခြင်းအားဖြင့် စိတ်ညို့ပညာကို တတ်မြောက်ထားကြောင်း ထင်ရှား နေပါသည်။ သူ့ရှေ့၌ အိပ်လျက်ရှိသောမိန်းကလေးအား....

"ငါပေးတဲ့အမိန့်အတိုင်း လိုက်နာရမယ်၊ ခု မျက်လုံးနှစ်ဖက်လုံး ပိတ်လိုက်....ပိတ်လိုက်" ဟု ရေရွတ် အမိန့် ပေးလိုက် ပါသည်။

ဤပြုလုပ်ချက်ကို အကဲခပ်ရသည့် အခါ (Hyphnosis) ဟစ်(ပ)နိုးတီးစစ်ခေါ် စိတ်ကိုအိပ်မွေ့ချလိုက်ခြင်းဖြစ်ပါသည်။ ၎င်းနောက် ဆရာလုပ်သူက တဖန် မိန်းကလေး၏မျက်နှာကို သပ်လိုက်ပြန်သည်။ ဤသို့ ပြုလုပ်ပြီးနောက် ဆရာသည် ထိုင်နေရာမှ ထလိုက်ပြန်သည်။ မိန်းကလေး တကယ် အိပ်သွားသလား မအိပ်ဘူး ဆိုတာကို အကဲခပ်ကြည့်ပြီး၊ နံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ လှူပံ့ကို သူ့လက်တွင်းမှာ ရှိတဲ့ ဒုတ်တခုနဲ့ ခေါင်းမှ ခြေအထိ လိုက်ထောက်ပြီး မေးခွန်းထုတ်လိုက်ပါသည်။

"ဒီနေရာမှာရောဂါရှိသလား" ဟု ပြောပြီး ခန္ဓာရုပ်၏ ဗိုက်နေရာကိုထောက်မိလိုက်သောအခါ အိပ်နေသော မိန်းကလေး၏ ကိုယ်သည် လှုပ်ရမ်းသွားသည်ကို တွေ့လိုက်ပါသည်။

ဤကဲ့သို့လှုပ်ရမ်းပြလိုက်သည်ကိုတွေ့လိုက်ရခြင်းကြောင့်ဆရာလုပ်သူက ကောက်နုတ်ချက်ချလိုက်မိသည်။ ထိုနေရာတွင် ရောဂါရှိကြောင်း ခိုင်လုံပြီဟု သတ်မှတ်လိုက်သည်။

ဆရာလုပ်သူက တဖန် မေးပြန်ပါသည်။

"ဒီရောဂါပြုလုပ်သူဟာ စုန်းလား၊နတ်လား၊သရဲလား"

www.dhammaransi.com



စသည့် နိမိတ်ပြစကားမျိုးကို တလုံးခြင်း မေးနေပါသည်။ သူ၏စကားဆုံးသည်နှင့်....

"စုန်း"ဟု ပြောလိုက်သည့် အခါန်တွင် မိန်းကလေးသည် တုန်လှုပ်သွားပါက စုန်းပူးစားထားသည်ဟု သတ်မှတ်ပြန်သည်။

သည်တော့ ဆရာ လုပ်သူက....

"ပူးလုပ်သူဟာ မိမိပညာကိုပြန်နှုတ်ယူသွား၊ ငါပေးထားတဲ့ အချိန်အတွင်း ပြီးအောင်လုပ်" ဟု ပြောလိုက်ပြန်ရာ အိပ်နေသော မိန်းကလေးသည် လက်နှစ်ဖက်မြောက်တက်လာပြီးရောဂါရှိသောနေရာကို သပ်ချနေပါသည်။

ပေးထားသောအချိန်ရောက်သောအခါတွင် 'ရပ်'ဟု ဆရာ အမိန့်ပေးလိုက်ရာ၊ လှုပ်ရမ်းနေသော လက်ကလေး နှစ်ဖက်က ရပ်တန့်သွားပါသည်။

"ကဲ....ပြန်လည်သတိရစေ"ဟု အမိန့်ပေးလိုက်ပါသည်။

အိပ်နေသော မိန်းကလေးသည် မျက်လုံးနှစ်လုံး ပွင့်လာပြီး ပတ်ဝန်းကျင်သို့ ငေးကြောင်ကြောင်ကြည့်နေတတ်ပါသည်။

ဤသို့ ပယောဂ ကုသခြင်းကိုတွေ့လိုက်ရသဖြင့် ကိုကိုအောင်သည် စာရေးဆရာဒေါက်တာအုန်းမောင်ရေးသော အိပ်မွေ့ချ ပညာ စာအုပ်ကို ပြေး၍သတိရမိသည်။

လူတယောက်ကိုစိတ်နှိုးပြီး၊ အကြံပေးပြီး အိပ်ပျော် သွားအောင် ပြုလုပ်တဲ့ ပညာတခု ဖြစ်သည်။ အကြံပေး လွယ်သည့် လွယ်ကူစွာ သဘောတူတတ်သည့် စိတ်ထား ပျော့ပြောင်းသူ၊

www.dhammaransi.com



နူးညံ့သူ၊ကြောက်တတ်သူများကို အကြံ ပေးခြင်း၊ စိတ်ညှို့ခြင်းများနှင့်အိပ်ပျော်သွားအောင် ပြုလုပ်၍ရသည်။

အိပ်ပျော်အောင် လုပ်ရာတွင်လည်း အဆင့်ဆင့်ရှိပါသည်။ နည်းနည်းလေး အိပ်အောင် (Superficial Hyphnosis) နှစ်နှစ်ခြိုက်ခြိုက်အိပ်အောင်(Deep Hyphnosis) ဖြစ်သည်။ နည်းနည်းလေးအိပ်အောင်ပြုလုပ်လိုက်သောအခါ လူ၏မသိစိတ် (အတွင်းစိတ်) ပေါ်လာသည်။ ထိုမသိစိတ်က အကြံပေးလွယ်သည်။ သူ့ခမြာ နေ့စဉ်နှင့် အမျှ မြင်သမျှ ကြားသမျှ သင်သမျှတွေကိုလက်ခံထားလေသည်။ အိပ်မွေ့ချလိုက်သောအခါ အသိစိတ် ပျောက်ကွယ် သွားပြီး မသိစိတ်က လှုပ်ရှား လာလေသည်။

စောစောက ဖျာပေါ်တွင် အိပ်နေသော မိန်းကလေးသည် ကိုအေးလွင်တို့ညွှေ့စုထဲသို့ဝင်၍ထိုင်လာသည်။ ဆရာလုပ်သူလည်း အနည်းငယ်မောပန်းသွားဟန် တူပေသည်။ မည်သူ့ကိုမျှ စကားမပြော။ တဦးတည်းသာ ဆေးလိပ် ထိုင်ဖွာလျက် အပေါင်းအသင်းများနှင့် ရောထိုင်နေသော မိန်းကလေး၏မျက်လုံးများက ဝင့်နေသည်။ သူမ၏အတွင်းစိတ် လှုပ်ရှားမှုကြောင့် ဝန်းကျင်ရှိမိန်းမရွယ်တဦးအားပြုံးပြလိုက်သည်။ တုန့်ပြန်၍ ပြုံးသော မိန်းမ၏အပြုံးသည် လွင့်စင် ကွယ်ပျောက်သွားသည်နှင့် တပြိုင်နက်၌သို့ မေးသည်။

"ညီး ဘယ်လိုနေသေးသလဲ၊ အောင့်သေးသလား"

"အရင်လိုတော့ မအောင့်တော့ပါဘူး၊ နေသာ ထိုင်သာတော့ ရှိပါတယ်၊ ဒါနဲ့ ကျမရောဂါက—"

www.dhammaransi.com



"အေး....ဆရာအမိန့်ပေးတဲ့ အချိန်တုန်းက 'စုန်း'လို့ဆိုတာနဲ့ ညီးတကိုယ်လုံး တုန်လှုပ်သွားတယ်"

"အို....ချက်စရာကြီးပါဘဲနော်၊ အဲဒီလို ဖြစ်တဲ့ အချိန်မှာ ကျုမကို ဘယ်သူတွေ မြင်သေးသလဲ"

ဤသို့ တဦးနှင့်တဦး တီးတိုးပြောနေကြပါသည်။ မည်သူမျှ ၎င်းတို့ပြောသောစကားကို စိတ်ဝင်စားခြင်းမရှိဟု ထင်မှတ်ကာ အနည်းငယ် ကျယ်လောင်လာပါသည်။ သူတို့ ပြောနေသော စကားများကို ကိုအေးလွင်က အထူး စိတ်ဝင်စားနေပါသည်။

"ဒီလိုဆို ကျုမကို စုန်းပြူစားတာပေါ့"

ဝေဒနာရှင်အမျိုးသမီးက ဘဝင်မကျသော စိတ်ဖြင့် ဤသို့ ထပ်ဆင့်မေးလိုက်ပါသည်။

တယောက်သော မိန်းမပျိုတဦးက....

"စုန်း ဆိုတာ အထီးလား၊ အမလား"

"ဒါတော့ ဆရာ့ကိုမေးကြည့်ပေါ့"

"စုန်းတွေက ချစ်ရင်လဲပြူစားတယ်၊ မုန်းရင်လဲ ပြူစားတယ် လို့ ကြားဘူးလို့ပါ"

"ယောကျ်ားစုန်းထီးဆို ဒုက္ခဘဲ"

"ဘာ့ကြောင့်လဲ"

"ကြောက်စရာကြီးနေမှာ၊ စုန်းဆိုတာဟ လက်ဆုပ် လက်ကိုင် မပြနိုင်တော့ ဖူးဖူးကြီးလား၊ မဲမဲကြီးလား မသိရဘူး"

"ညီးက ခပ်ချောချောဆိုရင် လက်ခံမလို့လား"

www.dhammaransi.com



တယောက်နှင့်တယောက် အရှန်းဖေါက်၍ ပြောကုန်ကြလေသည်။ ပြောသည့်စကားအတိုင်း ကိုအေးလွင် ကြားသိ ရပါသည်။

ကိုအေးလွင်၏ အသိဉာဏ်က ဤသို့ ကောက်နုတ်ချက် ချလိုက်ပါသည်။

လူ့အဖွဲ့အစည်းသည် အစဉ်တိုးတက်နေသည်။ ယင်းသို့ တိုးတက်နေခြင်းနှင့်အတူ လူတို့၏ အသိပညာလည်း တိုးတက်နေသည်။

ဒီတကြိမ်နှင့် ပေါင်းပါက နှစ်ကြိမ်။ ပထမတကြိမ်က မျက်လုံးထဲရုတ်ရေ ခပ်တာကို တွေ့ရသည်။ ခုတကြိမ်ကျတော့ စုန်းပြူစားသည့် ရုပ်ပြကို တွေ့ရပြန်သည်။

ပသို့ဆိုစေ လူကိုနိုင်သည်မှာ 'စိတ်'။ 'စိတ်'ကို နိုင်သည်မှာ 'ပညာ'ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးဘူး ခဲ့လေသည်။ ပညာသိမှ ဝေဖန်ခွဲခြားမှု ရှိနိုင်၏။ ဒီတော့ ပညာနှင့် ပတ်သက်သော အကြောင်းပြချက် ရှိလာပြန်သည်။

လူငယ်သည် ရွှေတုံးတခုကို ကောက်ရသဖြင့် မိခင်အား ပြရာ မိခင်က ပန်းတိမ်ဆရာထံ သွားပြ လေသည်။ ဤရွှေတုံး၏ အကြောင်းကို သူငယ်၏ သိခြင်းမှာ ဤအရာကား ဝါဝင်းသော အရာကလေးပင်တည်း။ ပန်းတိမ်ဆရာထံသို့ ရောက်တော့မှ ရွှေအစစ်ဖြစ်ကြောင်း သိရသည်။

www.dhammaransi.com



ဤကား ပန်းတိမ်ဆရာ အသိသည် ပညာအသိ ဖြစ်ပေသည်။ ထိုပညာအသိမျိုးကို လူတိုင်း ရှိသင့်သည်။ ထိုမှ အမှားအမှန်ကို ဝေဖန်နိုင်စွမ်းရှိသည်။ ပညာအသိ နည်းပါက အမှန်ကို မမြင်နိုင်။ အမှောင်ထဲ၌ စမ်းတဝါးဝါး လျှောက်ကြရဦးမည်။ ပယောဂ ဆရာအိမ်တွင်ရှိကြသော မိန်းကလေးတစ်၏ အတွေးအခေါ်နှင့်ပတ်သက်၍ ကိုအေးလွင်က ပညာအသိဖြင့် သိစေလိုသည်။ သို့သော် မြင်ခွင့်ကြုံရသောကြောင့် ထိုမိန်းကလေးများနှင့် အသိအကျွမ်း မဖြစ်၊ ခင်မင်ခြင်း မရှိ၊ အမှန်ကို အမှန်အတိုင်း မပြောနိုင်။ ထိုဝန်းကျင်မှ သူတို့နှစ်ဦး ထွက်ခွာ လာခဲ့ကြသည်။

နေ့၏ အဆင်းတန်ဆာ ဖြစ်သော နေခြည်ရောင်ဝါ တို့သည် ဖျောက်ဖျောက် ကြွကာ လေတွင် လွင့်ပါနေလေသည်။ သူတို့နှစ်ဦးဘာဝသည်လည်း အေးထဲ၌ လွင့်ပါနေသော ရွက်ဝါများနှင့်ပမာတူနေတော့သည်။ ဘယ်နေရာတွင် ကျမည် ဆိုသည်ကို အမှန်ပြောလို့ မရသကဲ့သို့ ရှိနေပြန်သည်။

သူတို့နှစ်ဦးသည် နွားနှင့် လှည်းဘီးကဲ့သို့။ ကိုကိုအောင်က ရှေ့၊ ကိုအေးလွင်က နောက်၊ တယောက်နှင့် တယောက် စကားမပြောကြပေ။ ကိုယ့်အတွေးနှင့် ကိုယ်ပင်။ ကားဂိတ် ရောက်တော့မှ စကားပြောကြသည်။

“ငါလဲ မနက်ကတဲက ဘာမှမစားရသေးဘူး.... တဆိုင်ဆိုင် ဝင်ပြီး စားရင်ကောင်းမယ်”ဟု ကိုကိုအောင်က ပြောလိုက် ပါသည်။

www.dhammaransi.com



"သူငယ်ချင်း....ဒီလောက်ဆာနေရင်လဲ အစား အသောက် ဆိုင် ရှာပေါ့"ဟု ကိုအေးလွင်က ပြောလိုက်ပါသည်။

သူတို့နှစ်ဦးရောက်ရှိနေသော နေရာသည် မြို့စွန်မြို့ ဖျားဖြစ်၍ ဝန်းကျင်မှာမူ ကိုယ့်အိမ်နှင့်ကိုယ့်ခြံ နေထိုင်သူများ ဖြစ်ကြပါ သည်။ ကိုကိုအောင်သည် စေ့စေ့ရှာသော်လည်း ဘာဆိုင်မှ မတွေ့။

"ကမာရွတ်အဝိုင်းကြီးကျတော့မှ ဆင်းပြီး တခုခုစားတာ ပေါ့ကွာ...."

"ဒီလိုဆိုလဲ ကြားကားဘဲ စီးရအောင်"

"ကောင်းသားဘဲ"

ကိုအေးလွင်က ပြောလိုက်ပါသည်။

မကြာမီ ကားတစီး သူတို့ရှေ့သို့ ထိုးဆိုက်လာသည်။ စပယ် ယာ၏ အသံ ခပ်လွင်လွင်က ပေါ်ထွက်လာပါသည်။

"ရန်ကုန်"

သူတို့နှစ်ဦး ကားပေါ်ရှိ ခုံတန်းပေါ်တွင် ထိုင်မိသောအခါ ဘတ်(စ)ကားသည် ထိုနေရာမှ တဖြည်းဖြည်း ထွက်ခွာသွားပါ သည်။

နေသည် အလွန်ပူနေပါသည်။ နေပူဒဏ်ကြောင့် ကတ္တရာ လမ်းများပင် အရည်ပျော်လုမတတ် ရှိနေပြန်သည်။ ကားဘီး ပွတ်တိုက်လိုက်သော ကတ္တရာလမ်းသည် 'တကျွိကျွိ' အသံ ပဲ့တင်ထပ်၍ ပေါ်ထွက်လာသည်။ ကြားကားဆိုသည်မှာ စည်း

www.dhammaransi.com



ကမ်းမရှိပေ။ လူစည်သည့် နေရာတွင် ထိုးဆိုက်တတ်ပါသည်၊ စပယ်ယာလုပ်သူကလည်း ကျီးကန်း တောင်းမှောက် သကဲ့သို့ မျက်လုံးများက အငြိမ်မနေပေ။ ရပ်လိုက်သွားလိုက်ဖြင့် ရှိနေသောကြောင့် ကိုကိုအောင်သည် စိတ်ညစ်လာသည်။ ငါ့ဝမ်းပူဆာ မနေသာဆိုသည့်အလား ဝမ်းထဲ၌အစာမရှိ၍ ဗလောင်ဆူနေလေသည်။

ကိုကိုအောင်သည် အစာမရှိသောကြောင့် ခေါင်းမူးလာသည်။ ပြင်ပမှ တိုက်ခိုက်သော လေသည် ပူသည်၊ အေးမြခြင်း မရှိ။ တခါတခါ ကားထဲ၌ တင်လာသော ကုန်ပစ္စည်းများ၏ အနံ့အသက်များသည် သူ့နှာခေါင်းထဲသို့ ထိုးဝင်လာတတ်ပြန်သည်။ သူသည် အနီးရှိ ပြူတင်းပေါက် တံခါးဘောင်ကိုမှီကာ မျက်လုံးအစုံပိတ်၍ လိုက်ပါလာသည်။

အချိန်မည်မျှ ကြာသွားသည်မပြောတတ်ချေ။ ကိုအေးလွင်က လှုပ်နှိုးလိုက်တော့မှ....

"ရောက်ပြီလား"ဟု မေးလိုက်ပါသည်။

"အေး...."

ကိုအေးလွင်က အဖြေပေးပြီးနောက် သူတို့နှစ်ဦး ဘတ်(စ်) ကားပေါ်မှ ဆင်းခဲ့ကြသည်။ လှည်းတန်းဖက်ရှိ မြန်မာလဘက်ရည်ဆိုင် တဆိုင်သို့ ဝင်လိုက်ကြသည်။ ဆိုင်၏လမ်းဖက်သို့ မျက်နှာမူထားသော ထိပ်ဒေါင့်ချောင်ကျကျစားပွဲတွင် ထိုင်လိုက်ကြပါသည်။ မရှည်မနှောင်းပင် စားပွဲထိုးလူငယ်တဦး ရောက်လာပြီး....

www.dhammaransi.com



"အကိုတို့ ဘာ သောက်မလဲ"ဟု မေးလိုက်ပါသည်။

"မုန့်မြန်မြန်လာချကွာ....နောက်မှ ကော်ဖီနှစ်ခွက်ပေါ့"

ကိုကိုအောင်သည် ဆာလောင် မွတ်သိပ်သောဒဏ်ကို ကြာရှည်စွာ မခံနိုင်သဖြင့် ရှက်ခြင်းတရားကိုပင် မမှုနိုင်ချေ။ သူတို့နှစ်ဦးသည် ခေါင်းငုံ့၍ စားသောက်နေကြသည်။ ကော်ဖီပူပူမှ ထွက်သော အငွေ့တို့သည် ဆိုင်ထဲ၌ရှိကြသူတို့အား တံလျှပ်ကြာချည်သဖွယ် ကွယ်ထား လေသည်။

ကိုကိုအောင်သည် ဗိုက်ထဲ အစာ ရောက်သွားသောကြောင့် အားအင်ရှိသွားသည်။ သူ၏မျက်လုံးက အပြင်သို့ကြည့်နေရာမှ တဖန်အတွင်းဖက်သို့ ငေးစိုက်ကြည့်လိုက်ပါသည်။ အမှတ်မထင် ဆိုင်ထဲရှိ နောက်ဆုံးစားပွဲ၌ စားသောက်နေသော မိန်းကလေး တသိုက်ကို တွေ့လိုက်ပါသည်။ သူ၏ မျက်လုံးတွေက ပိုမိုစူးစိုက်၍ ကြည့်နေပြန်သည်။ ထိုအုပ်စုထဲမှ မိန်းကလေးတဦးကို တွေ့ဘူးသလိုလို ရှိနေပြန်သည်။ ဤသို့ ကြည့်ဖန် တွေးတောဖန်များလာတော့ အမှတ်သညာသည် ခေါင်းထဲ၌ တရိပ်ရိပ် ပေါ်လွင်လာပါသည်။ ထိုမိန်းကလေးသည် ပယောဂဆရာကြီးဦးသောင်း ထိုက်ခြံတွင် တွေ့ကြသူပင် ဖြစ်ပါသည်။ ကိုကိုအောင်သည် ကိုအေးလွင်ဖက်သို့ မျက်နှာမူလိုက်ပြီး....

"ဟော့....အေးလွင်...."

"ဘာလဲကွ....ကဲ...."

"ဟိုမှာ ဥစ္စာစောင့်ဆိုတဲ့ မိန်းကလေး"ဟု ပြောပြီး လက်ညှိုးညွှန်ပြလိုက်ပါသည်။

www.dhammaransi.com



ကိုအေးလွင်သည် လက်ညှိုးညွှန်ပြသည့် နေရာသို့ သေချာစွာ ကြည့်လိုက်ပြီး ချက်ခြင်း သူ့မျက်နှာသည် လမ်းဖက်သို့ လှည့်လိုက်သည်ကို တွေ့မြင်လိုက်ရသော ကိုကိုအောင်က....

"ဟေ့ အေးလွင် မင်းမသိဘူးလား...."

"သိသားဘဲကွ....ငါသေသေချာချာ ကြည့်နေရင် သူ့ဘေးက အဒေါ်ကြီးထလာပြီး အမှတ်ပေးနေအုံးမယ်....တခါတွေ့ဘူး ပျဉ်ဖိုးနားလည် ဆိုသလိုပေါ့ကွာ"ဟု ကိုအေးလွင်က ပြန်ပြောလိုက်ပါသည်။

သူတို့နှစ်ဦးသည် ကျသင့်ငွေကို စားပွဲထိုးအား လှမ်းပေးလိုက်ပြီးနောက် ထိုင်နေရာမှ ထမည်အပြု၊ အမှတ်မထင် ကိုကိုအောင်၏ ပခုံးပေါ်သို့ လက်ဝါးပြင်တခု ကျလာသည့်အခါ နောက်သို့လှည့်ကြည့်လိုက်မိသည်။

"အော်....ကိုလှထွန်း ပါလား...."

"ပြန်ကြတော့မလို့လား၊ ကျနော်လဲ ပထမတော့ ခင်ဗျားတို့ကို မတွေ့မိဘူးဗျာ.... အတော်ဘဲ ခင်ဗျားသတင်းကို ကြားရလို့ ဝမ်းသာသွားတယ်...."

"ဘာသတင်းလဲ...."

"ခင်ဗျားပုတီးသမား ဖြစ်နေပြီဆို...."

"ဒါကတော့ ဘဝက သင်ပေးသွားတာပါ...."

"ကဲဗျာ....ခုလိုတွေ့တုံး ကြုံတုံး စကားလက်ဆုံ ကျရအောင်" ကိုလှထွန်းက အတင်း ဆွဲခေါ်နေပါသည်။

www.dhammaransi.com



ဤစားပွဲဝိုင်းတွင် သူတို့နှစ်ဦး အပါအဝင်၊ပေါင်း(၅)ဦး။

ကိုလှထွန်းက မိတ်ဆက်ပေးသဖြင့် တဦးနှင့်တဦး ခင်မင်ကြပါသည်။ ခင်မင်မှုကို အခြေခံပြီးတဦးနှင့်တဦး အသိခြင်း ဖလှယ်ကြသည်။

"ပုတီးရိုးရိုးဘဲ စိပ်တာလား ဘာ ဂုဏ်တော် စိပ်သလဲ"ဟု ကိုကိုအောင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသူတဦးက မေးလိုက်ပါသည်။

"ဂုဏ်တော် (၉) ပါးဘဲ စိပ်ပါတယ်"

"တခြား စိပ်ပုတီးတွေ မစိပ်ဘူးလား...."

"ဘာကို ဆိုလိုတာလဲ"

သူတို့ချင်း ယခုမှ တကြိမ်သာ မြင်ဘူး တွေ့ဘူးသည်။ သူ့အကြောင်း ကိုယ်မသိ။ ကိုယ့်အကြောင်း သူမသိ။ စကားတို့လှယ်လည်း မပြောဘူး၊ မဆိုဘူးကြ၊ အနက်သဘောကိုမဆောင်ရဲကြ၊ပြောရမည့်စကား၊ မပြောရမည့်စကားဟူ၍ ထိန်ဝှက်ထားကြသည်။ ပွင့်လင်းမှုမရှိ။ တစတစနှင့် ပြောပါများလာသည်။ စကား စကား ပြောပါများ စကားထဲက ဇာတိပြဆိုသည့်အတိုင်းပင်။

တယောက်သောသူ၏ပြောစကားကို ကျန်သူတွေက အလေးဂရုပြုနားထောင်ကြသည်။ငြင်းခုန်မှု၊ဆန့်ကျင်မှု၊ တွေဝေ ငေးမောမှုတို့ကိုမပြောပေ။ထို့ကြောင့်သူတို့ပြောဆိုနေသော စကားဝိုင်း ကလေးသည် အလွန်စိတ်ဝင်စားဖွယ် တူပေသည်။ခံယူချက်

www.dhammaransi.com



နှင့် သဘောတရားပိုင်းက တူညီသည်။ စာပေကျမ်းဂန်အရပြော နေခြင်းမျိုးမဟုတ်။ အစမှအဆုံး ပဋိသန္ဓေနေခြင်းမှ အနိစ္စရောက်သည်အထိ လူတွေလှုပ်ရှားနေသော ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုသည့်အတိုင်း၊ မိမိတို့တွေ့ကြုံခဲ့ရသောအတွေ့အကြုံထဲမှ ကောင်းနိုး ရာရာတိုင်းကို သတ္တုချ၍ ဘဝနှင့်အစပ်ဟပ်ဆုံး အကြောင်းတွေကိုပြောနေကြလေသည်။

ကိုကိုအောင်သည် ဤသို့ပြောဆိုနေရာမှ အမှတ်မထင် တွေ့လိုက်ရသောစားပွဲထိုးအား လှမ်းခေါ်ပြီး လဘက်ရည် သောက်ရန် ဒုတိယအကြိမ်မှာလိုက်ပါသည်။ ဒူးယားစီးကရက်တို ဖွာရှိုက်နေသောသူက လက်ညှိုး မီးလောင်ခါနီးမှ ဆေးလိပ် ခွက်ထဲသို့ ချေမွ ပစ်ချလိုက်ပြီးနောက်....

"ခင်ဗျား....ဂိုဏ်းဝင်ထားသလား" ဟု ကိုကိုအောင်က မေးလိုက်ပါသည်။

"မဝင်ပါဘူး"

"ဂိုဏ်းတွေကို မယုံကြည်လို့လား"

"ဒီလိုလဲ မဟုတ်ပါဘူး၊ မြန်မာပြည်မှာတော့ ဂိုဏ်းတွေ အတော်များများရှိပါတယ်၊ သာသနာပြုကြတဲ့ ဂိုဏ်းတွေ ရှိသလို သတ္တဝါကယ်တဲ့ ဆေးကုတဲ့ဂိုဏ်းတွေ အတော်များများ ရှိတယ်၊ တချို့ ဂိုဏ်းဆရာတွေဆို အနစ်နာခံပြီး သာသနာပြုကြတယ်၊ ဆေးကုကြတယ်၊ ရောဂါကုသရာမှ ရောဂါပျောက်ကင်းဖို့ကိုသာ ဦးတည်ချက်ထားတယ်၊ ငွေကြေးပေါ်မူမတည်ပါဘူး၊"

www.dhammaransi.com



ဒါပေမဲ့ ဂိုဏ်းတော်ကြီးတွေဟာ ဘယ်လောက်ကောင်းပေမဲ့ တပည့်တွေမကောင်းလို့နာမည်ပျက်ရတဲ့ အကြောင်းအချက်တွေ တွေ့ဘူးတယ်၊ နောက်ပြီး ရှိသေးတယ်၊ ခွေးမြီးကောက် ကျည်တောက် စွပ်ထားသလို ကျနော့်မိတ်ဆွေတဦးဟာ ဘာသာတရား ကို လေးလေးစားစား ခိုခိုမင်မင် ကြည်ကြည် ညိုညို အားထုတ် နေတာ တွေ့ခဲ့ပါတယ်၊

သူ့ အသွင်အပြင်ကို ကြည့်ရခြင်းအားဖြင့် လူ့ဝတ်ကြောင်ကို တောင် မဝတ်တော့ဘူး၊ ယောဂီယောင်ကိုဝတ်ပြီး ဘုရားတက် ကျောင်းတက်နေထိုင်သွားခဲ့တယ်၊သူနဲ့တွေ့တိုင်း ဘယ်တောင်မှာ ဘယ်လိုအားထုတ်လို့ ဘယ်တရားတွေပေါက်ခဲ့ပြီဆိုတာဟိမဝန္တာ ချီးမွမ်းခန်းဖွင့်လေ့ ရှိတယ်၊ မကြာပါဘူး အဲဒီ လူဟာ ဖဲဝိုင်း ထောင်လို့ ရဲက လာဖမ်းသွားတယ်ဆိုတဲ့သတင်း ကြားလိုက်မိ တယ်၊ သူ့ဝန်းကျင်က လူတွေကတော့ သူ့အကြောင်းကို ကနေ့ အထိ ပြောလို့ မဆုံးကြသေးဘူး”

ကိုကိုအောင်က သူ့ အတွေ့အကြုံကို တင်ပြလိုက်ပါသည်။ စကားဝိုင်းကလေးသည် အပေးအယူမျှသည့် သဘော လက္ခဏာ အသွင်ရှိနေသည်။ တယောက် စကား ဆုံးသည်နှင့် နောက် တယောက်က....

“ကျနော့် အိမ်ဘေးနားက မိတ်ဆွေ တယောက်ကတော့ မယောဂီဘူး၊ သူက ဖြစ်ပျက်ရှုတယ်၊မြန်မာပြည်မှာ နာမည်ကြီး တဲ့ ဆရာတော်ကြီးဆီမှာ တပည့်ခံနေတယ်၊ ခန္ဓာ အကြောင်းနဲ့

www.dhammaransi.com



ပတ်သက်လို့ တရားအတော်ပေါက်နေပုံ ရတယ်၊ သူဟာ နေ့စဉ် ခန္ဓာဝန် ထမ်းဆောင်နေရတာကို ငြီးငွေ့ နေသလား မပြောတတ်ဘူး၊ အမြဲလိုလို မျက်နှာတခွင်ဟာ ညှိုးနွမ်းနေတာ တွေ့ရတယ်၊

ကျနော်နဲ့ဆုံတဲ့အခါတိုင်း သူ့ ဆရာတော် တရားပြကောင်းကြောင်း ပြောပါတယ်၊ ဆရာတော်ပျံလွန်တော်မူရင် ကျုပ်တော့ ဆရာတော်နဲ့အတူ လူ့ ဘဝက ထွက်သွားမယ်လို့ ပြောသေးတယ်၊ တနေ့တော့ သူ့ အိမ်ကို ရဲတွေလာရှာဖွေတာတွေ့ရတယ်၊ နောက် သူလဲအဖမ်းခံရတယ်၊ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး စုံစမ်းကြည့်တော့ ဆရာတော် ကျောင်းဆောက်ဖို့ ပစ္စည်းတွေကို လက်မှတ်လိမ်နဲ့ထုတ်ပြီး ရောင်းစားတယ်လို့ ကြားရတယ်၊ အဲဒီ လူဟာ ထောင်က ထွက်လာပြီးနောက် (၁၇) မင်း ပွဲပေးပြီး နတ်တွေနဲ့ ပလူးပလဲလုပ်တော့တာဘဲ၊ သူစောစောက အားထုတ်ခဲ့တဲ့ ခန္ဓာ အဖြစ်အပျက်ဟာ ဘယ်နေရာ ရောက်သွား မှန်း တောင် မသိတော့ဘူး၊

ဒါ့ကြောင့် သူတော်ကောင်း တရား ဟာ အ ပြော လွယ် သလောက် အလုပ်ခက်တယ်၊ ယုံကြည်ချက်ရှိဖို့လဲ လိုတယ်၊ ဆန္ဒ စောလွန်းပြန်ရင်လဲ တနေ့မယုံကြည်မှုတွေ ပေါ်လာတတ်တယ်၊ ကျင့်ကြံမှုလဲ ပျက်ပြားလာတတ်တယ်၊ ဘုရားတရားနဲ့ ပတ်သက်တဲ့ အခြေခံတဲ့ ပါရမီလမ်းစဉ်ဘဲဖြစ်ဖြစ်၊ ဂိုဏ်းဘဲ ဖြစ်ဖြစ်ပေါ့ဗျာ၊ မပြုလုပ်ခင်က ပြုလုပ်နိုင်တဲ့ စိတ်ဓါတ်အင်အားတွေ မွေးမြူဖို့ လိုတယ်၊ လေ့လာဖို့လိုတယ်၊

www.dhammaransi.com



ကနေ့လူတွေဟာ ဆရာတယောက်ကိုတွေ့လိုက်တာနဲ့ချက်ခြင်း ယုံကြည်တယ်၊ ထိုင်ရှိခိုးတယ်၊ ဒုက္ခဖြစ်နေတဲ့ ဘဝကြီးကို ကယ်တင်ရှင်တဦးအနေနဲ့ ကယ်တင်ဖို့ ပူဆာကြတယ်၊ ဆရာ့ရဲ့ သီလ သမာဓိအပိုင်းနဲ့ သူ့ရဲ့ လုပ်ရပ်တွေကို စဉ်းစား မနေတော့ဘူး၊ သူတို့ရဲ့အလိုဆန္ဒဆိုတဲ့ ရာထူး ပစ္စည်း စည်းစိမ်ဥစ္စာတွေ မတိုးပွားရင် ခေါစောက အလွန်ကြည်ညိုပါတယ်ဆိုတဲ့ ဆရာထံကဖယ်ခွာပြီး နောက်ထပ် ကယ်တင်ရှင်ဆရာအသစ်ကို လိုက်ရှာတော့တာဘဲ"ဟု ပြောပြသောအခါ စကားဝိုင်း အတွင်းရှိ သူတွေ အားလုံးဝိုင်းရယ်ကြသည်။

သူတို့ စကားပြောဆိုနေကြသည်မှာ မိုးအဟုန် လေအဟုန်ကဲ့သို့ရှိနေသည်။ တယောက် ပြောသည့် စကားကိုအားလုံးက စိတ်ပါဝင်စားစွာ နားထောင် နေ ကြ သည်။ တယောက်နားတော့ နောက်တယောက်က ဆက်ပြောပြန်သည်။ အချိန် အတော်ကြာညောင်းသော အခါ....

"ကျနော်တို့ကို ခွင့်ပြုကြပါအုံး"ဟု ကိုကိုအောင်၏ စကားကြောင့် ကိုလှထွန်းက....

"နေပါအုံးလေ....ခင်ဗျားတို့ဘယ်ကပြန်လို့ ဘယ်ကိုသွားကြမလို့လဲ"ဟု မေးလိုက်ပါသည်။

"အဆုံးတွေ့လို့ အစကို ပြန်ကောက် ရမဲ့ သဘောမျိုးဖြစ်နေတယ်"

"သူငယ်ချင်းက လုပ်တော့မယ် ပြော လိုက် ရင် အနက်အဓိပ္ပာယ်က ပါလာပြန်ပြီ"

www.dhammaransi.com



"တကယ့်ကို ပြောတာပါ၊ ကျနော်တို့နှစ်ယောက် မနက်ကလဲ ပယောဂကုတဲ့ ဆရာဆီသွားတယ်၊ ကျနော်တို့ သိလိုတဲ့ကိစ္စလဲ ပြီးရော ခုအိမ်ပြန်မလို့...."

"ဘာလဲ....ပယောဂဖြစ်နေလို့လား...."

"မဟုတ်ရပါဘူး...."

"ဒီလိုဆို ဘာဖြစ်နေလို့လဲ"

"ပယောဂကုသမှုကို လေ့လာနေတာပါ၊ ပညာတရပ်ဆိုတာ လူမျိုးတိုင်းမှာရှိတယ်၊ အဲဒီပညာဟာ တကယ်လို လူတွေအတွက် အကျိုးပြုမဲ့ ပညာလား ဒါမှမဟုတ်ရင် လူတွေကို လိမ်လည်လှည့် ဖြားနေတဲ့ ပညာလားဆိုတာ လေ့လာနေတာ...."

ကိုကိုအောင်၏ စကားအဓိပ္ပာယ်မှာ လေးနက်လွန်းလှသဖြင့် ကိုလှထွန်းတို့ လူစုသည် စိတ်ဝင်စားစွာ နားထောင်ရင်းမှ....

"အတော်ဘဲဗျို့....ကျုပ်တို့လဲ ဒီနေ့ဘဲ ပယောဂကုတဲ့ဆရာ အိမ်သွားမလို့"ဟု ပြောလိုက်ပါသည်။

ကိုအေးလွင်နှင့် ကိုကိုအောင်တို့ မျက်ဝန်းများသည် ကြည် လင်လာပြီးနောက် သူတို့နှစ်ဦးသည် ၎င်းတို့နှင့် လိုက်ပါလိုသော ဆန္ဒများ ပေါ်လာပြီး....

"ကောင်းသားဘဲ....ကျနော်တို့လဲ လိုက်ကြည့်လို့ မရဘူး လား"ဟု ကိုအေးလွင်က မေးလိုက်ပါသည်။

"ရနိုင်ပါတယ်...."

အစကတော့ နှစ်ဦးထဲပင်၊ ခုတော့ လူအားကောင်းလာ သည်။ လဘက်ရည်ဆိုင်မှ ထွက်လာသည့် အချိန်တွင် ပေါင်း

www.dhammaransi.com



(၆)ယောက်။ လိုရာခရီးသို့ ဆိုက်ဆိုက်မတ်မတ် ရောက်ခဲ့ကြလေသည်။

နေပူပြင်ကို ဖြတ်သန်းခဲ့ရသဖြင့်၊ ပယောဂကုသော ဆရာ့အိမ်ပေါ်သို့ ရောက်သောအခါတွင် မျက်နှာပေါ်၌ စိုနစ်နေသည့် ချွေးဥကလေးများကို သုတ်ရပြန်တော့သည်။

သူတို့ထက် စောဦးစွာရောက်ရှိနေသော မိန်းမပျိုတဦး၊ မိန်းမချွယ်တဦး၊ သူတို့နှစ်ဦးသည် ဆရာဆိုသူနှင့် စကားပြောနေကြသည်။

ဆရာသည် အိမ်ပေါ်သို့ တက်လာသည့် ကိုအေးလွင်တို့ယောကျ်ားတသိုက်ကို မြင်တွေ့လိုက်သည်။

"မောင်လှထွန်းတို့ပါလား.... ထိုင်ကြအုံးနော်...."

ဆရာလုပ်သူက စတင်နှုတ်ဆက်လိုက်ပါသည်။

"ဟုတ်ကဲ့ ဆရာ...."

သူတို့အားလုံး ညှော်ခန်းတွင် ထိုင်ချလိုက်ပါသည်။ လဘက်ရည်ကြမ်း လင်ဗန်းက အဆင်သင့်ရှိနေသဖြင့် ရေငတ်သူတွေသည်လဘက်ရည်ခရားကို ဦးစွာကိုင်လိုက်ကြသည်။

ဆေးလိပ်သောက်လိုသူတွေမှာ အိတ်ထဲ၌ ပါလာသော ဆေးလုပ်ဗူးကို နှိုက်ယူလိုက်သည်။အားလုံးသော သူတွေက ဆေးလိပ်ကို အားပါးတရ ဖွာရှိုက်နေသည်။ စောစောက အငွေ့အသက်မရှိသော အခန်းသည် ဆေးလိပ်ငွေ့ဖြင့် တခန်းလုံးပလူပျံလျက်ရှိနေပါသည်။

ဆေးလိပ်ငွေ့များကြောင့်ပင်မသိ။ ဆရာနှင့် စကားပြောဆိုနေသော မိန်းမပျိုမှာ နှာခေါင်းရှုံ့သွားသည်။ ကိုအေးလွင်

www.dhammaransi.com



သည် မည်သည့်နေရာကိုမှ မကြည့်၊ သတင်းစာကို ဖတ်လိုက်ပါသည်။

ကိုအေးလွင်ဖတ်နေသော သတင်းစာပေါ်မှ အမှတ်မထင် မိန်းမပျိုကို လှမ်းကြည့်လိုက်ပါသည်။

တက်ထရွန်အင်္ကျီ လက်စကအဖြူ၊ တက်ထရွန် ထမိန်အနီနှင့် မျက်နှာက ကြည်လင်ဝင်းပနေသည့် ပါးပြင်တွင် အကြောစိမ်းကလေးများ ယှက်သန်းနေသည်။

ပလပ်စတစ်နှင်းဆီရင့်ရင့် ကြက်သွေးရောင်ကျကျ တပွင့်ကို ပန်လျက်၊ မျက်ခုံးထူ စိမ်းစိမ်းများ အောက်မှမျက်လုံး ညိုညိုများက ရွှန်းလဲ့နေသည်။

ဤကဲ့သို့ အလှကို မြင်တွေ့မိတော့ ကိုအေးလွင် အကြည့်က ဘေးဖယ်၍မရ၊ ကြည့်မြဲကြည့်နေပြန်သည်။ သူ့စိတ်ထဲ၌ မြင်ဘူးတွေ့ဘူးသော မိန်းကလေးတဦး၊ သေချာစွာ စူးစိုက်ကြည့်နေရာမှ အဖြေပေါ်လာသည်။

ထိုမိန်းမပျိုသည် ဆရာ့ဒရန့်နားမှ ထွက်ခွာခဲ့လေသည်။ ကိုအေးလွင်တို့နှင့် ရောနှောထိုင်မိသည့် အချိန်တွင် အံ့ဩသော အမူအရာတွေက သူမ၏ မျက်နှာတခွင်တွင် ယှက်သန်းလာသည်။ မြင်ဘူးခြင်းထက် ရင်းနှီးမှုက ပိုမိုသောကြောင့် ရဲရဲဝံ့ဝံ့ တဦးနှင့်တဦး နှုတ်ဆက်ကြပါသည်။

"ငါက ဘယ်သူများလဲ မှတ်တယ်....အေးလွင်ကိုး...."

မိန်းကလေး၏ အသံလွင်လွင်က ပြတ်ပြတ်သားသား ပေါ်လာသည်။

“ငါကလဲ ဘယ်သူလဲလို့....တင်မေခိုင်ကိုး.... နင်တော်တော် ဝလာတယ်၊ လှလဲလှလာတယ်၊ ကျောင်းတုန်းကလို မဟုတ်တော့ဘူး....”

ကိုအေးလွင်က အားမနာတမ်း ပြောဆိုလိုက်သော စကားကြောင့် တင်မေခိုင်၏ မျက်နှာတခွင်ဝယ် ရှက်သွေးများ နီမြန်းသွားတော့သည်။

“ငါက ဝလာတယ်-နင်ကျတော့ ကျားဆယ်ကောင် စားလို့တောင် မကုန်ဘူး....”

“ငါဒီလောက်ဘဲ ဝနေသလား....”

ကိုအေးလွင်သည် မယုံတယုံဖြင့် သူ့ကိုယ်သူ ပြန်ကြည့်မိသည်။ သူတို့နှစ်ဦး၏ ရင်းနှီးစွာ ဆက်ဆံပြောဆိုမှုကြောင့် ဝန်းကျင်၌ ထိုင်နေသူအားလုံးပင် ဝိုင်းရယ်နေကြပါသည်။

“နင်....ခုဘာလာလုပ်တာလဲ....”

တင်မေခိုင်က မေးလိုက်ပါသည်။

“ငါအဖြေမပေးခင် နင်ရော ဒီနေရာ ဘာလာလုပ်နေတာလဲလို့ မေးရလိမ့်မယ်....”ဟု ကိုအေးလွင်က ပြန်ပြောလိုက်သည်။

“ငါ့အကြောင်းကတော့ သိပ်ပြီး ထူးထူးခြားခြားရယ်လို့ မဟုတ်ပါဘူး၊ ငါ့ရောဂါက ခေါင်းကိုက် ဇက်ထိုး နေလို့ ဒီရောဂါကို အင်္ဂလိပ်ဆရာတွေ မြန်မာဆရာတွေပြလဲ မပျောက်ဘူး၊ ဘာရောဂါများ ဝင်နေသလဲလို့ပါ၊ အနှောင့် ပယောဂများ ရှိနေသလားလို့”

တင်မေခိုင်က အသံကို နှိမ့်၍ ပြောလိုက်ပါသည်။

“ငါကတော့.... နင့်လို မဟုတ်ပါဘူး၊ ပယောဂ ကုသပုံကို

www.dhammaransi.com



လေ့လာနေတာပါ၊ ဒါနဲ့.... နင်အခု ပယောဂရှိမရှိ စမ်းကြည့် မလို့ပေါ့"

"အေး...."

တယောက်အကြောင်း တယောက် ပြောနေသော စကားသံ များသည် မီးကို ရေနှင့် ဖြန်းလိုက်သကဲ့သို့ ပျောက်ကွယ်သွား သည်။

တခန်းလုံး တိတ်ဆိတ်သွားသည်။ မည်သူမျှ စကားမပြော ကြ။ အကြောင်းတရပ်ကို စိတ်ဝင်စားနေဟန် ရှိသည်။ အာရုံ တခုတည်းက ဆွဲဆောင်ထားခြင်းကြောင့်ပင်။ သူတို့၏ စိတ်တွေ မှာ ပြောင်းလဲမှု မရှိ။

ဘုရားစင်ရှေ့သို့ တူရူ လျှောက်နေသည့် ယောဂီရောင် ဝတ် ဆင်ထားသော ဆရာလုပ်သူအား ငေးစိုက် ကြည့်နေခြင်း ဖြစ် ပါသည်။ ဆရာလုပ်သူ၏ လက်ျာတွင်၌ ဖန်ခွက်တလုံး။

၎င်းဖန်ခွက်ထဲတွင် ရေအပြည့် ဖြည့်ထားပြီး ဘုရားစင်ပေါ် တွင် တင်ထားလိုက်သည်။ ဆရာ ရှေ့ဆက်လုပ်မည့် လုပ်ငန်းရပ် ကိုသာ စူးစိုက်ကြည့်နေကြသောကြောင့် သူတို့၏ မျက်လုံးများ မှာ သိမ်းငှက်မျက်လုံးကဲ့သို့ ရှိနေသည်။

ဆရာလုပ်သူသည် ဘုရား ဝတ်ပြုလိုက်ပါသည်။ ဆရာနှင့်.... ကိုအေးလွင်တို့ လူစု မျက်နှာချင်း ဆိုင်မိသည့်အခါ တင်မေခိုင် အား သူ့ရှေ့လာရန် ခေါ်လိုက်ပါသည်။ ဆရာ၏ စကားကြောင့် တင်မေခိုင်သည် ဆရာ့ရှေ့သို့ တိုးသွားလိုက်ပါသည်။

ဆရာ့ရှေ့၌ ကြုံ့ကြုံ့ယုံ့ယုံ့ ထိုင်နေသော တင်မေခိုင်အား ဘုရားဝတ်ပြုခိုင်းပြီး မျက်စိမှိတ်ထားရန် ပြောပါသည်။ သူမ

www.dhammaransi.com



သည် ဆရာ ပြုလုပ် ခိုင်းစေသည့်အတိုင်း ပြုလုပ်သည်။ ပေါင်ပေါ်တွင် လက်ဝါးနှစ်ဖက် ဖြန့်စေပြီး လက်ချောင်းကလေးများကို စုထားခိုင်းပါသည်။

ထို့နောက် ဆရာသည် မတ်တတ် ထရပ်လိုက်ပါသည်။ သူမ၏ခေါင်းကို သူ၏လက်ညှိုးဖြင့် ထောက်ထားလိုက်ပါသည်။ မန္တာန်တခုကို နှုတ်မှ ရွတ်နေပါသည်။ ပြီးနောက် ထိုင်ချလိုက်သည်။ ပေါင်ပေါ်တွင် တင်ထားသော လက်ချောင်းများကို စုန်း၊နတ်၊ စသည့် မိစ္ဆာတွေ အနှောင့်အယှက်ရှိပါက လက်သန်း၊ လက်ညှိုး၊ လက်မ စသည်များ ကွဲသွားပါစေ သတည်းဟု အမိန့် ပေးလိုက်ပါသည်။

အကြိမ်ကြိမ် ဆရာက အမိန့်ပေးနေသည်။ အချိန် ၁၀ မိနစ်ခန့် ရှိပြီ။ သို့သော် တင်မေခိုင်၏ လက်ချောင်းများက လှုပ်ရမ်းလာခြင်း မရှိ။ နေမြဲအတိုင်းပင်....။ ဆရာလုပ်သူသည် ဤသဘောကို မစမ်းသပ်ရန် ဟန်ပြင်လိုက်ပါသည်။

"ကဲ.... ခန အနားယူလိုက်အုံး" ဟု ဆရာက ပြောလိုက်သဖြင့် တင်မေခိုင် မှိတ်လျက်ရှိသော မျက်လုံးများ ပွင့်လာပါသည်။

သူမ၏မျက်လုံးများ ကြာရှည်စွာ မှိတ်ထားရသဖြင့် မှုန်ဝါးဝါး ဖြစ်သွားသည်။ ဝန်းကျင်သို့ တစေ့တစောင်း လိုက်ကြည့်နေသည်။ သူမ၏ နံဘေးတွင် ထိုင်လျက်ရှိသော မိန်းမပျိုတဦးကို တွေ့တော့မှ အားတက်သွားဟန် တူသည်။

"ကျမ ဘာတွေ လျှောက်လုပ်နေသေးသလဲ" ဟု မေး လိုက်ပါသည်။

www.dhammaransi.com



"ခုထိတော့ ဘာမှ မလုပ်သေးပါဘူး"ဟု ပြန် ပြော လိုက်ပါသည်။ ထိုစကားသံကြောင့်.... တင်မေခိုင်သည် ပြုံးလာပါတော့သည်။

ဆရာလုပ်သူသည် ဒုတိယ စမ်းသပ်ရန်အတွက် ဘုရားစင်ပေါ်တွင် တင်ထားသော ရေခွက်ကို ယူလိုက်ပြီး.... ဂါထာတပုဒ်ကို ရွတ်ဆိုနေပြန်သည်။ ကိုအေးလွင်တို့သည် ဆရာလုပ်သူနှင့် အနည်းငယ် ကွာလှမ်းသော နေရာတွင် ထိုင်နေကြသောကြောင့် ရွတ်ဖတ်နေသည့် အသံကို မကြားရ။

နှုတ်မှ တလှုပ်လှုပ် ဖြစ်နေသည်ကိုတော့ တွေ့ကြရသည်။ဆရာသည် ဘုရားစင်ပေါ်သို့ ဖန်ခွက်ကို ပြန်တင်ထားလိုက်ပါသည်။ တအောင့် တနား လွတ်လပ်စွာ ထိုင်နေသော တင်မေခိုင်သည် ဆရာ၏ အမိန့်အတိုင်း ပြန်ထိုင်ရပြန်သည်။

ထို့နောက် ဘုရားစင်ပေါ်တွင် တင်ထားသော ဖန်ခွက်ကို ယူလိုက်ပြီး သူမအား လှမ်းပေးလိုက်ပါသည်။ဖန်ခွက်ထဲမှရေကို ရှူခိုင်းပြန်သည်။

"ဘာနံ့ရသလဲ"ဟု မေးပါသည်။

ဘာနံ့မှ မရကြောင်း ပြောလိုက်သောအခါ လက်ညှိုးတွင် ရေဆွတ်ပြီး နမ်းခိုင်းပြန်သည်။

"ဘာနံ့ရသလဲ၊ ပုတ်စော်နံသလား၊ အမွှေးနံ့ရသလား"ဟု မေးပါသည်။

ဘာနံ့မှ မရကြောင်း ပြောပါသည်။ တင်မေခိုင်၏ စကားအဓိပ္ပာယ်ကို မူတည်၍ ပုတ်စော်နံပါက စုန်း-ကဝေဖြစ်သည်။

www.dhammaransi.com



အမွှေးနံ့နံ့ပါက နတ်တိုက်သည် ဖြစ်ကြောင်း စမ်းသပ်ခြင်း.... တမျိုးပင် ဖြစ်ပါသည်။

ခုတော့ ဘာနံ့မှမရ။ လက်ခွဲခြင်း၊ အနံ့အသက်ကို ခွဲခြား စမ်းသပ်ခြင်းမျိုး ပြီးသွားလေသည်။ အဖြေ ပေးရတော့မည်။ တင်မေခိုင်၌ ပယောဂ မရှိကြောင်း ပြောလိုက်သည်။

တင်မေခိုင်သည် ဤသို့.... စမ်းသပ်ခံလိုက်ရသောကြောင့် အနည်းငယ် စိတ်ပေါ့သွားသည်။ သူ၏ ရောဂါသည် ပယောဂ မဟုတ်ကြောင်း သိရှိနားလည်သွားလေသည်။

ပယောဂစမ်းသပ်ခြင်းလုပ်ရပ် ပြီးဆုံးသွားခဲ့လေပြီ။ ပယောဂ ဆရာ၏ အိမ်ပေါ်တွင် ရှိကြသူအားလုံးသည် မိမိတို့လိုရာခရီးသို့ ဆက်ကြသည်။

ကိုအေးလွင်သည် ကိုကိုအောင်အား အပြန်လမ်းခရီး ခွဲမည် အပြု ပယောဂကုသပုံမှာ တဦးနှင့်တဦး မတူကြောင်း ပြောဖြစ် အောင် ပြောလိုက်သည်။

www.dhammaransi.com

# အခန်း (၅)

ကိုအေးလွင်တယောက် မအားလပ်တော့ချေ။

ယခင်က အားလပ်သောအချိန်တွင် ပယောဂကုသခြင်းကိစ္စ လေ့လာနိုင်သည်။ ခုတော့.... ဤသို့မဟုတ်တော့။ အချိန်ရှိခိုက် အိမ်၌သာ အချိန်ကုန်ရပြန်သည်။ သူ့အမေ ရောဂါက နောက်ဆုံး အခြေအနေသို့ ရောက်နေသည်။ ထို့ကြောင့်.... ဆေးရုံမှ အိမ်သို့ ပြန်ခေါ်ရန် ပြောလှာသည်။

သူ့အမေရောဂါက ကင်ဆာ။ သည်လို ရောဂါဖြစ်သူတိုင်း သေကြသည်။ သူ့အမေလည်း သေဖို့ရက် နီးလာသည်။ အမေ အိမ်ရောက်လာသည်။ ဆေးရုံတွင် တင်ထားသည်နှင့်မတူ။

ဆေးရုံတွင် ပြုစုမည့်သူ ဆရာဝန်၊ ဆရာမတွေရှိသည်။ အိမ်ပြန်ရောက်လာသောအခါ မိခင်ကိုအိမ်သားများက ပြုစုရသည်။

www.dhammaransi.com



လူမမာတယောက်ရှိပါက လူကောင်း အားလုံး မအားလပ်ကြရပေ။

အချိန်ကြာညောင်းလာသောအခါ လူမမာ အခြေအနေမှာ ပိုမိုဆိုးဝါးလာတတ်ပြန်သည်။ သေဖို့ရက် နီးကပ်လာသည်ဟု ပြောရမည့်အခြေအနေသို့ ဆိုက်ရောက်သွားသည်။

သို့သော် သေခြင်းတရား ဆိုသည်မှာ အခက်သား။ သေလိုပါသော်လည်း မသေရ။ မသေလိုသော်လည်းလူ့ဘဝတွင်နေရပြန်သေးသည်။ ကံစီမံရာ ခံကြရလေသည်။

နေ့စဉ်ရက်ဆက် လူမမာကို ပြုစုရသည့်အတွက် ညည်းညူလာကြသည်။ လူမမာကို ညီအကိုမောင်နှမများက အလှည့်ကျတာဝန်ယူ၍ ပြုစုကြရသည်။ ဤသို့ပြုစုနေကြရသည့် ကြားကပင် လူမမာက ဖောက်လာသည်။

ထမင်းစားပြီးသော်လည်း မစားရ သေးကြောင်း ပြောသည်။ တောင်မြောက်လေးပါး ရောက်တတ်ရာရာ စကားတွေ ပြောလာသည်။ လူငယ်များ ပြုစုကြရသောကြောင့် လူမမာ၏ အရိပ်အကဲကို မကြည့်တတ်၊ မလေ့လာတတ်၊ ဗဟုသုတ နည်းပါးသေးသည်။

ကိုအေးလွင်တို့အိမ်သို့ လူမမာမေးရန် ရောက်ရှိကြသည့် ဆွေမျိုးတွေလည်း ရှိသည်။ တစိမ်းတရံစာလည်း ရှိသည်။ ဆွေမျိုးတွေထဲမှ ကိုအေးလွင်၏ ကြီးဒေါ်တယောက်သည် အိမ်၌ အမြဲလာနေသည်။ လူကြီးဆိုတော့ အထူးအားကိုးရ၏။

တနေ့ထက်တနေ့ လူမမာ၏ ရောဂါ အခြေအနေ ဆိုးဝါးလာသည်။ ဤအခြေအနေ ရောက်ပေလင့် အစားအသောက်

www.dhammaransi.com



က မပျက်၊ လူကောင်းထက် စားနိုင်သည်။ စားလိုက်ပြန်တော့ ဝသည်ဟူ၍ မရှိ။ စားပြီးရင်း စားပြန်သည်။ လူကောင်းတွေက အကဲခပ်လာသည်။ မသင်္ကာဖြစ်လာသည်။ သတိပြုလာသည်။

လူကောင်းတွေ အိပ်ချိန်တွင် လူမမာက နိုးနေသည်။ နိုးနေသော်လည်း ငြိမ်သက်စွာမနေ။ တညည်းညည်းဖြင့် ဆီမရှိသော လှည်းဘီးကဲ့သို့ပင်။ ညည်းညူသံ ရပ်သွားပါက အစာတောင်းလာသည်။ ဤအခြေ အနေများကို ပြန်လည်သုံးသပ်နေသော ကိုအေးလွင်၏ အဒေါ်တဦးက....

"ငါတော့ မယုံးဘူး.... တခုခု ဝင်ကပ်နေပြီထင်တယ်" ဟု ပြောလာသည်။

ဟုတ်လည်း ဟုတ်ပေသည်။ လူမမာမှာ သူ့အကြောင်းကို အိမ်ရှေ့တွင် တိုင်ပင်ကြသည်ကိုလည်း သူကြားသည်။

"နင်တို့ ငါ့အကြောင်း ဘာတွေတိုင်ပင်နေကြတာလဲ၊ ဆရာတွေ ဘာတွေ မခေါ်ပါနဲ့၊ ငါ ဘာမှ မဖြစ်ဘူး...."ဟု ပြောလိုက်သော စကားကြောင့်....

"ကဲ....ငါမပြောဘူးလား....တခုခုတော့ ကေန်ပါဘဲ"

အမဖြစ်သူကလည်း ပြောလာပြန်သည်။

"လူမမာကြည့်သူတိုင်း လူ့အသက် မရှိတော့ဘူး....ဖုတ်သက် ဝင်နေတာ"ဟု ပြောပါသည်။

အများက ဤသို့ ကောက်နုတ်ချက်ချတော့ ကိုအေးလွင်က စဉ်းစားလိုက်သည်။

"ကျနော့် မေမေ ရောဂါဟာ ဖုတ်ဝင်တာ မဟုတ်ပါဘူး- ရောဂါက ကင်ဆာရောဂါဆိုတော့ ဒီလိုဘဲ အချိန်ကြာတယ်၊

www.dhammaransi.com



အတွင်းလိုက်ပြီး ရောဂါစားနေတာဖြစ်မှာပါ.... လက်တွေလှုပ် ခြေတွေလှုပ် နေတာပါ"ဟု ကိုအေးလွင် ပြန်ပြောသည်။

"နင်တို့ခေတ်လူငယ်တွေဟာ ဘာတခုမှစဉ်းစားဆင်ခြင်ခြင်း မရှိဘူး .. လူမမာတယောက်ဟာ ဖုတ်ဝင်ရင် အစားကြူးတယ်.... ညဆို ထထပြီး အစာရှာစားတယ်၊လူကောင်းတွေအနားမှာရှိရင် ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ပရိယာယ်သုံးတတ်တယ်၊ တကယ့် လူမမာကြီး တဦးလိုဘဲ ဟန်ဆောင်သိပ်ကောင်းတာ...."

အိမ်နီးနားချင်း တဦးကလည်းထိုသို့ပြောသေးသည်။ အများ နဲ့တယောက်ဆိုတော့ ငြင်းလို့မရ၊ အခြေအနေမှန်ကို စဉ်းစားဖို့ လိုလာပြန်သည်။

ကိုအေးလွင်သည် သူ၏ မိတ်ဆွေတဦးနှင့်အတူ ယောက်ကော် ကျွန်း ဆရာတော်ဘုရားထံ သွားရောက်၍ အခြေအနေမှန်ကို လျှောက်ထားသည်။ ဆရာတော်ဘုရား၏ သမထ အာရုံဖြင့် ကြည့်ပြီးပြောပါသည်။

"ရိုးရိုးရောဂါပါ၊ ဖုတ်ဝင်တာ မဟုတ်ပါဘူး၊ ဖုတ်ဝင်တယ် ဆိုတဲ့ လူနာရဲ့ လက္ခဏာတွေဟာ နားရွက်ကပ်နေတယ်၊ လူနာရဲ့ ဆံပင်ကို ရုတ်တရက်ဆွဲနုတ်လိုက်ရင် အစုလိုက် ကျွတ်ပါလာ တယ်...."ဟု ဆရာတော်က အမိန့်ရှိပါသည်။

ကိုအေးလွင်တို့သည် အိမ်သို့ပြန်ရောက်လာကြသည်။ ဆရာ တော် အမိန့်ရှိသည့်အတိုင်း သူ့အမေကို လေ့လာကြည့်သည်။ ဖုတ်ဝင်သောလက္ခဏာမျိုးကိုမတွေ့။ ထို့ကြောင့် သူ့အမေ ရောဂါသည် ရိုးရိုးရောဂါဟု သူ ယူဆသည်။

www.dhammaransi.com



ဤတွင် ပြဿနာတွေ့ရှုပ်လာသည်။

လူမမာသည် ဖုတ်ဟုတ်မဟုတ် စမ်းကြည့်လိုသည်၊လူမမာ၏ အိပ်ရာအောက်တွင် ဩဇာရွက်ထည့်ထားသည်။ ခုံဖိုနပ်ထိုးထား သည်။ ဤသို့ ပြုလုပ်ကြသော်လည်း လူမမာက ညည်းညူမြဲ ညည်းညူလျက်။ စားစရာမပေးလျှင်လည်း တောင်းမြဲ တောင်း နေသည်။

တောင်းသည့်ပစ္စည်း မပေးသောအခါ ကြမ်းလာသည်၊ ရမ်း လာသည်။ ဒေါသသံ ပါလာသည်။ကုတင်ပေါ်မှ ဆင်းချန်ဟန် ပြင်သည်။ တကယ်မူ မဆင်းနိုင်။ အခြေအနေက တင်းမာလာ သည်။ လူကောင်းတွေပင် ညည်းညူလာကြသည်။

"မဖြစ်ပါဘူး....နားလည်တဲ့ဆရာ ခေါ်ပြမှဖြစ်မယ်"

အမဖြစ်သူက အကြံပြုပြန်သည်။ သူမ၏ အကြံကို အားလုံး က လက်ခံကြသည်။ ထိုအထဲတွင် ကိုအေးလွင် တဦးကမပါ၊ သူ တို့က ဖုတ်ထုတ်တတ်သော ဆရာတဦး တွေ့လာသည်ဟု ပြော သံကြားသည်။

ညနေ၏ ဆည်းဆာသည် လှပလျက်ရှိသည်။ အနောက်ဖက် ကောင်းကင်တခွင်မှာမူ နဝရတ်ကိုး သွယ်အဆင်းရှိသည်။

လူတဦးသည် ကိုအေးလွင်တို့အိမ်ပေါ်သို့ ရောက်လာသည်။ ထိုသူကို ကိုအေးလွင်၏ အဒေါ်က 'ဆရာ'ဟု နှုတ်ဆက်လိုက် သည်။ ဆရာဆိုသူအား ကိုအေးလွင်က အကဲခပ် ကြည့်လိုက်ပါ သည်။

အသက်အရွယ် (၆၀) ဝန်းကျင်၊ အသားအရေမှာ ညိုညို၊

www.dhammaransi.com



ပိန်ပိန်ပါးပါး၊ အသက်အရွယ်က ရင့်ရော်ပိုင်းသို့ရောက်နေသော ကြောင့် ဆံပင်တွေမှာ တခေါင်းလုံး ဖွေးဖွေးဖြူလျက်။

တအိမ်သားလုံးက ဆရာ့နံဘေးတွင် ထိုင်နေကြပါသည်။ ဆရာ့အားလောကဝတ်ပြုနေကြသည်။ ဆရာဆိုသူသည် ဆေးပေါ့လိပ်ကို အားပါးတရဖွာရင်း လာချသော လဘက်ရည်ကို ကြည့်ကာ....

"ကလေးမ လဘက်ရည်ကို ပြန်ယူသွားပါ၊ ဆရာတို့က လူမမာအိမ်က ကျွေးတဲ့အစာကို မစားဘူး"ဟု ပြောပါသည်။

ဆရာ၏ အမိန့်ကြောင့် ကိုအေးလွင်၏ အမသည် လဘက်ရည်ပန်းကန်ကို အိမ်ထဲသို့ ပြန်ယူသွားပါသည်။

တဦးနှင့်တဦး အလ္လာပ သလ္လာပ ပြောဆိုကြပြီးနောက် ဆရာ လုပ်သူ၏ ပြုလုပ်ဆောင်ရွက်မည့် ... ကိစ္စကို စောင့်မျှော်နေကြသည်။ ဆရာသည် အိမ်ရှေ့ဘုရားစင်တွင် ဖယောင်းတိုင်မီး ပူဇော်လိုက်ပါသည်။ ထို့နောက် ဝတ်ပြုလိုက်သည်။

အချိန် အနည်းငယ်တွင် သူ၏အိတ်ထဲ၌ပါလာသော အဖြူရောင်ကြိုးတစနှင့်.... ပူးတွဲပါလာသော အပ်တချောင်းကို ယူထုတ်လိုက်ပြီး ဆရာသည် လူမမာရှိရာသို့ သွားပါသည်။

လူမမာ၏ ခေါင်းကို မ,ထားခိုင်းပါသည်။ ခေါင်းအုံး.... အောက်တည့်တည့်တွင် အပ်စိုက်ထားလိုက်ပြီး ဒါပြင်သို့ပြန်ထွက်လာသည်။ ဝန်းကျင်ရှိသူ အားလုံးက ဆရာ၏ လုပ်ရပ်ကို အာရုံစူးစိုက် ကြည့်ခဲ့ကြသည်။ ဆရာသည် ဧည့်ခန်းရှိ ကုလားထိုင်တလုံးပေါ်တွင် ထိုင်ချလိုက်ပြီးနောက်....

"မကြာပါဘူး၊ ဒီဖုတ် ပြေးမှာပါ၊ ဆရာရဲ့ ပညာနဲ့ တွေ့တဲ့

www.dhammaransi.com



လူမမာတိုင်းဟာ ကြာရှည်မခံနိုင်ပါဘူး....၊ ခင်ဗျားတို့ တွေ့တဲ့ အကောင်တွေက တော်သေးတာပေါ့၊ တခါတရံ ဒီထက်မကကြီးတဲ့ အကောင်တွေဆို မနဲဆွဲထုတ်ရတယ်”

“ဒီကောင် ဘယ်အချိန်လောက် ထွက်သွားမှာလဲဆရာ”ဟု ကိုအေးလွင် အမက မေးလိုက်ပါသည်။

“မနက်ဖန်လောက်ဆို ထွက်သွားမှာ၊ထွက်လဲထွက် လူမမာလဲ အသက်မရှိတော့ဘူး”

ဆရာ၏ပြောသံကို ကြားလိုက်ရတော့ ဆရာ့နံဘေးတွင်.... ထိုင်နေကြသော သူများမှာ ဝမ်းနည်းလျက် ရှိနေလေသည်။

ဆရာသည် အိမ်ရှေ့ဦး တဦးတည်း ဆေးလိပ်ထိုင်ဖွာနေသည်။ ကိုအေးလွင်သည် ဆရာ့နားသို့ ချဉ်းကပ်လာပြီး.... သူ့အတွေး အခေါ်ပိုင်းနှင့် ဆရာ၏ အတွေ့အကြုံပိုင်းကို ဆွေး နွေး လေသည်။

“ဆရာ”

ကိုအေးလွင်ခေါ်သံကို ကြားလိုက်သော ဆရာက....

“ဘာလဲ”

“ကျနော် သိချင်တဲ့ အကြောင်းလေး.... မေးချင်လို့ပါ”ဟု ကိုအေးလွင်က မေးလိုက်ပါသည်။

“မင်းက ဘာသိချင်လို့လဲ”

“ဖုတ်ဆိုတာ တကယ်ရှိရဲ့လား...၊ ဆရာမြင်သလား....”ဟု ကိုအေးလွင်က မေးလိုက်ပါသည်။

“ရှိတာပေါ့ကွ”

“ဒီလိုဆို သူတို့ ဘယ်မှာနေသလဲ”

www.dhammaransi.com



"လမ်းပေါ်မှာ၊ သစ်ပင်ပေါ်မှာ၊ တခါတခါ လမ်းမကြီးတွေပေါ်မှာ၊ တကောင်တကောင်ဟာ စည်ပိုင်းလောက်…. ရှိတယ်…."

"ဒီလို လမ်းမကြီးတွေပေါ်မှာ နေရင် သူတို့ကားတိုက်မခံရဘူးလား"

"ကားတိုက်လဲ သူတို့က အရေးမစိုက်ဘူး"

"ဘာ့ကြောင့်လဲ"

"ဒါတော့ ဆရာလဲ မရှင်းတတ်ဘူး၊ ဆရာတော့ ကားလမ်းပေါ်မှာ အိပ်နေကြတာကို မျက်စိထဲ မြင်တယ်"

"ဆရာတယောက်ထဲ မြင်တာပေါ့"

"အေးပေါ့ကွ"

ကိုအေးလွင်သည် ဆရာ့စကားကို ကြားရသောအခါ အထူးအံ့သြခြင်း မဖြစ်။ ထူးဆန်းသည်ဟူ၍ မထင်။အဘယ်ကြောင့်မူ အကြောင်းအကျိုး ကင်းနေလို့ပင်။ ခိုင်လုံသော သက်သေသာခက ရှိရမည်။

သူပြောပါပြောဖြင့် ဆရာလုပ်နေခြင်းသည် ဆရာ၏ အရည်အချင်းက တနေ့တွင် စကား ပြောလာလိမ့်မည်။ဆရာပြောသည့်စကားက မှန်မမှန်…. ဆရာ့လုပ်ရပ်က သက်သေပြပေလိမ့်မည်။ စောင့်ကြည့်ကြပါစို့။

ကိုအေးလွင်တို့ အိမ်မှ ပြန်သွားသည်။ ဆရာ မှာထားသည့် အချိန်သို့ မကျရောက်သေး။ လူမမာကတော့ နဂိုပုံစံအတိုင်း။ ခြေလှုပ် ခေါင်းလှုပ်။ တွန့်ဆုတ် ဆွဲငင်နေတတ်သည်။ပြောင်းလွဲ

www.dhammaransi.com



ခြင်း မရှိ။ တအိမ်သားလုံးက အခြေအနေကို စောင့်ကြည့်နေကြသည်။

ဆရာပြောသည့် အချိန်သို့ ကျရောက်လာပါသည်။ အခြေ... အနေက ထူးခြားမှု မရှိသဖြင့် အားလုံးလိုလိုပင် အတွေးအခေါ် တမျိုး ပြောင်းသွားသည်။

"ဟုတ်မှာလဲ မဟုတ်ပါဘူး၊ ဖုတ်ဆို ခုလောက် ထွက်သွားမှာပေါ့"

သံသယဝင်မှုကို လုံးလုံး လျားလျား မေ့ပျောက်သော ဆန္ဒ သဘောမျိုး မပါ။ ဝန်မခံလို။ ဟုတ်နိုးနိုးဖြင့်....

"မမတို့က အတွေးအခေါ် သိပ်ပြီး ခေါင်းပါးတာဘဲ၊ဖုတ်ရှိမရှိဆိုတဲ့ နေရာ ခု လက်တွေ့စမ်းသပ်ခဲ့တယ် မဟုတ်လား၊အမေ့ ရောဂါဟာ တနေ့တခြား ဆိုးလာတယ်၊ဒီတော့ ရောဂါကြောင့် ဖြစ်တာဘဲ ဖြစ်မှာပေါ့၊ ဒီအတွေးအခေါ် အယူအဆ မဖြောင့် မှန်မှုကြောင့် လူမမာအဖို့ နောက်တဆင့် ဒုက္ခ ရောက်ရတယ်၊ ကျနော်တို့ ဘာသာတရားမှာ ပရိတ်တော်တွေ ရှိတယ်၊အဲဒီပရိတ်တော်ထဲက အာဋာနာဋိယ သုတ်ကို ရွတ်ဖတ်သင့်တယ်၊ အဲဒီ.... သုတ်ကို ဘီလူး၊သရဲ၊သဘက်တို့ ထူပြောတဲ့ အချိန်မှာ ရွတ်ဖတ်သရဇ္ဈာယ်ရတယ်၊

အဲဒီ.... အာဋာနာဋိယ သုတ်ရဲ့ ပရိကံပြုရပုံက ဘီလူး၊ သရဲ၊ သဘက်တို့ နှိပ်စက်ကလူ ပြုမှု ဖမ်းစားမှုခံရတဲ့ အချိန်အခါမှာ.... လိုက်နာပြုကျင့်ဖွယ် ပရိကံကို 'ဝိနာယသင်္ဂဟအဋ္ဌကထာ' စသည် တို့မှာ ပါတဲ့အတိုင်းဆိုရင် ဘီလူး၊ သရဲ၊သဘက်တို့ နှိပ်စက်ကလူ

5

www.dhammaransi.com



ပြုမူ ဖမ်းစားခံရတဲ့ အချိန်အခါမှာ ရှေးဦးစွာ အာဋာနာဋိယ သုတ်ကို မရွတ်သင့်ဘူး၊ မေတ္တာသုတ်၊ ဇဂ်သုတ်၊ ရတနာသုတ်တို့ ကိုသာ ရွတ်သင့်တယ်၊

အကယ်၍ ဖမ်းစားခြင်းမှ လွတ်ရင်ဘဲဖြစ်ဖြစ်၊ ရွတ်ဖတ်ပါ လျက် မလွတ်တဲ့အခါမှာ.... အာဋာနာဋိယသုတ်ကို ရွတ်ဖတ် ရတယ်....၊

အာဋာနာဋိယ သုတ်ရဲ့ အတ္ထုပ္ပတ္တိမှာ ဘုရားရှင်သည် ရာဇ ဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံး.... နေထိုင်တော်မူစဉ် ဝေဿဝဏ္ဏ နတ်မင်းကြီးဟာ သာသနာတော်၌ ကြည်ညိုလေး စားခြင်း မရှိကြကုန်သော ဘီလူး၊ သရဲ၊ သဘက်တို့က ဘုရား ရှင်ရဲ့ တပည့်သားတွေကို နှိပ်စက်ကလူ ပြုမူခြင်းမှ ကင်းလွတ် သောငှာ ဘုရားရှင်၏ တပည့်သားများ သင်အံ လေ့ကျက် နှုတ် တက် အာဂုံဆောင် ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုကြစေဖို့ ဘုရားရှင် အား 'အာဋာနာဋိယသုတ်'ကို လျှောက်ထားတင်ဆက်တယ်၊

ဘုရားရှင်က ဝေဿဝဏ္ဏ နတ်မင်းကြီး လျှောက် ထား တင် ဆက်အပ်သော အာဋာနာဋိယသုတ်ကို တပည့်သားတို့အား.... ထပ်မံ ဟောကြားတော်မူပြီး အာဋာနာဋိယ သုတ်ကို သင်အံ လေ့ကျက် နှုတ်တက် အာဂုံဆောင်ကာ ရွတ်ဖတ်ရန် တိုက်တွန်း တော်မူတယ်လို့ အထူး ပရိတ်တော် စာအုပ်တွေမှာ ပါတယ်"

ဤကဲ့သို့ ကိုအေးလွင် ပြောစကားများကို နားထောင်နေ ကြသော အိမ်သားအားလုံးမှာ ခေါင်း တညိတ်ညိတ်ဖြင့် သမ ရိုးကျ အတွေးအခေါ်များကို မှားယွင်း.... ယုံကြည်နေကြောင်း သဘော ပေါက်သွားကြလေသည်။

www.dhammaransi.com



ကိုအေးလွင်၏ အမေသည် လူ့လောကကြီးမှ စွန့်ခွာသွား ချေပြီ။

မွေးဖွားခြင်း၏ အကြောင်းသည် သေခြင်း၏ အကျိုးအတွက် အထောက်အကူ ပြုလိုက်ခြင်းမှု ထူးဆန်းစရာ မဖြစ်သော်လည်း ဝမ်းနည်းပူဆွေးသော ပရိဒေဝ သောကမီးက နှိပ်စက်လိုက်သဖြင့် တအိမ်သားလုံး ဟစ်အော် ငိုကြွေးသူ ရှိသကဲ့သို့ စိတ်မကောင်း ကြသူလည်း ရှိလေသည်။

★ ★

www.dhammaransi.com

# အခန်း (၆)

အစတော့ ဤလိုကိစ္စမျိုးကို လေ့လာသည့် သဘောမျှသာ ရှင်ဝယ် သိုသိပ်ထားမိသည်မှာ အမှန်။ နောက်တော့ မသွားရ လျှင် ဝတ္တရားတခု ချို့ယွင်းနေသလို စိတ်ထဲ ထင်ရှားသည်။ သည်နေရာသို့ ရောက်လျှင် ပညာတခု တိုးပွားသည့်အလား။

ကိုယ် မသိသောအရာ၊ ကိုယ် မတွေ့သည့် ပညာတရပ်ကို မရှိ ဘူး၊ မဟုတ်ဘူးဟု ငြင်းနိုင်သော အရည်အချင်း မရှိသေး....။ မှန်သည်ဟူ၍ မပြောရဲ....။ တဦးတည်း မှန်သည် ပြောပြန်ရင် မမြင်ဘူးသောသူ၊ မကြုံဘူးသောသူတွေ ရယ်ကြမည်။

ဤကဲ့သို့ ဘဝမျိုး ကြုံလာပါက မျောက်ပန်း ကစားသမား ကဲ့သို့ ရှိနေပြန်သည်။ မျောက်ဘက် ကြိုက်သူ ထိုးသားရှိသလို.... ပန်းဘက်ကြိုက်သူ ထိုးသားတွေလည်း ရှိသေးသည်။လေ့လာရဦး မည်။ ဖတ်ရဦးမည်။

www.dhammaransi.com



မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ရောက်ခါစ နှစ်တုန်းကမူ အရှင်လက္ခဏမထေရ်နှင့် အရှင် မဟာ မောဂ္ဂလာန် မထေရ်တို့သည် ရာဇဂြိုဟ်မြို့၏ မြောက်ဖက် တစပ်တည်း တည်ရှိသော ဂိဇ္ဈကုဋ်တောင်မှာ သီတင်း သုံးနေတော်မူလေသည်။ တနေ့သောအခါတွင် ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံရန် တောင်ပေါ်မှ ဆင်းတော်မူလေသည်။

မထေရ်နှစ်ပါး ဆင်းလာစဉ် လမ်းခုလပ်တွင် အရှင် မဟာမောဂ္ဂလာန်က အဘိညာဉ် မျက်စိဖြင့် အရိုးစု ပြိတ္တာကောင်ကို တွေ့မြင်ရလေသည်။

၎င်းပြိတ္တာကို ငှက်တမျိုး၊ ကျီးမျိုး၊ စွန်မျိုးက လိုက်ပြီး နံရိုးကြားထဲရှိသော အူ၊ အသည်း စသည်တွေကို ထိုးကြဆိတ်ကြလို့ အင်မတန် နာကျင်တဲ့အတွက် ကျည်ကျည်လောင်လောင်.... ဟစ်အော်မြည်တမ်းပြီး ကောင်းကင်မှ ပြေးသွားလေသည်။

လူတို့ ပကတိမျက်စိဖြင့်.... မမြင်နိုင်သော သတ္တဝါတွေကို အဘိညာဉ်မျက်စိဖြင့်.... မြင်လေသည်။ ထိုတရားကို မဟာစည် ဆရာတော် ဘုရားကြီးသည် ဘာရသုတ္တန်တော်မှ ကောက်နုတ် ဟောတော်မူလေသည်။

ဤကဲ့သို့ တရားတော်များ နာယူရတော့လည်း.... ရှိသည်ဟု ဝန်ခံရပြန်သည်။ ဈာန်အဘိညာဉ်တရားနှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် ဖေါ်ပြထားသည်။

ယောက်ကော်ဆရာတော်ဘုရားသည် သတ္တဝါကယ်ဆယ်ရာ၌ ပယောဂရှင် အချို့ကို ကုသကြောင်း သတင်းရသည်။ ထို့

www.dhammaransi.com



ကြောင့် ယောက်ကော်ကျွန်းမြတ် ဓမ္မရိပ်သာသို့ သွားကြလေသည်။

အဖေါ်အပေါင်းများဖြင့် စည်စည်ကားကား ပျော်ပျော်ပါးပါး စုဝေး၍ သွားခြင်းမျိုးတော့ မဟုတ်ပေ။ သူတို့ နှစ်ဦးသား၊ ကိုကိုအောင်နှင့် ကိုအေးလွင်။

ကားဂိတ်အဆုံး ရောက်ပြီး.... ရွှေခရီးကို လမ်းလျှောက်၍ သွားကြသည်။ ငမိုးရိပ်တံတားကို ကျော်ဖြတ်ကြသည်။ တံတားပေါ်မှ ချောင်းထဲသို့ မျက်စိတဆုံး ကြည့်မိသည်။ ရေပေါ်တွင် မှော်ပင်များ၊ မြက်ရိုင်းပင်များ၊ ဗေဒါနှင့် ဒိုက်ပင်များ.... ရောထွေး မြောပါနေသည်။

ချောင်းစပ်နားတွင် တံငါလေတဦး ငါးပိုက်ချနေသည်ကို တွေ့ရလေသည်။ ဤမှတဆင့် လှမ်းကြည့်လိုက်ပါက ယောက်ကော်ကျွန်းမြတ်တွင် သီတင်း သုံးနေတော်မူသည့် စကြာရန်အောင် မြင့်မိုရ်တောင် စေတီတော်ကြီးကို ဖူးမြော်ရလေသည်။

ကားတတန်၊ ကုန်းကြောင်းတတန် လျှောက်ရသော်လည်း သူတို့ ခြေထောက်တွေက ညောင်းညာခြင်း မရှိ။

သဘာဝအလှများသည် စက္ခုအာရုံဝယ် လှပနေသည်။ ကားလမ်းမှ ကျော်၍ တာရိုးပေါ်သို့ လျှောက်မိကြသည်။ လျှောက်ချင်း၊ ငေးရင်း ရှုမျှော်၍ မဆုံးနိုင်သော လယ်ကွင်းပြင်ကြီးသည် ရေထဲ၌ နစ်မြောနေသည်။

စိုပြေ စိမ်းလန်းသော ကောက်ပင်တို့သည်ကား.... ရေထဲမှ ခေါင်းပြူနေကြသည်။ ပင်လယ်ပြင်ကြီးကဲ့သို့ အပြောကျယ်လှသောလယ်ကွင်းတို့ကား အဆုံးအစ မရှိ။ ရေနှင့်ဖွေးနေသည်။

www.dhammaransi.com



နေသည် တစစမြင့်တက်လာသော်လည်း ဖြန့်လျက်လွှမ်းမိုးလိုက်သော ရွှေမှုတောက်ပသည်ထက် တောက်ပလာလေသည်။

လယ်ကွင်းပြင်ကို ကျော်ဖြတ်၍ လန်းဆန်းသော လေနုအေးတွေတိုက်လျက်ရှိသည်။ ကိုအေးလွင်သည် လေကိုတဝကြီး ရှူလိုက်သည်။

သူ့တကိုယ်လုံးမှာလည်း လန်းဆန်းလာသည်။ပေါ့ပါးသွက်လက်လာသည်။ လမ်းလျှောက်နေသော သူနှစ်ဦးတွင် ကိုအေးလွင် ခြေလှမ်းက ပိုမိုသွက်သည်။

"သူငယ်ချင်း ဖြေးဖြေးလျှောက်ပါအုံး"ဟု ကိုကိုအောင်က ပြောလိုက်သောအခါ....

"စိတ်ကတော့ ဖြေးဖြေးလျှောက်နေတာဘဲ၊ ကိုယ်ကမြန်နေတာပါ"

"ဘာ့ကြောင့် ကိုယ်က ဒီလောက်ပေါ့နေရတာလဲ"

"လေတွေဝဝရှူထားလို့ပါ...."

"ဒီလိုဆို ကျနော်လဲ လေဝအောင် ရှူလိုက်အုံးမယ်" ဟု ပြောပြီး ရင်ကော့ကာ လက်နှစ်ဖက်ဆန့်လျက် ရှူလိုက်ပါသည်။

"ဒီလိုပုံစံမျိုးဆို ဟန်ကျပြီ မသိတဲ့လူက ကျန်းမာရေး လိုက်စားနေတယ်လို့ ထင်နေအုံးမှာ...."

ကိုအေးလွင်က ရယ်ရင်းပြောလိုက်ပါသည်။

"ကဲ....သူငယ်ချင်း လေကြောသိပ်ရှည်မနေနဲ့ တော်တော်ကြာ ပယောဂ ကုတာ မတွေ့ဘဲ နေအုံးမယ်...."

သူတို့နှစ်ဦးသား ဆက်လျှောက်ပြန်သည်။ ကျောင်းဝင်းဝတွင် ဆင်ရုပ်ကြီး နှစ်ရုပ်၊ရင်းအရုပ်ကြီးပေါ်တွင် ဝိဇ္ဇာရုပ်နှစ်ရုပ်၊

www.dhammaransi.com



သံတံခါးနှစ်ဖက်ဖွင့်လျက်၊ ကျောင်းပရဝုဏ်ထဲသို့ ရောက်လာကြသည်။

ငမိုးရိပ်ချောင်းစွယ်၏ ရေအလျဉ်မှာ အစီးသန်နေသည်။ ၎င်းချောင်းစွယ်ကို ဖြတ်ဆောက်ထားသော သံတံတားတခု၊ သူတို့နှစ်ဦး တံတားပေါ်သို့ ရောက်လာကြသည်။

ချောင်းနံဘေး ဂဏန်းဖမ်းနေသော ကလေးတသိုက်ကို တွေ့ရပါသည်။ တံတားအစွန်းသို့ရောက်လင့်၊ မြို့ရိုး မုခ်ဝသဖွယ် ဆောက်ထားသော အုတ်မုခ်ဝ၊ ထိုနေရာမှကျော်၍ဖြတ်လျှောက်မည် အပြု၊ ကိုရင်တပါးကို တွေ့ကြသည်။

"ကိုရင်....ဆရာတော် ဘယ်မှာရှိသလဲ...."

ကိုကိုအောင်က မေးလိုက်ပါသည်။

"ဓမ္မာရုံထဲမှာ ရှိပါတယ်" ဟု အဖြေပေးလိုက်ပါသည်။

ကျောင်းထဲ၌ ထင်းရှူးပင်များ အစီအရီ စိုက်ထားသည်။ လေအဝှေ့ ယိမ်းနွဲ့နေကြသည်။ သူတို့နှစ်ယောက် ဓမ္မာရုံထဲသို့ ရောက်လာကြသည်။ ပရိသတ်နည်းသဖြင့် ကျယ်ဝန်းသော ဓမ္မာရုံအတွင်းရှိ အရာတိုင်းကို ပီပီပြင်ပြင် မြင်တွေ့ရသည်။

ဆရာတော်၏ ဥပမိရုပ်က ခန့်ညားသည်။ သက်တော်က သုံးဆယ့်သုံးနှစ် ဝန်းကျင်၊ မျက်နှာက ကျန်းမာ သန့်ရှင်းသည့် အသွင်ကို ဆောင်သည်။ အသားအရေမှာ ညိုသည်။ မျက်နှာက ဝိုင်းလုံးသည်။

ခိုင်မာတောင့်တင်းသည်၊ ဝဖြိုးသည်၊ အရပ်အမောင်းက မနိမ့်မမြင့်၊ ဇွဲကောင်းခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ တည်ကြည်

www.dhammaransi.com



ခြင်း စသည့်သဘောများကို ဆောင်သည်။ အမိဋ္ဌာန်ပါရမီရှင်တဦး၏ ရုပ်သွင်လက္ခဏာမျိုးရှိသည်။

သူတို့နှစ်ဦးသည် ဆရာတော်ဘုရားထံ ချဉ်းကပ်၍ ဝတ်ပြုလိုက်သည်။

ဆရာတော်သည် နံဘေး ခပ်လှမ်းလှမ်းတွင်ရှိသော ယောဂီဝတ်စုံအပြည့် ဝတ်ဆင်ထားသော အသက်အရွယ် (၆၀)ရှိ လူတယောက်အားပွဲတွင် မီးထွန်းရန် အမိန့်ပေးလိုက်ပါသည်။

မကြာမီ ဓမ္မာရုံထဲသို့ မိန်းမရွယ်တဦး ဝင်လာပါသည်။ အဝတ်အစားက မဟောင်းမနွမ်း၊ ကိုယ်ကာယမှာ ပိန်လှီသည်။ အသားအရည်မှာ မွဲခြောက်ခြောက်၊ရောဂါဝေဒနာတခုကြောင့် စိတ်ထိခိုက်နေပုံအသွင်။

သူ၏ ခြေလှမ်းတွေက လေးလံနေသည်။ မရွှင်ပျသော မျက်နှာတခွင်က သုန်သုန်မှုန်မှုန်။

သူမသည် ဆရာတော်အား ဝတ်ပြုလိုက်ပါသည်။

ဤကဲ့သို့ မော်လမြိုင်မှ ပယောဂဝေဒနာရှင် တဦးကို ကုသပြီးနောက်- အရပ် ထောင်ထောင် မောင်းမောင်းနှင့် အသက်အရွယ်အားဖြင့် (၅၀)ကျော် အသားဖြူဖြူ၊ အင်္ဂါရုပ်ကြမ်းကြမ်းနှင့် သူတဦးသည် ဆရာတော်ဘုရားရှေ့မှောက်သို့ ရောက်ရှိလာပြန်သည်။ ၎င်းသည် ဂိုဏ်းဆရာတဦးဖြစ်ပါသည်။

ပယောဂဖြစ်နေသောကြောင့် ဆရာတော်ဘုရားထံ လာရောက်ကုသပါသည်။ ၎င်းဝေဒနာရှင်မှာ အတော်ပင် အခြေအနေဆိုးဝါးလျက်ရှိပါသည်။ ယုတ်ကြမ်းသော စကားတွေကို ပြောဆိုတတ်ပါသည်။

www.dhammaransi.com



သူ၏ မျက်စိထဲတွင် မြင်သူတွေအားလုံးကိုပင် ရန်သူသဖွယ် ဆက်ဆံတတ်ပါသည်။ ခေါးနှင့်ခုတ်မည်၊ တုတ်နှင့် ရိုက်မည်ဟု ပြောဆိုကြိမ်းမောင်းနေတတ်ပါသည်။

ထိုသူသည် ဆရာတော်ရှေ့မှောက်သို့ ရောက်လာသောအခါ ပြောဆိုမှုမရှိ၊ ဆဲရေးတိုင်းထွာမှုမရှိ၊ ပကတိ ငြိမ်သက်နေပါသည်။ ဆရာတော်ဘုရား ကုသမှုကြောင့် ပျောက်ကင်းသွားပါသည်။

သို့ကြောင့် ဆရာတော်ဘုရားထံ ကိုအေးလွင်က ချဉ်းကပ်မေးမြန်းသည်။

"အရှင်ဘုရား ယခုလို ပယောဂကုသတဲ့ခါ အခြားပယောဂဆရာတွေလို ခမ်းသပ်မှုမရှိဘဲ၊ ဘယ်ပေါ်မှာ မှီငြမ်း ကုသပါသလဲဘုရား"ဟု ရိုသေစွာ လျှောက်ထားလိုက်ပါသည်။

"ငါတပည့်....ဆရာတော် တချိန်က ပယောဂ ကုသတဲ့နေရာမှာ သင်္ကေတနဲ့ ကုသတယ်၊ ခုတော့ (သမထ)အာရုံခံပြီး ဝေဒနာရှင်ရဲ့ အကြောင်းကို ကြည့်ပြီး ကုသပါတယ်"

"တင်ပါ့ဘုရား...."

ဆရာတော် ဘုရားသည် (အာပေါ) ကသိုဏ်းကို ကျင့်ကြံအားထုတ်မှုကြောင့် (သမထ) အာရုံများ ရရှိကြောင်း သိခွင့်ရပါသည်။

"အရှင်ဘုရား သာသနာပြုလုပ်ငန်းမှာ ဘယ်ဆရာတော် ပညာရပ်များ ဆည်းပူးခဲ့ပါသလဲ"

ဆရာတော်ဘုရားသည် မိမိတွေ့ခဲ့ရသော ထွက်ရပ်ပေါက်

www.dhammaransi.com



ဆရာ ယက္ကန်းစင်တောင် ဆရာတော် ဦးသြဘာသ အကြောင်းကို ဒေမိန့်ရှိပါသည်။

သည်းနှကျွန်းဘောက်ထော် ရွှေနားပန် ကျောင်းတိုက်ဆရာတော် ဦးပညာဝံသမှာ ဥပဇ္ဈာယ်ဆရာ ဖြစ်လေသည်။ ဘွဲ့တော်မှာလည်း ဦးသဒ္ဓမ္မသိဒ္ဓိဘွဲ့ ကိုပင် ခံယူလေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိသည် သာသနာတော်ကို ကြည်ညိုလှစွာဖြင့် ရဟန်းဝိနည်းတော်ကို ကောင်းစွာစောင့်ထိန်းတော် မူလေသည်။ တခါသော် မြန်အောင်မြို့နယ် ညောင်တေးရွာသို့ ရောက်၍ ဘုရားပြုပြင်ရန် ကိစ္စများကို ကျောင်းထိုင်ဆရာတော်၏ အမိန့်အရ စီမံဆောင်ရွက်ပေးရလေသည်။

ဘုရားအတွက် ဘိလပ်မြေ ဝယ်ယူရန် ကျောင်းထိုင်ဆရာတော်က ဦးသဒ္ဓမ္မသိဒ္ဓိနှင့် ဦးနရိန္ဒဦးပဥ္စင်း နှစ်ပါးကို ရန်ကုန်မြို့သို့ စေလွှတ်တော် မူလေသည်။

ရန်ကုန်မြို့တွင် လိုအပ်သောကိစ္စများ ပြီးစီးသောအခါ တနေ့သောညတွင် ဦးသဒ္ဓမ္မသိဒ္ဓိသည် အဖော်ဦးပဥ္စင်းနှင့်အတူ မြန်အောင်မြို့သို့ပြန်ရန် ရန်ကုန်မှ ညထွက်သော ပြည်မီးရထားကို စီးနင်းလာခဲ့လေသည်။

မီးရထားထွက်သောအခါ ဦးသဒ္ဓမ္မသိဒ္ဓိ စီးနင်း လိုက်ပါလာသော တွဲထဲတွင် ဆံပင်ရှည် ဖွားရရားနှင့် သင်္ကန်းဝတ် စုတ်ပြတ် ညစ်နွမ်းနေသောရဟန်းအိုကြီးတပါး သီတင်းသုံးနေသည်ကို တွေ့ရလေသည်။

ပထမသော် ရဟန်းကြီးအား စိတ်မနှံ့သော ဘုန်းကြီးတပါးဟုပင် သဘောထားကာ အမှတ်မဲ့ဘဲ နေမိလေသည်။

www.dhammaransi.com



သို့ရာတွင်.... မီးရထားထွက်၍ အတန်ငယ် ကြာသောအခါ လက်မှတ်စစ်များ တက်လာ၍ ခရီးသည်များ လက်မှတ်စစ်ဆေးရာ အခြားခရီးသည် အားလုံးကို တယောက်မကျန် လက်မှတ်.... စစ်ဆေးသော်လည်း ရဟန်းအိုကြီးကိုမူ လုံးဝ လက်မှတ်မစစ်ဘဲ ရှောင်ကွင်း သွားကြလေသည်။

ထိုအခါ ဦးသဒ္ဓမ္မသိဒ္ဓိသည် ရဟန်းအိုကြီးအား ထူးခြားသည်ဟု သတိထားမိလေသည်။

စင်စစ်သော်ကား ရဟန်းအိုကြီးသည် ထိုထက်ပို၍ စိတ်ဝင်စားစရာ ဖြစ်နေလေသည်။

ခရီးသည်တိုင်း တစစ်စစ် ကိုက်ခဲနေသော ခြင်များ၊ ကြမ်းပိုးများကြောင့် တမိနစ်မျှ အငြိမ်မနေနိုင်အောင် တလှုပ်လှုပ်.... တကုတ်ကုတ် ဖြစ်နေကြသော်လည်း.... ရဟန်းအိုကြီးမှာကား တချက်မျှ မဖြုန်ဘဲ တည်ငြိမ်သော စက္ခုဣန္ဒြေနှင့် ငြိမ်သက်စွာ ထိုင်မြဲထိုင်၍ နေသည်ကို မီးခြစ်၍ ကြည့်တိုင်း ထင်ထင်ရှားရှား တွေ့မြင်နေရလေသည်။

ခရီးလမ်း တလျှောက်တွင် မီးရထား လက်မှတ်စစ်များ ပြောင်းလဲ၍ အသစ်လာရောက် လက်မှတ်စစ်လေတိုင်း ရဟန်းအိုကြီးကိုမူ ချန်လှပ်၍ သွားကြသည်ချည်းသာ ဖြစ်လေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိသည် အံ့ဩသောစိတ်ကို မမြိုသိပ်နိုင်ဘဲ ရဟန်းအိုကြီး အနီးသို့ ချဉ်းကပ်၍ မည်သည့် အရပ်သို့ ကြွမည်ဖြစ်ကြောင်း လျှောက်ထားလေသည်။

"ငါ ပုသိမ်ကို ကြွမယ်"

ရဟန်းအိုကြီးက တိုတိုပြတ်ပြတ်ပင် မိန့်ကြားလေသည်။

www.dhammaransi.com



"အရှင်ဘုရား.... ဘယ်မှာ.... သီတင်း သုံးတော်မူပါသလဲ ဘုရား"

ဦးသဒ္ဓမ္မသိဒ္ဓိက ထပ်မံ၍ လျှောက်ထား မိပြန်လေသည်။

"လမ်းဘေးမှာ ငါ့ နေရာချဉ်းဘဲ"

ရဟန်းအိုကြီးသည် တခွန်းသာပင်.... တုံးတိတိ မိန့်ကြားပြီး နောက် နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေလေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိသည် ထပ်မံ၍ မလျှောက်ထားတော့ဘဲ စိတ်ထဲ တွင်သာ ထိုရဟန်းအိုကြီး.... အကြောင်းကို သိလိုစိတ် ပြင်းပြ၍ ရဟန်းအိုကြီး ကြွလေရာသို့ လိုက်ပါအကဲခပ် လေ့လာရလျှင် ကောင်းမည်ဟု စဉ်းစား တွေးဆ၍ နေမိလေသည်။

ပုသိမ်ဆိုတော့ တန်ခိုးကြီး ဘုရားတွေ ရှိပါလျက် တပည့် တော်တော့ တခါမှ မရောက်ဘူးပါ ဘုရားဟု လျှောက်ထားလေ လျှင် ရဟန်းအိုကြီးက 'မောင်ပဥ္စင်းကို ခေါ်မယ်'ဟု.... အမိန့်ရှိ လေသည်။

မီးရထားကြီးသည် တညလုံး ခုတ်မောင်းလာခဲ့ရာ ညဥ့်သန်း ခေါင်ယံတွင် လက်ပန်တန်း လမ်းခွဲ ဘူတာသို့ ဆိုက်ကပ်၍ သာရဝေါဖက်သို့ ထွက်ခွာမည့် မီးရထားကို ပြောင်း၍ စီးကြရ ပြန်လေရာ ရဟန်းအိုကြီးနှင့် ဦးပဥ္စင်းနှစ်ပါးမှာ တတွဲတည်းပင် ဆုံမိကြပြန်လေသည်။

အရုဏ်တက်ပြီ ဖြစ်သည့်အပြင် အချိန်လည်း ရှိသေးသဖြင့် ဦးသဒ္ဓမ္မသိဒ္ဓိသည် အရုဏ်ဆွမ်း ဘဉ်းပေးရန် ဆွမ်းဝယ်၍ ဆွမ်း တပွဲကို ရဟန်းအိုကြီးအား ကပ်ရန် ပြင်ဆင်ရာ အတူပါသော ဦးပဥ္စင်းကရဟန်းအိုကြီးအားဆွမ်းမကပ်ရန်ဟန့်တားလေသည်။

www.dhammaransi.com



ဦးသဒ္ဓမ္မသိဒ္ဓိကလည်း ရဟန်းအိုကြီးကိုမှ ဆွမ်းမကပ်ရလျှင် မိမိလည်း ဆွမ်းဘုဉ်းမပေးတော့ဟုမိန့်ကြားလေမှ ကပ်နှင့်ရလေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိသည် ဆွမ်းပွဲတပွဲကိုရဟန်းအိုကြီးအနီးသို့ သွားရောက် ကပ်လှူလေရာ 'မင်းဘဲ ပါးစပ်မသာချ ငါတော့မချဘူး' ဟူ၍ တိုတိုပြတ်ပြတ်ပင် မိန့်ကြားလေသည်။

အသားငါးတို့ကို စားသောက်နေကြသော လူတို့၏ပါးစပ်မှာ စင်စစ်အားဖြင့် အသေကောင်တို့ကို မသာချ မြှုပ်နှံရာတွင် သင်းချိုင်းတွင်းဝကဲ့သို့ပင် အလားသဏ္ဌာန် တူပေသည်။

ထို့ကြောင့် ရဟန်းအိုကြီး၏စကားမှာ တရားသဘောအားဖြင့် မှန်ကန်ရပေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိ ရဟန်းအိုကြီး အပေါ်တွင် စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာကာ ထိုရဟန်းအိုကြီးနှင့်အတူလိုက်တော့မည် ဟူ၍ပင် စိတ်ဒုံးဒုံးချလိုက်မိလေသည်။

သို့ရာတွင် ဝတ္ထုငွေကို အတူပါသူ ဦးပဥ္စင်းကသာ ကိုင်တွယ်ထိန်းသိမ်းပေးရာ ဟသာတ ဘူတာသို့ ရောက် ၍ ဦးပဥ္စင်းက မြန်အောင်သို့ လမ်းခွဲသွားခဲ့လျှင် မိမိလက်ဝယ်၌ ဝတ္ထုတပြားတချပ်မှကျန်ရှိတော့မည်မဟုတ်၍ စိတ်ပူပန်မိလေသည်။

"မောင်ပဥ္စင်း ငွေအတွက် စိတ်ပူမနေနဲ့"

ရဟန်းအိုကြီးက ဦးသဒ္ဓမ္မသိဒ္ဓိ၏စိတ်ထဲတွင် ဖြစ်ပေါ်နေသမျှကို သိမြင်နေဘိသကဲ့သို့ မိန့်ကြား လိုက်လေသည်။

သာရဝေါ ဘူတာမှ အဆင်းတွင် အဖော် ဦးပဥ္စင်းသည် မြန်အောင်သို့သွားရန်ဖြစ်သဖြင့် သာရဝေါ ဘူတာတွင် ဆောင်

www.dhammaransi.com



ရွက်စရာများအတွက် နောက်ချန် နေခဲ့သဖြင့် ရဟန်းအိုကြီးနှင့် ဦးသဒ္ဓမ္မသိဒ္ဓိတို့သည်ဟင်္သာတကူးတို့သင်းဘောပေါ် သို့တက်ခဲ့ကြလေသည်။

သင်းဘောပေါ်တွင် ဦးသဒ္ဓမ္မသိဒ္ဓိသည် ဝတ္ထုငွေမပါရှိသဖြင့် သင်းဘောခတောင်းမည်ကိုစိုးရိမ်ကာ ပဲ့ပိုင်းတွင် ခပ်ယို့ယို့ မရဲတရဲ ထိုင်၍ နေလေရာ ရဟန်းအိုကြီးကမူ၊ ရဲရင့်ဝံ့စားစွာပင် ထိုင်ခုံပေါ် သို့သွားရောက်ထိုင်လေသည်။

ရဟန်းအိုကြီးသည် ဦးပဥ္စင်းအား တချက်ကြည့်၍....

"မောင်ပဥ္စင်း ဒီနားလာနေ၊ ငါရှိတယ်" ဟု ခေါ်သဖြင့် အနားသွား၍ မရဲတရဲထိုင်ရလေသည်။

သင်းဘောပေါ်တွင် သံဃာတော် (၆) ပါးခန့် ပါရှိလေသည်။ သို့ရာတွင် သင်းဘော လက်မှတ်စစ်များ တက်လာသောအခါ ရဟန်းအိုကြီးနှင့် ဦးသဒ္ဓမ္မသိဒ္ဓိတို့ နှစ်ပါးကိုသာ လက်မှတ်မစစ်ဘဲချန်ထားလေသည်။

သို့နှင့်ပင် ဟင်္သာတ တဖက်ကမ်းသို့ရောက်သောအခါ၊ရဟန်းအိုကြီးက ဆိုက်ကားတစီးကို လှမ်း၍ခေါ်ပြီးနောက် ဦးပဥ္စင်းပါ စီး၍ မီးရထားဘူတာသို့လာကြလေသည်။

ဆိုက်ကားပေါ်မှဆင်းသောအခါ ရဟန်းအိုကြီးသည် လှည့်၍မျှ မကြည့်ဘဲကြွသွားလေရာ ဆိုက်ကားသမားသည်ပိုက်ဆံပင် မတောင်းဘဲ ရဟန်းနှစ်ပါးအား ကန်တော့ရင်း ကျန်ရစ်ခဲ့သည်ကိုသာတွေ့ရလေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိသည် အဖော်ပါသူဦးနရိန္ဒနှင့်လမ်းခွဲကာရဟန်းအိုကြီးနှင့်အတူ ပုသိမ်သို့ လိုက်ပါလာခဲ့လေသည်။

www.dhammaransi.com



လမ်းတလျှောက်လုံးတွင် ရဟန်းအိုကြီးသည် အဟာရ တစုံ တရာမျှဘုဉ်းပေးသည်ကို မတွေ့ရပေ။

ဦးသဒ္ဓမ္မသိဒ္ဓိ ဘုရားပွဲပြင်ရာ မြန်အောင် ဈေးတောင်တေးရွာတွင် ကား ဦးသဒ္ဓမ္မသိဒ္ဓိတပါးမှာ ဘုန်းကြီးရှုးကြီး နောက်သို့ လိုက် ပါသွားပြီဟူ၍သာ သတင်းပျံ့နှံ့ ကျန်ခဲ့လေသည်။

ရဟန်းအိုကြီးသည် ရှေ့ကသွား၍ ဦးသဒ္ဓမ္မသိဒ္ဓိကလည်းကြည်ညို ယုံကြည်စွာဖြင့် နောက်မှ လိုက်လေသည်။

ပုသိမ်အနောက်ဖက် ရခိုင်ရိုးမတောတန်းကြီးဆီသို့ နွားချည် ကြိုးချည်နှင့် သုံးညနှင့် တနေ့သွားကြရာ၊ မိုင်နှစ်ဆယ်ကျော်မျှ ခရီးပေါက်ခဲ့ပြီးသော်၊ ရေကြည်အိုင် စခန်းရှိ တောင်စောင်း လိုဏ်ဂူကြီးတခုသို့ရောက်သွားကြလေသည်။

လမ်းခရီး တလျှောက်လုံးတွင် ရဟန်းကြီးက ဦးသဒ္ဓမ္မသိဒ္ဓိ အား ရေမန်းကိုသာတိုက်လေသည်။လိုဏ်ဂူသို့ရောက်ရှိ၍ နေ့ထိုင် သီတင်းသုံးကြသော အခါတွင်လည်း ဆွမ်းကိစ္စကို သတိမရ၊ ဆာလည်းမဆာဘဲ ရှိကြသဖြင့် ဦးသဒ္ဓမ္မသိဒ္ဓိမှာ ပို၍အံ့ဩခြင်း ဖြစ်ရလေသည်။

ရဟန်းအိုကြီးသည် ဦးပဥ္ဇင်းအား 'သိဒ္ဓိအောင်' ဂါထာကို ရွတ်ဆိုရန် သင်ကြားပေး၍ ဂုဏ်တော် ပုတီးစိပ်ရန်လည်း ညွှန်ပြ လေသည်။

မေတ္တာကမ္မဋ္ဌာန်းပွားနည်းနှင့်၊ အာပေါကသိုဏ်းရှုနည်းများ ကို တပ်အပ် သေချာ ညွှန်ပြ သင်ကြားပေးလေသည်။

၎င်းတွင် ရဟန်းအိုကြီးသည် အကျင့်ထူး ရှိသော ပုဂ္ဂိုလ်ကြီး

www.dhammaransi.com



တပါးဖြစ်ကြောင်း ဦးသဒ္ဓမ္မသိဒ္ဓိက စဉ်းစား သိမြင် လာလေသည်။

ရဟန်းအိုကြီး မိန့်ကြားဆုံးမသည့်အတိုင်း စေ့စေ့စပ်စပ်လိုက်နာ ကျင့်ဆောင်လေသည်။

ထိုအခါမှ ရဟန်းအိုကြီးအား....

"အရှင်ဘုရားဘွဲ့တော်ကိုသိပါရစေဘုရား၊ တပည့်တော်အား တပည့်ရင်းအဖြစ် အမှတ်ပြုတော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

"အိမ်း.... ယက္ကန်းစင်တောင် ဆရာတော် 'ဦးဩဘာသ'ဆိုတာ ကြားဘူးသလား မောင်ပဉ္စင်း"ဟု မေးလေသည်။

"မှန်ပါ ကြားဘူးပါတယ် ဘုရား"ဟု ဦးပဉ္စင်းက လျှောက်ထားလေသည်။

"အဲဒီ ယက္ကန်းစင်တောင် ဆရာတော်ဟာ ငါဘဲ၊ ငါ့ရဲ့ လူအမည်က ဆရာကွန်းဘဲ၊ ငါဟာ ၁၂၆၆- ခုနှစ်က မန္တလေးမြို့ ရွှေလက်ဝါး ပယင်းရောင် ဆေးတိုက်က ထွက်လာခဲ့တာဘဲ"ဟု ဆက်လက် မိန့်ကြားလေသည်။

ဆရာတော်သည် ထွက်ရပ် ပေါက်သွားသည်ဟု ထင်ရှား.... ကျော်ကြားသော ယက္ကန်းစင်တောင် ဆရာတော်ဖြစ်ကြောင်း သိရသောအခါ အတိုင်းမသိ ဝမ်းမြောက်မိလေသည်။

ဆရာတော်သည် မည်သည့်အခါမျှ လဲလျောင်း၍ မကျိန်းစက်၊ ထိုင်လျက်- စင်္ကြံသွားလျက်ပင် သမထ ဝင်စားလေ့ ရှိလေသည်။

www.dhammaransi.com



လှိုဏ်ဂူအတွင်း မီးပိုထား၍၊ တခါတရံတွင် ဆရာတော်သည် တောင်ပေါ်သို့ တက်ကြွကာ မျက်စိတဆုံးတွင်.... ပျောက်ကွယ်သွားတတ်လေသည်။

တနေ့သောအခါတွင် ယက္ကန်းစင်တောင် ဆရာတော်ကြီးသည် ဦးသဒ္ဓမ္မသိဒ္ဓိ အနီးသို့ ကြွလာ၍....

"မောင်ပဥ္စင်းကို သာသနာတော် ပြုစုပြီး သတ္တဝါများကို ကယ်ရန် ပညာပေးမည်၊ အကျင့်သိက္ခာနည်း ပေးမည်၊ ဂတိပြုသစ္စာ ခံနိုင်ပါမည်လား" ဟု မေးမြန်း မိန့်ကြားလေသည်။

"မှန်လှပါ သစ္စာ ဂတိပြုပါမည် ဘုရား"

ဦးပဥ္စင်းက ကြည်နူး အားရစွာ လျှောက်တင်လေသည်။

"မောင်ပဥ္စင်းသည် မဟာဂန္ဓာရီ ပညာ ခရှိမည်၊ ဤပညာဖြင့် စီးပွားမရှာရ၊ သတ္တဝါများအပေါ် ပလွားမှု မပြုရ၊ ဤပညာခွင်သည် တစုံတဦးအတွက် မဖြစ်စေရ၊ ဆွေမျိုးများ.... တပည့်များ အတွက်သာ မဖြစ်စေရ၊ အများအတွက် ဖြစ်စေရမည်၊ နားလည်ရဲ့လား မောင်ပဥ္စင်း"

"မှန်လှပါ ဘုရား"

"သာမှု.... သာမှု.... သာမှု.... မောင်ပဥ္စင်းသည် မူလ အခြေအနေအတိုင်း အဆင်းရဲ ခံနိုင်ရမည်၊ မိမိကိုယ်ကို ခြိုးခြံ နှိမ့်ချရမည်...."

"မှန်လှပါ ဘုရား"

www.dhammaransi.com



"မောင်ပဥ္စင်း မှတ်ထား....အင်းခမ်းတော့ လယ်တီ
လယ်တီတော့ ငှက်ကျ
ငှက်ကျတော့ မိုးရွာ
မိုးရွာတော့ ထွန်ဆင်း
ထွန်ဆင်းတော့ စည်တီး
စည်တီးတော့ ပြည်ကြီးဝင်
ပြည်ကြီးဝင်တော့ ချည်ခင်ရှုပ်ထွေး
ရှင်းနိုင်မှ အေး၊

အဲသည် တဘောင်ကို သတိထား စဉ်းစားပါ၊ မောင်ပဥ္စင်းသည် ဆရာတော်၏ ကိုယ်စား....ယက္ကန်းစင်တောင် ဆရာတော်ဘွဲ့ကို ခံတော်မူရမည်၊

လောကီ လောကုတ္တရာ သာသနာပြု ဆရာတော်များအနက် တပါး အပါအဝင် ဖြစ်မည်၊ဂန္ဓာရီပညာ အထုံကိန်း စိမ့်သော ငှာ အင်း တိုက်မည်၊ သစ်ရွက် လက်တဆုပ်စာ ခူးခဲ့ပေတော့"

ဆရာတော်က ဤသို့ မိန့်ကြားလျှင် ဦးသဒ္ဓမ္မသိဒ္ဓိသည် ဂူပြင်ဖက် တောစပ်သို့ ထွက်လာခဲ့ပြီး အဆင်သင့်ရာ ကင်ပလင်းရွက် လက်တဆုပ်စာကို ခူးယူ၍ ဆရာတော်ထံ ပြန်ကြွလာခဲ့ပြီး ဆရာတော်အား ဆက်ကပ်လေသည်။

ဦးသဒ္ဓမ္မသိဒ္ဓိသည် ဆရာတော် ရွတ်ပြသော 'တဘောင်'ကို.... စဉ်းစား၍ နေလေသည်။

အင်းခမ်း ဆရာတော်၊ လယ်တီ ဆရာတော်၊ ငှက်တွင်း ဆရာတော်၊ မိုးညှင်း ဆရာတော်၊ ထွန်ထောင်၍ တောရဆောက်တည်သော စွန်းလွန်း ဆရာတော်၊မဟာစည် ဆရာတော်၊ဆေးဝင်ဘာ

www.dhammaransi.com



ဆရာတော်တို့ သာသနာ ပြုစုပုံများကိုလည်း.... စဉ်းစားမိလေသည်။

ယက္ကန်းစင်တောင် ဆရာတော်၏ကိုယ်စား မိမိသည် ချည်ခင် ရှုပ်ထွေး ဟူသော လူ့လောက ဘေးဒုက္ခတို့ကို ကင်းဝေးအောင် ပယ်ရှားနိုင်ရပါလို၏ ဟူ၍လည်း ရည်သန်တော် မူမိပေသည်။

"မောင်ပဥ္စင်း ဆရာတော် သွန်သင်.... နည်းပြသည့်အတိုင်း ကျင့်ဆောင် လိုက်နာလျှင် ဆရာတော်အား ကန်တော့ပွဲ ထိုးသည် ဖြစ်စေ.... မထိုးသည် ဖြစ်စေ.... သာသနာပြု လုပ်ငန်းများ အောင်မြင်ပါလိမ့်မည်"ဟု ဆရာတော်ဘုရား မိန့်ကြားလိုက်ပြီးနောက်တွင် ဦးသဒ္ဓမ္မသိဒ္ဓိအား ပြန်ရန် အမိန့်ပေး၍ ဆရာတော် ပြန်ကြွလာခဲ့လေသည်။

ဦးပဥ္စင်းသည် မြန်အောင်မြို့ ညောင်တေးရွာသို့ ကြွရောက်လေရာ ကြိုတင် သတင်း.... ကြားသိထားသော ရွာသားများက မေးမြန်းကြလေသည်။

ဦးပဥ္စင်းသည် မှန်ကန်စွာ ပုတီးဝတ်မပျက်.... စိပ်၍သာ နေလေသည်။ ထို့နောက် ဘောက်ထော် ရွှေနားပန်ကျောင်းတိုက်သို့ ပြန်ကြွလာပြီး ဆရာတော်၏ မိန့်ကြားချက်အရ ပုပ္ပါးသို့ကြွတော်မူ၍ မီးလွတ်အသက်လွတ် အဟာရများကိုသာ ဘုဉ်းပေးပြီးရွှေနပေဂူတွင် လေးလခန့် ကေသနိက် ပဋ္ဌာပိုင် ဓူတင်၊ တိစီဝရိတ် ဓူတင်များ ဆောက်တည်လေသည်။

ကမ္မဋ္ဌာန်းအားထုတ်၍ မဟာဂန္ဓာရီ အရိယာကျင့်စဉ်များကိုလည်း အားထုတ် ဖြည့်ဆည်းတော်မူလေသည်။

www.dhammaransi.com



ပုပ္ပါးမှပြန်ကြွလာသောအခါ ဦးသဒ္ဓမ္မသိဒ္ဓိအားဝါတော်ပင်ငယ်ရှယ်စေကာမူ ဒါယကာ ဒါယိကာမတို့က ဆရာတော်ဟူ၍ပင် ခေါ်ဝေါ်ကြသဖြင့် ဆရာတော်ဦးသဒ္ဓမ္မသိဒ္ဓိဟူ၍ ဝေးနီးသို့ သတင်းပြန့်ကျော်ခဲ့လေသည်။

## ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ အတ္ထုပ္ပတ္တိ

ရွှေသား ပုရပိုက်ရ ဝိရိယမိကအလေ်ာင်းတော်ဟုဘာ့ကြောင့် ဖြစ်လာသလဲ။

**'ဥဩကျော်တက်၊ ယက္ကန်းထွက်'** ဟူသော တဘောင်ကို ပြန်လည် ရေတွက်မည်ဆိုပါက၊ ၁၁၂၇ ကိန်းဂဏန်း ရပါသည်။ ၎င်းဂဏန်းမှာ ယက္ကန်းစင်တောင် ဆရာတော်ဘုရား၏ မွေးနေ့ သက္ကရာဇ်ဖြစ်ပါသည်။

ဆရာတော် ဦးဩဘာသသည် မန္တလေးတိုင်း စဥ့်ကူးမြို့နယ် မြေပုံကံရွာဇာတိဖြစ်ပါသည်။အဖဦးရာကျော်၊အမိဒေါ်ငွေနှင်းတို့တွင် သားတယောက်၊သမီးတယောက်ရှိပါသည်။ သားအမည်မှာ မောင်ကွန်း၊ သမီး မလှဝင်း။

မောင်ကွန်းသည် အသက်(၉)နှစ်အရွယ်တွင် ရှမ်းမြောင်ရိုး ဆရာတော်ဘုရားထံ ပညာသင်ရန် အပ်နှံထားလေသည်။

ဤသို့ ရှမ်းမြောင်ရိုးဆရာတော်ထံတွင် ကျောင်းသား အဖြစ် စာပေများကိုသင်ကြားနေစဉ်၊ ရှမ်းမြောင်ရိုး ဆရာတော်သည် မန္တလေးမြို့သို့ ခရီးသွားရာ၌၊မောင်ကွန်းအား ခေါ်ဆောင်သွားပါသည်။

www.dhammaransi.com



ဆရာတော်သည် မန္တလေးမြို့ရှိ မိုးဒါး ကျောင်းတိုက်တွင် တည်းခိုပါသည်။ တနေ့တွင် မိုးဒါးကျောင်း ဆရာတော်နှင့် ရှမ်းမြောင်ရိုး ဆရာတော် တို့သည် စကား လက်ဆုံကျနေခိုက် အမှတ်မထင် ကျောင်းပေါ်သို့ ရဟန်း တပါး တက်လာ ပါသည်။

ထိုအချိန်တွင် ကျောင်းပေါ်၌ ကလေးတဦး တက်နေသော ကြောင့်၊ကျောင်းပေါ်သို့တက်လာသောရဟန်းတော်ကို အလေး မပြုဘဲ၊ကလေးကိုသာ ပြုစု နေကြပါသည်။ ကျောင်းပေါ်သို့ ရောက်လာသောရဟန်းသည်....

"ဒကာတို့ဖယ်ကြ"ဟု အမိန့်ပေးလိုက်သောကြောင့်၊ ဝိုင်းအုံ ပြုစုနေကြသောလူစုမှာ ဖယ်ရှား သွားကြပါသည်။

၎င်းရဟန်းသည် ကလေးကိုမန္တာန်ရွတ်၍ မှုတ်မန်းပေးလိုက် သောကြောင့် တက်နေသော ကလေးသည် ကျန်းမာ သွားပါ သည်။ ထိုအချင်းအရာကို မြင်တွေ့ လိုက်ကြသော မိုးဒါးဆရာ တော်နှင့် ရှမ်းမြောင်ရိုး ဆရာတော်တို့မှာ ၎င်းရဟန်းကို ဤသို့ လျှောက်ထားကြပါသည်။

"အရှင်ဘုရား ဝါတော်မည်မျှရှိပါလဲ၊ဘွဲ့အမည်များမည်သို့ ခေါ်ပါလဲ"

၎င်းရဟန်းသည် မိမိ၏ ဝါတော်နှင့် ဘွဲ့အမည်ကိုပြောလိုက် သောကြောင့် ဆရာတော် နှစ်ပါးလုံး ဝတ်ပြုကြပါသည်။ ၎င်း ရဟန်း၏ဘွဲ့မှာ တွံတေးမြို့မှပေါက်ဆရာတော် ဦးဓမ္မဇာရီဖြစ်ပါ သည်။

www.dhammaransi.com



"တပည့်တော်တို့ အရှင်ဘုရား၏ ဘွဲ့ကို ကြားဘူးပါတယ်၊ မြေကုရာမှာ အလှူန်တော်ကြောင်း ကြားဘူးပါတယ်ဘုရား"ဟု ဆရာတော်နှစ်ပါးကပြန်လည်လျှောက်ထားကြပါသည်။

"အရှင်ဘုရား ဤကျောင်း၌ပျော်သလောက် သီတင်းသုံးနိုင်ပါတယ်"ဟု ထပ်မံလျှောက်ထားကြပါသည်။

ဦးဓမ္မဇာရီဆရာတော်သည် ထိုမိုးဒါးကျောင်းတွင် သီတင်းသုံးတော်မူလေသည်။ တနေ့တွင်ကျောင်းအောက်၌ကျောင်းသားများ ပြေးလွှားကစားနေကြပါသည်။

ဆရာတော်သည် ဤသို့ အကြံပေါ်လာပြီး ကျောက်တုံးတချောင်း ကိုယူလိုက်ပြီး အဓိဋ္ဌာန်ပြုပါသည်။ ပါရမီ ရှိသောပုဂ္ဂိုလ်ကိုပေးမည်။ ကျောက်တုံးရရှိသောသူသည်....

"ငါလိုမြင်စေ၊ ငါလိုတတ်စေ၊ ငါလိုကြားစေ" ဟုအဓိဋ္ဌာန်ပြုပြီး ကျောင်းအောက်သို့ ပစ်ချလိုက်ပါသည်။

မြေပေါ်သို့ ရောက်ရှိလာကြသော ကျောက်တုံးကို မည်သူမှ ကောက်ယူခြင်းမရှိ၊ ပြေးလွှား၍သာ ကစားနေကြသည်။

မောင်ကွန်းသည် ၎င်းကျောက်တုံးနားသို့ ရောက်သောအခါ အခြားကလေးများကဲ့သို့ကျော်လွှားခြင်းမပြုဘဲ၊ ကောက်ယူပြီး မိမိတည်းခိုသောကျောင်းသို့ ပြန်လာလေသည်။

မောင်ကွန်းသည် ၎င်းကျောက်တုံးဖြင့် အင်းကစား လိုသော စိတ် ပေါ်ပေါက်လာသဖြင့် ကျောက်သင်ပုံးပေါ်တွင် ရေးခြစ်လိုက်သည့်အခါတိုင်း အင်းကွက်များဖြစ်နေသည်ကို တွေ့ရလေသည်။

www.dhammaransi.com



**မှတ်ချက်။** ။ဆရာတော် ဦးဩဘာသသည် ရွှေသား ပုရပိုက် ရရှိသည်မှာ ပကတိ ရွှေကို ချရှိသည်မဟုတ်ပါ။ မိုးပေါ်ကကျလာသည်လည်း မဟုတ်ပါ။ ဦးဓမ္မဇာရီ၏အခိုင်အခြာ ကျောက်တံကို ရရှိလာသည်ကို အစွဲပြု၍ ရွှေသားပုရပိုက်ဟု ဝိသေသ ပြုလိုက်ခြင်း ဖြစ်ပါသည်။

မောင်ကွန်းသည် မြေပုံကံရွာရှိ ရှမ်းမြောင်ရိုး ဆရာတော်ထံတွင် ဦးဩဘာသဟု ဘွဲ့အမည်ဖြင့် ကိုရင်ဝတ်ပါသည်။

အသက်(၂၀)တွင်ရဟန်းခံပြီး မိုးဒါးကျောင်းတွင် စာပေပရိယတ္တိများ သင်ကြားပါသည်။

မိုးဒါးကျောင်းဆရာတော်က ၎င်းကျောင်းကို အပ်နှင်းသော်လည်း လက်မခံပါ၊ လူဝတ်လဲပြီး 'မင်္ဂလာရန်အောင် ဆရာကြီး' အမည်။ ကိုရင်ကြီးဟုအမည်တွင်သည်။

ဗိန္ဒောဆရာ၊ ပယောဂ ဆရာအဖြစ် ကုသလေရာ လူအများ ပျောက်ကင်းလေသည်။ ဤသို့ လူအများ ကြည်ညို လာသောကြောင့် အရှုးအသွင်ဆောင်ပြီး၊ ယက္ကန်းစင်တောင်၊ ဘိုးအော်တောင်၊ မလဲတောင်၊ဆင်တောင်များတွင် သွားရောက် တရားအားထုတ်ရပြန်သည်။

**'တသောင်းတထောင်၊ပြန်မဆောင်နဲ့၊ပြန်အောင်ကျွေးမယ်'** ဆောင်ပုဒ်အညီ၊သာပျောချောင်းတွင်၊ သာအင်းကျွန်းသားကို ငုတ်တိုင်စေတီတည်ပြီး၊ အရှုးကု၊ထမင်းကျွေးထားလေသည်။

ငွေကြေးများမယူ၊ဆေးမတိုက်၊ အင်းမတိုက်၊ လာရောက်

www.dhammaransi.com



သော ရောဂါရှင်များကို ခန္ဓာ အလှူခံ၍ သာပျော်ချောင်းသို့ ဆင်းခိုင်းပြီး အပေါ်သို့ တက်လာသည့်အခါ ပကတိ ကျန်းမာ သွားကြလေသည်။

တနေ့တွင် မင်္ဂလာရန်အောင် ဆရာကြီးသည် ယက္ကန်းစင် တောင်ပေါ်တွင် ယက္ကန်းစင် (၉)ခု စီမံထားပြီး ရှစ်ခွင်ဂြိုဟ် အတိုင်း မိန်းကလေးတဦးစီ မွေးနံအလိုက် ယက္ကန်းစင်များတွင် ထိုင်ခိုင်းပါသည်။

မင်္ဂလာရန်အောင် ဆရာကြီးသည် နက္ခတ်ကိုကြည့်ပြီး ယက် ဟု အမိန့် ပေးလိုက်ပါသည်။

မိုးလင်းသောအခါ အားလုံး ယက်ပြီးသား ဖြစ်နေပါသည်။ ထိုအချင်းအရာကိုအစွဲပြု၍ 'စင်တောင် ဆရာကြီး'ဟု အမည်တွင် ပြန်လေသည်။

ဘိုးရဲသူ၊ ဆရာဆိုင်၊ အမေပုတို့ကို (သမထ)ပညာများ သင် ကြား ပေးလေသည်။ ဤသို့ ပညာ သင်ကြားနေချိန်တွင် ပိတ်ဖြူ ဝတ်လျက် ရှိပါသည်။

"ငါ ထွက်ရင်တော့ ကျောက်သုံးကျောက်နှင့် ထွက်မည်"ဟု ပြော ပြီးနောက် ပညာအုပ် ဦးကျော်ရန်၊ ဦးကျော်ဒင်၊ ဦးကျော်တို့ ပညာ သင်ကြားပေးပြီးနောက်.... ရဟန်းဝတ်ခါ မဟာဂန္ဓာရီ ဝိဇ္ဇာဓိုရ် လမ်းစဉ်ကို ဆက်လက် အားထုတ်နိုင်ရန် တောတောင် ထဲသို့ ကြွမြန်းသွားလေသည်။

www.dhammaransi.com



ငါးမည်ရ ငါးဘွဲ့ခံ ဝိရိယဓိက အလောင်းတော် ဆုပန် ဆိုသည်မှာလည်း....

၁။ ဦးကွန်း
၂။ စင်တောင် ဆရာကြီး
၃။ ကိုရင်ကြီး
၄။ ယက္ကန်းစင်တောင် ဦးသြဘာသ
၅။ မင်္ဂလာရန်အောင် ဆရာကြီးတို့ပင် ဖြစ်ပါသည်။

★ ★

www.dhammaransi.com

# အခန်း (၇)

စိတ်အာရုံများက ရုပ်အား ချုပ်နှောင် ထားလိုက်ပါသည်။ ထွက်လာပြီးမှ သည်ခရီးသို့ ရောက်အောင် သွားရတော့မည်။

နံနက် အိမ်ကထွက်စ နေရောင်ခြည်များ ထွန်းလင်းနေသေးသည်။

လမ်းတဝက်ရောက်မှ မမျှော်လင့်ဘဲ မိုးသည် ရွာလာသည်။

မိုးနဲ့နသိုး စိုးမရ ဆိုသည့်အတိုင်း ခုမှ မိုးအားကောင်းစ ပြုနေပါသည်။ ဘယ်အညှိုးနဲ့ ဤမျှ ရွာနေသည်ဟု မပြောတတ်ချေ....။

လေအားရော မိုးအားရော ကောင်းလျက်၊ ကိုအေးလွင်နှင့် ကိုကိုအောင်တို့ စီးလာသော ကားထဲပင် မိုးရေများ တဖျောက်ဖျောက် ကျလာပြန်သည်။

www.dhammaransi.com



လမ်းမပေါ်တွင် လျှောက်၍ မိုးစိုရွှဲသည် ဆိုပါက စိုသင့်ပါသည်။ ခုတော့ မော်တော်ကားပေါ်တွင် မိုးရေတဝက် စိုစပြုနေပါသည်။

ကိုအေးလွင်၏ ရှေ့ခုံတွင်.... ထိုင်နေသော ကိုကိုအောင်က နောက်ပြန် လှမ်းကြည့်လိုက်ပါသည်။

အကြည့်ချင်း ဆုံကြသည့်အခါ အပြုံးများလည်း ရစ်ဝဲလာပါသည်။ အခြေအနေက သုံးသပ်လေ့ရှိသော ကိုအေးလွင်အဖို့ အတော် ပျော်လှသည်။

ကိုကိုအောင် မိုးရေ ဝနေခြင်းကြောင့် စိတ်ပျက်ပြီး အိမ်ပြန်မည့် အကြောင်းများ ပြောမည်လားဟု စိတ်ဝယ် စနိုးစနောင့် ဖြစ်မိသည်။ ခုလို အခါမှ မပြောဘဲ ရှိနေသည့်အတွက် သူ့ရင်တွေ ပေါ့ပါးသွားပါသည်။

ဆရာကြီး ဦးနန္ဒ အိမ်သို့ သွားလိုသူက ကိုအေးလွင်။

သူသည် မသွားလို့ မဖြစ်သော ကိစ္စတရပ် ရှိပါသည်။ ဤကိစ္စမှာ ဆရာကြီး ဦးနန္ဒ ဆုံးဖြတ်ပေးမှ ရမည့် အခြေအနေတွင် ရှိပါသည်။

သူသည် လေ့လာမှု ကုန်ဆုံးနေသည့်အတွက် လက်တွေ့ လုပ်ကိုင်ခြင်းက သူ သိလိုသော သမထ အာရုံ အကြောင်းကို အကျိုးဆက်သို့ ပို့ဆောင် ပေးနိုင်မည်။

ဤကိစ္စ ဆောင်ရွက်ရန်ကို အပြန်အလှန် စဉ်းစားမိသည်။ ချီတုံ့ချတုံ စိတ်၏ မတည်ငြိမ်မှုကို အမှန်တရားဖက်မှနေ ဆုံးဖြတ်နိုင်ခြင်းကြောင့်ပင် အောင်မြင်သည့် လမ်းကြောင်းပေါ်တွင်.... လျှောက်ခွင့် ရနိုင်တော့မည်။

www.dhammaransi.com



ကားပေါ်မှ ဆင်းသည့် အချိန်တွင် မိုး လုံးလုံးလျားလျား တိတ်သွားချေ၏။

သူတို့နှစ်ဦး ဆရာကြီး ဦးနန္ဒ အိမ်ပေါ်သို့.... ရောက်လာလင့် တံခါးများ ပိတ်ထားလျက် ရှိပါသည်။

မိုးသား တိမ်လိပ် ကင်းရှင်းသောကြောင့် ကောင်းကင်ပြင် သည် ပြာနှမ်းနှမ်းရှိသည်။

နေရောင်ခြည်သည် လောကဓါတ် တခွင်ကို အုပ်စိုးထား ပြန်သည်။

ဆုံးဖြတ်ချက်အတိုင်း နောက် မဆုတ်တတ်သော စိတ်ဓါတ် ကြောင့် ရောက်လိုသော ခရီးသို့.... ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာခဲ့သည်။

"ကိုကိုအောင် ခင်ဗျားဘဲ ကြည့်ပြီး တံခါး ခေါက်လိုက် ပါ...."

ကိုအေးလွင်က ပြောလိုက်ပါသည်။ ကိုကိုအောင်သည် တံခါး ခေါက်မည့်အစား ပထမ တွန်းကြည့်သည်။ တွန်းလိုက်သော် လည်း မလှုပ်။ မပွင့်ချေ။

ခေါက်ရမည့် အခြေသို့ ပို့ဆောင်.... ပေးလိုက်သည်။ ထို့ ကြောင့် ကိုကိုအောင်သည် တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက် ပါသည်။

"လာပြီ" ဟု လူငယ်တဦး၏ အသံက ပေါ်ထွက်လာပါ သည်။

ဤသို့ အသံ ပျောက်ကွယ်ပြီးနောက် တံခါး ပွင့်လာသည်။

www.dhammaransi.com



တံခါးပေါက်ဝတွင် ရင်ဆိုင်မိသော သူအား သူတို့နှစ်ဦးစလုံးက ပြုံးပြလိုက်ပါသည်။

"အော်....ကျနော်က ခြံထဲက ကလေးမှတ်လို့-ကိုအေးလွင်တို့ ပါလား"ဟု အိမ်တွင်းမှ သူက ပြောလိုက်ပါသည်။

"ဟော့....မောင်အေး....ဆရာကြီး ရှိသလား"ဟု ကိုအေးလွင် က မေးလိုက်ပါသည်။

"ရှိပါတယ်"

အဖြေပေးသူ၏ စကားဆုံးသည်နှင့် တပြိုင်နက် ကိုအေးလွင် အိမ်၏ ဝန်းကျင်ကို အကဲခပ် ကြည့်လိုက် ပြန်ပါသည်။ မည်သူ တဦးမျှ မတွေ့သောကြောင့်....

"ဘယ်မှာလဲဆရာကြီး"

"အိပ်နေတယ်"

သူတို့နှစ်ဦးသည် ဘုရားစင်ရှိရာဆီသို့လျှောက်သွားပြီး ဝတ် ပြုလိုက်ပါသည်။

သူတို့ နှစ်ဦးသည် တအောင့်တနား ထိုင်လိုက်ကြပြီးနောက် တွင် ဆရာကြီး ဦးနန္ဒသည် ကွမ်းအိတ်ကို လက်တဖက်ဖြင့်ကိုင် လျက် အိမ်ရှေ့သို့ထွက်လာပါသည်။

"ဆရာကြီးလဲမိုးအေးအေးနဲ့ အိပ်မလို့လုပ်နေတုန်းမင်းရောက် လာတဲ့အသံကြားလို့ထလာခဲ့တာဘဲ"ဟု ပြောပါသည်။

၎င်းနောက်-ဆရာကြီး ဦးနန္ဒသည် အိမ်ရှေ့ခန်းရှိ ပက်လက် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပါတော့သည်။

ကွမ်းတယာပါးစပ်ထဲမြုံ့ထားပြီး ကိုအေးလွင်အား လှမ်း ကြည့်လိုက်ပါသည်။

www.dhammaransi.com



သူ၏တကိုယ်လုံးကို ရစ်သိုင်းလွှမ်းခြုံကြည့်လိုက်သောကြောင့် စိတ်တွေတမျိုးတဖုံ မသိုးမသန့်ဖြစ်သွားမိပါသည်။

'ငါ့အကြောင်း ဆရာကြီးသိနှင့်နေပြီလားမသိ'ဟု စိတ်ဝယ် ထင်မှတ်သွားပါသည်။

"မင်းတို့အကြောင်းနဲ့မင်းတို့ လုပ်လိုတဲ့ကိစ္စတွေကများများ၊ ဆန္ဒစောပြန်ရင်လဲ မအောင်မြင်နိုင်ဘူးကွ၊ ဘယ်နေရာမဆို ဥာဏ် ဦးစီးဖို့လိုတယ်-"ဟု ပြောလာပါသည်။

"ဟုတ်ပါတယ်- ကျနော်တို့ လုပ်လိုတဲ့ကိစ္စကို ကိုယ်ပိုင်မဆုံး ဖြတ်နိုင်လို့ ဆရာကြီးထံ လာရောက်အကူအညီ တောင်းခံရခြင်း ဖြစ်ပါတယ်"

"အေးပေါ့မောင်အေးလွင် ပြောသင့်ပြောထိုက်တဲ့စကားကို တော့ ပြောရမှာပေါ့ ဆရာတို့ကလဲ ပေးသင့် ပေးထိုက်တဲ့ပညာရှိ ရင် ပေးရမှာဘဲ၊ သွန်သင်ပဲ့ပြင်ရမဲ့ကိစ္စရပ်ဆိုရင်လဲ ပြောပြရမှာ ဘဲနော်"

"ဟုတ်ကဲ့ ဆရာကြီး နာခံရန်အသင့်ပါ"ဟု ကိုကိုအောင်က ပြောလိုက်ပါသည်။

"ခုလာတဲ့ကိစ္စကတော့ မောင်အေးလွင်ကိစ္စဘဲမဟုတ်လား"

"ဟုတ်ကဲ့"

"ဆိုပါအုံး"

"ကျနော်သမထအာရုံခံပြီး သတ္တဝါကယ်ချင်လို့ပါ"

ကိုအေးလွင်၏စကားကြောင့် ဆရာကြီးဦးနန္ဒသည် အနည်း ငယ် ပြုံးလိုက်ပါသည်။

ဤသို့မေးခွန်းမျိုးထုတ်လာပါသည်။

www.dhammaransi.com



"မင်းဆရာလုပ်မလို့ပေါ့"

"ဟုတ်ကဲ့"

"မောင်အေးလွင် မင်းရဲ့စိတ်ကိုနိုင်ရဲ့လား"

"နိုင်ပါတယ်"

"ဘယ်လိုနိုင်တာလဲ"

"ကျနော်ဆုံးဖြတ်ပြီးပါပြီ"

"မင်းက ဆရာလုပ်လိုတဲ့စိတ်မျိုးကို ဆုံးဖြတ်ပြီးတာကို ပြောနေဒါ"

"ဟုတ်ကဲ့ဆရာကြီး"

"ဆရာကြီးပြောနေတာက ဆုံးဖြတ်တဲ့စိတ်ကို ပြောနေတာမဟုတ်ဘူး၊ လူ့စိတ်ဆိုတာ မျောက်စိတ်လိုဘဲ၊ တနေရာထဲမှာ အတည်အကျမရှိဘူး၊ ဟိုရောက်ဒီရောက်နဲ့၊ ဆရာတဦးမှာ ရှိအပ် လိုက်နာအပ်၊ စောင့်စည်းရမဲ့သစ္စာတရားကိုပြောနေဒါ၊ကျင့်ကြံအားထုတ်ရမဲ့တရားကိုပြောနေဒါ"

"ဟုတ်ကဲ့ဆရာကြီး အမိန့်ရှိပါ ကျနော်ကန်တော့ပွဲနဲ့ အဆင့်ဆက်ရမယ်ဆိုရင်လဲ ကျနော်တတ်နိုင်ပါတယ်"

"ကန်တော့ပွဲထိုးဖို့ ပြောနေတာမဟုတ်ဘူး ကန်တော့ပွဲထိုးတာထက် အဆပေါင်း များစွာ အရေးကြီးတဲ့ အကြောင်း၊ လောကမှာ စိတ်ဟာ အရေးကြီးဆုံးဘဲ၊ လူကိုနိုင်တာစိတ်ဘဲ၊

ဒါ့ကြောင့် ဗုဒ္ဓအရှင်မြတ်က စိတ္တေနနိယျတေလောကော လို့ဟောခဲ့တယ်၊ စိတ်ဟာ လောကကြီး၌ အင်မတန်ဖန်ဆင်းနိုင်တဲ့သတ္တိရှိတယ်၊ စိတ်ခိုင်ရင် ဘာမှမဖြစ်နိုင်တာမရှိဘူး၊ အသိတရားဆိုတာ စိတ်ကိုအရင်းခံတာဘဲ"

www.dhammaransi.com



"ဟုတ်ကဲ့"

"မောင်အေးလွင် စောစောက ပြောသွားတဲ့ စကားထဲမှာ 'သမထအာရုံ'ဆိုတဲ့စကားကိုဆရာကြီးကြားလိုက်လို့ပါ၊ သမထ သဘောကိုပြောရရင် စိတ်၏တည်ငြိမ်မှုကောင်းစွာတည်မှု၊ သက်ဝင်တည်မှု၊ မပျံ့မလွင့်မှု၊ စိတ်မရွေ့ရှားမှု၊ ငြိမ်သက်မှု၊ အစိုးတရ တည်ကြည်မှု 'သမာဓိဗြေ' မတုန်မလှုပ် တည်ကြည်မှု၊ သမာဓိ ကောင်းစွာတည်ကြည်၊ သမ္မာသမာဓိသည် သမထရဲ့သဘောပင် ဖြစ်ပါတယ်၊ 'အာရုံ'ဆိုတာက ကျင်လည်ကျက်စားခြင်း၊ ခံယူခြင်းဖြစ်တယ်"

ဆရာကြီးဦးနန္ဒသည် ပြောလက်စ စကားကို ခေတ္တရပ်နားလိုက်ပြီး ဝါးလျက်ရှိသောကွမ်းကို ထွေးခံတဲသို့ ထွေးပစ်လိုက်ပါသည်။

"သတ္တဝါ ကယ်ဆယ်တယ်ဆိုတာ သူတော်ကောင်းအလုပ်၊ သူတော်ကောင်းအလုပ်ဆိုတာ သစ္စာရှိရတယ်၊ သူတော်ကောင်းတို့ထားအပ်တဲ့သစ္စာတရား (၁၂) ပါးကို နားလည်သဘောပေါက်အောင်ကျင့်ကြံရတယ်"

"အမိန့်ရှိပါအုံး"

"မှတ်ထား မောင်အေးလွင်....

(၁) စိတ်ထားရှည်စွာ
(၂) မဝါကြွားခြင်း
(၃) မပျင်းဒေါသ
(၄) မာနမထူး

www.dhammaransi.com



(၅) ကျေးဇူးသိမြင်
(၆) ဂုဏ်အင်မပြိုင်
(၇) ပြည့်လိုင်တင်နိုး ကိုယ်ကျိုးကိုယ်သာမရှာပေလစ်
(၈) လူ့အပြစ်ကို၊ မှတ်ဆစ်မထား
(၉) သူတပါးကို၊ စကားပြစ်တင်မဆိုကြဉ်ရှောင်
(၁၀) မကောင်းမှု၌ မကြိုက်မရွှင်
(၁၁) ကောင်းမှုမြင်မူ၊ ကြည်လင်ဝမ်းသာ
(၁၂) သည်းခံမှာလည်း များစွာရှိသော်၊ လူသူတော်ဟု အွံ့ဩြသိမြင်၊ မှတ်ဘုံကျင့်လော့လို့၊ လောကနီတိမှာ အဆိုပြုထားတယ်၊

ဒါ့ကြောင့် ဆရာတဦးလုပ်တော့မယ်ဆိုရင် သူတော်ကောင်းတရားနဲ့အညီနေဖို့လိုတယ်၊ တော်တော်ကြာ မိမိပညာရေးအရှိန်အဝါကောင်းလာတာနဲ့ မိမိကိုယ်ကို ဖျက်ဆီးပစ်လိုက်တဲ့ ဆရာတွေလဲမနဲဘူး”

“ဟုတ်ကဲ့ ဆရာကြီး ကျနော် ဆရာလုပ်ရင် ဆရာကြီး မှာကြားတဲ့အတိုင်း လိုက်နာ ပြုကျင့်ပါ့မယ်”

ဆရာကြီးဦးနန္ဒ အမိန့်ရှိနေသည်မှာ အချိန်ကြာညောင်းသွားပြီ ဖြစ်၍ ထမင်းစားချိန် ရောက်လာသောကြောင့်....

“ကဲ....မောင်အေးလွင်တို့လဲ တခါတည်း ထမင်း စားသွားကြပေါ့”ဟု ဖိတ်ခေါ် လိုက်ပါသည်။

သူတို့နှစ်ဦးလည်း မငြင်းသာ၍ ဝင်ရောက် စားလိုက်ကြပါသည်။ ထမင်းဝိုင်းပြီးနောက် အချိုဝိုင်း ဆက်ကြပြန်သည်။

www.dhammaransi.com



ဆရာကြီး ဦးနန္ဒသည် ဆေးပြင်းလိပ် တလိပ်ကို လက်ကြားတွင် ခိုင်မြဲစွာ ကိုင်လျက် အားပါးတရ ဖွာနေပါတော့သည်။

ဆေးလိပ်ငွေ့များသည် တလွင့်လွင့်ဖြင့် ပျံ့လွင့်နေပါသည်။

ဧည့်ခန်း တခုလုံးတွင် သူတို့ (၃)ဦးသာ ရှိနေပါသည်။

ဆရာကြီး ဦးနန္ဒသည် သူ့နံဘေးတွင် ရှိနေသော ဆေးလိပ်ပြာ ခွက်ထဲသို့ ဆေးပြင်းလိပ်ကို ထည့်လိုက်ပါသည်။ အချိန်.... အနည်းငယ် ငြိမ်သက်နေပြီးမှ....

"မောင်အေးလွင် လူကိုနိုင်တာ စိတ်၊ စိတ်ကို နိုင်တာ ပညာ၊ စိတ် ဖြစ်ပေါ်လာတဲ့ ဗုဒ္ဓရဲ့ အဘိဓမ္မာအကြောင်းကို ရှင်းပြမယ်"

"ဟုတ်ကဲ့"

"စိတ်သည် ရုပ်ကိုမှီ၍ ဖြစ်ရတယ်၊ သို့သော် သူ အမှီပြုသော ရုပ်တို့ကို စိတ်က သူ့အလိုကျ ဖန်တီး ပြုပြင်နိုင်သဖြင့် စိတ်၏ တန်ခိုးသည်သာ ပဓါန ဖြစ်တယ်၊

'စိတ်သည် လောကကို ဆောင်၏၊ စိတ်သည် လောကကို.... ဆွဲငင်၏၊ ဖြစ်ပေါ်နေသော စိတ်၏ အလိုသို့.... လောကသည် လိုက်ပါနေရ၏'လို့ (အင်္ဂုတ္တရာ- စတုက္ကနိပါတ်၊ ဥမ္မဂ္ဂသုတ်)မှာ ဆိုထားတယ်၊

စိတ်၏ အရေးပါပုံနှင့်.... ဗုဒ္ဓဟောကြားချက် တခုကို မဇ္ဈိမ ပဏ္ဏာသ ဂဟပတိဝဂ်-ဥပါလိသုတ်မှာ တွေ့ရတယ်၊

အခါတပါး၌ ဗုဒ္ဓသည် နာဠန္ဒမြို့....၊ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေ့တယ်၊ ထိုစဉ်၌ နိဂဏ္ဌဘာသာ (ဂျိမ်းဘာသာ) ခေါင်းဆောင် ဒီဃတပဿီသည် ဗုဒ္ဓထံ ချဉ်းကပ်၍ တရားစကား ဆွေးနွေးတယ်၊

www.dhammaransi.com



၎င်းက ဗုဒ္ဓဘာသာတွင် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးတွင် တပါးပါးနှင့် အပြစ်ကို ကျူးလွန်မိကြရာ၌ မည်သည့် ကံနှင့် ကျူးလွန်သော ပြစ်မှုသည် အပြစ်အကြီးဆုံးပါနည်းဟု လျှောက်မေးတယ်၊

ဗုဒ္ဓက 'ကာယကံ၊ ဝစီကံ၊ မနောကံ၊ကံသုံးပါးတို့တွင် မနောကံသည် အပြစ် အကြီးဆုံးဖြစ်သည်၊ စိတ်နှင့်.... ကျူးလွန်သော ပြစ်မှုသည် အပြစ်အကြီးဆုံး းဖြစ်သည်'ဟု ဖြေတယ်၊

ထိုအခါ ဒီဃတပဿီသည် အခြားသော သူ၏ ဘာသာဝင်တို့ကို စုရုံးကာ'ကိုယ်နှင့် ပြုသော ပြစ်မှုသည်သာ ကြီးကျယ်ပါသည်၊ စိတ်နှင့်ကျူးလွန်သောပြစ်မှုမှာ တဖက်၌ ထိခိုက်မှုပင် မရှိပါ'ဟုဆိုကာ ဗုဒ္ဓအားငြင်းဆိုကြတယ်၊

ဗုဒ္ဓက နိဂဏ္ဌဘာသာတွင် ရေအေးမသုံး ရေနွေးသာသုံးလေ့ရှိသော ရောဂါသည်တဦး ရေနွေးမရသဖြင့် ရေအေးသာ သုံးရသောကြောင့် သေဆုံးသောအခါ သေစဉ်က စိတ်စွဲလမ်းသောကြောင့် စိတ်စွဲသူတို့နတ်ဘုံ၌ဖြစ်တယ်လို့ အယူရှိကြသည် မဟုတ်လော၊ သေချိန်၌စိတ်စွဲလမ်းမှုသည် အရေးကြီးသည်ဟု သင်တို့ကသာ ယူဆသည်မဟုတ်လော၊

သီလစောင့် နိဂဏ္ဌသူတော်စင်တဦးနှင့် သူ့အသက် သတ်မှုကို ရှောင်ကြဉ်နေပါလျက်၊ လမ်းလျှောက်ရာမှ ပိုးမွှားကို နင်းမိ၍ သေဆုံးလျှင် သေလိုသောစေတနာမပါ၍ အပြစ်မရှိဟု သင်တို့ဘာသာဆိုသည်မဟုတ်လော၊

လူဦးရေထူထပ်သော နာဠန္ဒမြို့တမြို့လုံးမှ လူအားလုံးတို့အား

www.dhammaransi.com



ကိုယ်ခန္ဓာနှင့်သတ်ရန်မတတ်နိုင်၊စိတ်နှင့်မူ လူအားလုံးအား သတ်ဖြတ်မှုကိုပြုနိုင်သည် မဟုတ်လော၊

ရသေ့တို့စိတ်ဆိုးသဖြင့် သူတော်စင် တို့၏ စိတ်ဖြင့် ဒဏ်ခပ်ခြင်း ခံရသဖြင့်၊ တောအတိဖြစ်နေသော ဒဏ္ဍကီတိုင်း၊ ကာလိင်္ဂတိုင်း၊ မဇ္ဈတိုင်း၊မာတင်္ဂတိုင်းတို့ရှိသည်ဟု သင်တို့ဘာသာကပင် ဆိုသည်မဟုတ်လော၊

ဥပမာ လေးရပ်ကိုပြကာ စိတ်နှင့်ကျူးလွန်သော ပြစ်မှုသည် ကိုယ်နှင့်ကျူးလွန်သောပြစ်မှုထက်ပင် အရေးကြီးသည်ဟု ဟော ပြောခဲ့လေတယ်၊

စိတ်ကိုစောင့်ရှောက်မှသာ ကိုယ်ဖြင့် ပြုသော မကောင်းမှု၊ နှုတ်ဖြင့်ပြုသော မကောင်းမှု၊စိတ်ဖြင့်ပြုသော မကောင်းမှုတို့ကို စောင့်ရှောက်နိုင်ပေမယ်၊

(၁) ကာမဂုဏ်တို့အားစွဲမက်သောစိတ်၊
(၂) သူတထူးပျက်စီးလိုသောစိတ်၊
(၃) လေးလံထိုင်းမှိုင်းသောစိတ်၊
(၄) ပျံ့လွင့်ပူပန်သောစိတ်၊
(၅) အမှန်ကို မဝေဖန်နိုင်သော စိတ်များ ပေါ်ပေါက်လျှင်၊ကောင်းသောစိတ်နှလုံးကို ပွားများအပ်၏ဟု အင်္ဂုတ္တရပါဠိ ပဌမ ပဏ္ဏာသ ပဌမ သမယသုတ်၌ ပါရှိတယ်၊

'စိတ်ကိုနိုင်နင်းအောင်ပြု၍ကျင့်ဆောင်ခြင်းဖြင့်၊အရာခပ်သိမ်း ထိုးထွင်းသိမြင်နိုင်ခြင်း အထိရနိုင်သည်၊ ပွားများအပ်ပြီးသော အဖန်ဖန်အလေ့အထပြုလုပ်ပြီးသော စိတ်သည် ချမ်းသာသုခကို

www.dhammaransi.com



ဆောင်သကဲ့သို့ ဤအတူ ချမ်းသာသုခကို ဆောင်သော အခြား တခုသောတရားကို ငါမမြင်’ဟု ဟောကြားတယ်၊

‘စိတ်သည်’သူ့ သဘောကိုသာသူဆောင်ပြီး၊ မည်သည့်အခါမျှ အငြိမ်နေလေ့မရှိသည်ကို သတိပြုမိကြပြီး ဖြစ်ပေလိမ့်မယ်၊ ကိုယ့်စိတ် ကိုယ် အစိုး ရကြမြဲမဟုတ်ချေ၊ စိတ်ကိုတစုံတခုပေါ်၌ တတ်နိုင်သလောက် စူးစိုက် ကြည့်ပါ၊

စိတ်သည် မည်သို့မျှ သတိမထားလိုက်မိခင် အချိန် အတွင်း ချက်ခြင်းဆိုသလို ရောက်တတ်ရာရာ ချောင်ကြိုချောင်ကြားများ သို့ ပြေးသွားပြီး ဖြစ်နေသည်ကိုတွေ့ရပေလိမ့်မယ်၊ ဤသို့ ဖြစ်ရသည်မှာ စိတ်၏အပေါ်တွင် အမြဲတမ်း ကြီးစိုး လွှမ်းမိုးနေလေ့ ရှိတယ်၊

ကိုယ်တိုင်တွင်ပင်ရှိနေတယ်၊အမျိုးမျိုးအဖုံဖုံသော‘တပ်မက်မှု’များကြောင့်ဖြစ်လေတယ်၊ဤစိတ်ကို ပါဠိလို ‘ကာမာဝစရစိတ္တ’ သို့မဟုတ်‘ကာမာဝစရစိတ်’ဟုခေါ်တယ်၊ မြန်မာလို ‘တပ်မက်မှု ကြားတွင် ကျင်လည်ကျက်စားသောစိတ်’ဟု ခေါ်နိုင်တယ်၊

စိတ်တည်ရှိရာ အဆင့်ကို ပါဠိလို ‘ပရိတ္တဘူမိ’ သို့မဟုတ် ‘ပရိတ္တဘုံ’ဟုခေါ်တယ်၊ မြန်မာလို ‘အင်အား ပျော့သောစိတ် အဆင့်’ဟုခေါ်နိုင်တယ်၊

တပ်မက်မှုများကြားတွင် နစ်မြောကျင်လည်ကာ ကျက်စား နေတယ်၊ ဤသို့သော ပျော့ညံ့လှသည့် စိတ်မျိုးသည် နိဗ္ဗာန်ကို မရနိုင်ကောင်းချေ၊

ဗုဒ္ဓဘုရားရှင်သည် ဤစိတ်မျိုးကို အင်အားကြီးမားလာစေ

www.dhammaransi.com



အောင် ၎င်း၊ အစိုးရသော အဖြစ်သို့ ဆိုက်ရောက်လာစေအောင် ၎င်း၊ ညွှန်ကြားသွန်သင်တော်မူတယ်၊

စိတ်ကိုအင်အားကောင်းလာအောင်နှင့် အစိုးရသော အဖြစ်သို့ ရောက်အောင် လေ့ကျင့်ခြင်းကို ပါဠိလို 'ယောဂ'ဟု ခေါ်တယ်၊

'ယောဂ' အကျင့်ကို ကျင့်သောသူအား 'ယောဂါဝစရ'ဟု ခေါ်တယ်၊သို့မဟုတ် မြန်မာလို 'ယောဂီ'ဟု ခေါ်နိုင်တယ်၊

'ယောဂါဝစရလုပ်သူ' သို့မဟုတ်' ယောဂီ အကျင့်ကို ကျင့်သော ယောဂီတယောက်'ဟာ အထည်ကိုယ်ဒြပ်သဏ္ဌာန်စသော ရုပ်သဘောကိုဆောင်သည့် သင့်လျော်မည့်အရာတခုခုကို မှတ်ပြီး လေ့ကျင့်ခြင်းအားဖြင့်'ယောဂါဝစရ' အကျင့်ကို စတင်ပြီး ကျင့်ရတယ်၊

အချိန်အတန်ကြာလေ့ကျင့်မိသောအခါ၌ ပါဠိလို'ကမ္မဋ္ဌာန' သို့မဟုတ် 'ကမ္မဋ္ဌာန်း'ခေါ်အရာတခုခုပေါ်၌ စိတ်ကိုငြိမ်သက်စွာ တည်ရှိနေစေအောင် လုပ်ဆောင် လာနိုင်ခြင်းအားဖြင့် ပါဠိလို 'ဈာန'ဟုခေါ်သော'ဈာန်အဆင့်'အမျိုးမျိုးသို့ ဆိုက်ရောက်လာတယ်၊

ဤသို့ 'ကမ္မဋ္ဌာန်း'ခေါ် တစုံတခုပေါ်၌ ငြိမ်သက်စွာတည်ရှိနေစေအောင် လုပ်ထားနိုင်သည့် စိတ်အား၊ ပါဠိလို 'ရူပါဝစရစိတ္တ'သို့မဟုတ်'ရူပါဝစရစိတ်'ဟုခေါ်၏၊ မြန်မာလို အဓိပ္ပာယ်မှာ 'ရုပ်နှင့်ဆိုင်ရာဈာန်စိတ်'ဟူ၍ပင် ဖြစ်တယ်၊

www.dhammaransi.com



ဤမျှမကလောက်အောင်ပင် အဆင့်အတန်းမြင့်သော အဖြစ်သို့ ရောက်လိုသော ဆန္ဒရှိသည့် ယောဂီ ပုဂ္ဂိုလ် တဦးဦးသည် ရုပ်သဘောဟူသမျှကို ပယ်ရှားကာ ပါဠိလို'အရူပ' ခေါ် 'ရုပ်မဲ့ ကမ္မဋ္ဌာန်း'ကို စီးဖြန်းရတယ်၊

'ရုပ်မဲ့ကမ္မဋ္ဌာန်း'များမှာ အောက်ပါ အတိုင်း ဖြစ်ကြတယ်၊ ပါဠိလို'အနန္တကာသ'ခေါ်'အာကာသ'၏ အတောမသတ်မှု၊

ပါဠိလို'အနန္တဝိညာဏ'ခေါ်ဝိညာဏ် သို့မဟုတ် စိတ်၏အတော မသတ်မှု'

ပါဠိလို'အာကိဉ္စန'ခေါ် 'အကြွင်းမဲ့ ဘာမျှမရှိမှု'၊

ပါဠိလို 'နေဝသညာနာသညာ' ခေါ် 'တကယ် သိနေ သလား၊ မသိဘဲ နေသလား'ဟု ခွဲခြား.... မရလောက်အောင် အသိတရား၏ အင်အား နည်းပါးသော အခြေအနေ စသည်တို့ ပင် ဖြစ်တယ်၊

ဤစိတ်မျိုးအား ပါဠိလို 'အရူပါဝစရစိတ္တ' သို့မဟုတ် 'အရူ ပါဝစရစိတ်'ဟု ခေါ်၏၊ မြန်မာလို 'ရုပ်မဲ့စျာန်စိတ်'ဟု ခေါ် နိုင်တယ်၊

'ရုပ်နှင့် ဆိုင်ရာ စျာန်စိတ်' ခေါ် 'ရူပါဝစရစိတ်' နှင့်' ရုပ်မဲ့ စျာန်စိတ်'ခေါ်'အရူပါဝစရစိတ်'အစရှိသော စိတ်နှစ်မျိုးတို့သည် စိတ်၏ ဒုတိယ အဆင့်တွင် ပါဝင်ကြတယ်၊

စိတ်၏ဒုတိယအဆင့်ကိုပါဠိလို'မဟဂ္ဂဘူမိ'သို့မဟုတ်'မဟဂ္ဂတ ဘုံ'ဟု ခေါ်၏၊ မြန်မာလို 'စိတ်၏ အဆင့် အတန်း မြင့်သော အဆင့်'ဟု ခေါ်နိုင်တယ်၊

www.dhammaransi.com



'စိတ်၏အဆင့်အတန်းမြင့်သော အဆင့်' ခေါ် 'မဟဂ္ဂတဘုံ' ၌ ယောဂီလုပ်သူ၏ စိတ်သည် အလွန် တည်ငြိမ်နေပြီဖြစ်၍ လွန်စွာလည်း စူးစိုက် ပေးနိုင်လျက် ရှိပြီဖြစ်တယ်၊

သို့သော်လည်း ယောဂီလုပ်သူသည် မိမိ၏စျာန်ကို ဖြတ်ချွကာ ရိုးရိုးဘဝ အခြေအနေမျိုးသို့ ပြန်လည် ဆင်းသက်လာလိုက်သည်နှင့် တပြိုင်နက် သူ၏ စိတ်သည် ဘဝ၌ တပ်မက်ခြင်းလည်း မကင်းနိုင်၊ မာနကြီးမှု၊ မသိ မိုက်မဲမှုများနှင့်လည်း မကင်းနိုင်၊

သို့ဖြစ်ရာ သူသည် 'လောဘ'ခေါ် 'အလိုကြီးမှု'၊ 'ဒေါသ' ခေါ် 'အမျက်ကြီးမှု'၊ 'မောဟ'ခေါ် 'တွေဝေယောင်မှားမှု' စသည်တို့၏ ဖမ်းစားခြင်းကို ခံရမည် ဖြစ်လေတယ်၊

ဤတွင် ယောဂီလုပ်သူသည် ဘဝ ဟူသမျှ၏ 'အနိစ္စ'ခေါ် 'အမြဲမရှိမှု'၊ 'ဒုက္ခ'ခေါ်.... 'ဆင်းရဲမှု'၊ 'အနတ္တ'ခေါ်.... 'ကိုယ်မဟုတ်မှု'တို့ကို စီးဖြန်းရတယ်၊

ဤသို့ စီးဖြန်းပေးခြင်းအားဖြင့် ယောဂီလုပ်သူသည် နိဗ္ဗာန် (နိ+ဗာန=တပ်မက်ခြင်း ကင်းမှု) နှင့် ဆိုင်ရာ စျာန်ကို ရရှိလာတယ်....၊

ဤတွင် သူသည် မိမိ၌ရှိသော အနှောင်အဖွဲ့များကို တခုပြီး တခု ဖြတ်တောက်ပစ်ရင်းနှင့် စိတ်၏ အမြင့်ဆုံး.... အဆင့်အတန်းဖြစ်သော 'လောကုတ္တရာဘူမိ' သို့မဟုတ် 'လောကုတ္တရာဘုံ'သို့ ဆိုက်ရောက်လာရတယ်၊

သို့သော်လည်း 'လောကုတ္တရာဘုံ'ခေါ်'စိတ်၏အဆင့်အတန်းအမြင့်ဆုံးသော နိဗ္ဗာန်ရောက်ကြောင်း အခြေအနေသို့' ဆိုက်....

www.dhammaransi.com



ရောက်စေနိုင်ရန်အတွက် ရူပစျာန်နှင့် အရူပစျာန်များကို စီးဖြန်း ပေးရန် မလိုလှချေ၊

'ကုသိုလ် ဝိပါက်စိတ်' ခေါ် 'ကောင်းသောကံ အကျိုးပေး စိတ်' အင်အားကောင်းသော သူများသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစ အမြဲမရှိမှု၊ ဆင်းရဲမှု၊ ကိုယ်မဟုတ်မှု စသော အချက်များကို တိုက်ရိုက် စီးဖြန်းရတယ်၊

ဤသို့ စီးဖြန်းခြင်းအားဖြင့် 'နိဗ္ဗာန်နှင့် ဆိုင်ရာစျာန်အဆင့်' သို့မဟုတ် 'တပ်မက်ခြင်း ကင်းရာ စျာန်အဆင့်'သို့ ရောက်ကာ မိမိတွင်ရှိသော အနှောင်အဖွဲ့များကို တခုပြီးတခု ဖြတ်တောက် ပစ်ခြင်းအားဖြင့် 'လောကုတ္တရာဘုံ' သို့မဟုတ် 'စိတ်၏ အဆင့် အတန်း အမြင့်ဆုံးသော နိဗ္ဗာန်ရောက်ကြောင်း အခြေအနေ' သို့ ရောက်ရှိတယ်"

ဆရာကြီးဦးနန္ဒသည် သူ ပြောလိုသော အကြောင်းများကို ရပ်လိုက်ပြီးနောက် စောစောက ဆေးလိပ်ခွက်ထဲသို့ ထည့်လိုက် သော ဆေးပြင်းလိပ်ကို ကောက်ကိုင်လိုက်ပါသည်။ ဆေး ပြင်းလိပ်ကို သောက်လိုက်ပါသည်။

ကိုအေးလွင်တို့လည်း ရှေ့၌ရှိသော လဘက်ရည်ကြမ်းခွက်ကို ကောက်ကိုင်ပြီး သောက်လိုက်ပါသည်။ ဤသို့ တဦးနှင့်တဦး မိမိတို့ အာရုံ၌ ပေါ်လာသော ကိစ္စရပ်များကို ဆောင်ရွက်ပြီး နောက်....

"မောင်အေးလွင် စိတ်ရဲ့ ဖြစ်စဉ်ကို သိရပြီနော်၊ သမထ အာရုံဖြင့် ဆရာလုပ်လို့ရှိရင် စိတ်ရဲ့တည်ငြိမ်မှုကို အရင်ကျင့်ကြံ

www.dhammaransi.com



အားထုတ်ရမယ်၊ ဆရာတဦးရဲ့ ထားအပ် လိုလားအပ်တဲ့ သီလ၊ သမာဓိ၊ ပညာပိုင်းတွေကို ကျေညက်ဖို့ လိုတယ်....”ဟု ပြော ပါသည်။

“ဟုတ်ကဲ့ ဆရာကြီး”

သူတို့နှစ်ဦးသည် ဆရာကြီးအိမ်မှ ထွက်ခွာလာခဲ့ကြပါသည်။ နေရောင်က အနောက်ဖက်ဆီသို့ မေးတင်နေချိန်။

www.dhammaransi.com

# အခန်း (၈)

သာမန်တွေ့ဆုံကြ၊ ဆွေးနွေးကြသော ရည်ရွယ်ချင်းမျိုးတော့ မဟုတ်ပေ။

အလွန်လေးနက်သော အကြောင်း၊ ခိုင်လုံသည့် သက်သေများကို ဆရာကြီး ဦးနန္ဒသည် ပြောကြားသောကြောင့်၊ ကိုအေးလွင်နှင့် ကိုကိုအောင်တို့သည် ငြိမ်သက်စွာ သဘောပေါက်လာသည့်တိုင်အောင် နားထောင်လျက်....

"မောင်အေးလွင်၊ မင်းက ဆရာတဦး လုပ်ချင်တယ်၊ သတ္တဝါ ကယ်ဆယ်ချင်တဲ့ ဆန္ဒရှိတော့ လူအမျိုးမျိုး စိတ်အဖုံဖုံနဲ့ ဆက်ဆံရမယ်....ဒါ့ကြောင့် ဆရာကြီးက မေတ္တာဘာဝနာ ပွားခြင်းဟာ ဆရာလုပ်သော သူတိုင်းပြုလုပ်အပ်တဲ့တရား"ဟု ပြောလှာပါသည်။

"ဟုတ်ကဲ့ဆရာကြီး"

www.dhammaransi.com



"ပိန္နဲကွင်း ဆရာတော် ဦးကလျာဏဟာ တောရဆောက်တည်ပြီး မေတ္တာကမ္မဋ္ဌာန်းတရားများ ပွားများအားထုတ်နေရာ သမင်များ၊ ယုန်များပင် အနားကပ်လာဖူးကြတယ်၊

ဤသို့ တောနက်ထဲမှာ အားထုတ်နေတယ်၊ ကျားလာသော်လဲ ရန်မမူ၊ ဆရာတော် တရားဟောပြလို့ ရှောင်သွားတယ်၊

ထိုမှတဖန် ကမ်းပြိုရွာမှာ သုံးဝါဆိုပြီး မေတ္တာကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်ရာ နတ်တူရိယာသံများ ကြားရတယ်၊

တခါသော် တောဆင်ရိုင်းနှင့် လမ်းခရီးမှာ တွေ့ဆုံရာ ဒကာများ ထွက်ပြေးသော်လည်း ဆရာတော် တရားပြလို့ ဆင်သည်နောက် ဆုတ်သွားတယ်၊

ဂူထဲ၌ တရားအားထုတ်နေစဉ် မြွေကြီးတွေနှင့် တွေ့သော်လဲ ရန်မပြု၊ တရား ဟောပြလို့ ရှောင်သွားကြတယ်၊

နောက်ပြီး ရှိသေးတယ်၊ မေတ္တာ တန်ခိုးကြောင့် ဆင်များ လမ်းဖယ်ပေးကြတဲ့ ထွဋ်ခေါင် ဆရာတော် ဘုရားဟာ တောကျောင်းမှ ဆွမ်းခံပြီးရွာသို့ကြွတော်မူရာလမ်းခရီးကြားမှာ ဆင်တအုပ်နဲ့ တွေ့ဆုံတော့ ဆရာတော် ဘုရားဟာ ရပ်တန့်မူပြီး လက်ဝါးဖြင့် ကာခါ မေတ္တာဘာဝနာပွားများ ပို့သလို့ ဆင်အချို့တိမ်းရှောင် ဖယ်သွားကြတယ်၊

အချို့ ဆင်တွေလဲ ဝပ်တွား.... ဦးနှိမ့်ကြတယ်"ဟု ပြောပြပါသည်။

ကိုအေးလွင်သည် ဆရာကြီး၏ စကားကို လေးနက်စွာ နားထောင်သူ ဖြစ်၍ မေတ္တာတရား ပွားများရမည့် အကြောင်းကို သွန်သင်ဆုံးမပါရန် ပြောကြားပါသည်။

www.dhammaransi.com



"ရှေးဦးစွာ မေတ္တာပွားသင့်သော ပုဂ္ဂိုလ် မေတ္တာမပွားသင့်သော ပုဂ္ဂိုလ်တို့ကို ခွဲခြားသိဖို့ လိုတယ်၊

ဤမေတ္တာကို မချစ်မနှစ်သက်အပ်သော အပ္ပိယ ပုဂ္ဂိုလ်....၊ အလွန် ချစ်အပ်သော အတိပိယ ပုဂ္ဂိုလ်၊မချစ်လွန်း၊ မမုန်းလွန်း၊ အလယ်အလတ်ဖြစ်သော မဇ္ဈတ္တ ပုဂ္ဂိုလ်၊ ရန်သူဖြစ်သော ဝေရီ ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့ကို ရှေးဦးစွာ မပွားရ၊

ယောကျ်ားဖြစ်က မိန်းမ၊ မိန်းမဖြစ်ပါက ယောကျ်ား ဟူသော လိင်အသွင်မတူသော ပုဂ္ဂိုလ်တို့ ရည်ညွှန်းပိုင်းခြား သြဓိသအားဖြင့် မေတ္တာမပွားအပ်၊သေလေပြီးသော သူကို အချင်းခပ်သိမ်း မပွားအပ်၊

ဤသို့ မပွားအပ်သော ပုဂ္ဂိုလ် ခြောက်မျိုးတို့တွင် အပ္ပိယ၊ စသော ပုဂ္ဂိုလ်လေးဦးတို့ကို အဘယ့်ကြောင့် ရှေးဦးစွာ မပွားအပ်သလဲဆိုရင် မချစ်အပ်သော သူတို့ကို ချစ်သောအရာမှာ.... ထား၍ မေတ္တာပွားရင်.... မေတ္တာစိတ် သက်ဝင်ဖို့ရန်.... ခက်ခဲတယ်....၊

အလွန်ချစ်သော သူတို့ ရှေးဦးစွာ မေတ္တာပွားရင်.... အလွန် သနား ပင်ပမ်းတတ်တယ်၊ အလယ်အလတ် ဖြစ်သော ပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွားရင်လဲ မေတ္တာစိတ် ဖြစ်ဖို့ရန် နှေးသင့်နှေး ကြန့်ကြာတယ်၊

ဝေရီ ပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွားရင်လဲ မေတ္တာမသက် သည့်ပြင် အမျက်ဒေါသ ဖြစ်လာတတ်တယ်၊ ထို့ကြောင့် ဤ လေးဦးသော ပုဂ္ဂိုလ်တို့ကို ရှေးဦးစွာ မေတ္တာမပွားအပ်၊မိမိကိုယ် ပိယပုဂ္ဂိုလ်တို့ကို ပွားပြီးနောက်မှ ပွားရမယ်၊

www.dhammaransi.com



လိင်အသွင်မတူသော ပုဂ္ဂိုလ်ကို ဩဒိဿအားဖြင့် မေတ္တာပွားရင် မေတ္တာမဖြစ်၊ တဏှာရာဂ ဖြစ်လာတတ်တယ်၊

သဗ္ဗေသတ္တာ စတဲ့ သဗ္ဗာဝုတ္တိယော စသည့် သာမန်အားဖြင့်သာ ပွားအပ်တယ်၊ သေလေပြီးသောသူကို ပွားသော်လဲ ဈာန်ကိုမရ၊ ဈာန်အနီးသို့လဲ မရောက်၊အထူး အကျိုးမရှိ မပွားအပ်၊

မေတ္တာကိုပွားသောသူဟာ အလုံးစုံသောသူတို့ရဲ့ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာတရားပွားရမယ်၊ ဘယ်လို ပွားရမလဲဆိုရင် (အဟံသုခိတောဟောမိ၊ နိဒ္ဒုက္ခော) (အဟံဝေရော ဟောမိ၊ အဗျာပဇ္ဇောဟောမိ၊ အနိဃောဟောမိ၊ သုခီအတ္တာနံ ပရိဟရာမိ)လို့ မိမိကိုယ်၌ ရှေးဦးစွာပွားရမယ်၊

အဟံ- ငါသည် သုခိတော၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံ၏၊ နိဒ္ဒုက္ခော၊ စိတ်ဆင်းရဲခြင်းမှ ကင်းသည်၊ ဟောမိ- ဖြစ်လို၏၊ အဟံ၊ငါသည် အဝေရော၊ အတွင်းအပရန်မရှိ၊ ဟောမိ၊ ဖြစ်လို၏၊ အဗျာပဇ္ဇော၊ စိုးရိမ်ကြောင့်ကြ သောကဗျာပါဒမရှိ၊ ဟောမိ၊ ဖြစ်လို၏၊ အနိဃော၊ ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းမရှိ၊ ဟောမိ၊ ဖြစ်လို၏၊ သုခီ၊ ကိုယ်စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံ၏၊ သတ္တာနံ၊ ငါ၏အတ္တဘောကို၊ ပရိဟာရာမိ၊ ဆောင်နိုင်လို၏၊ ဤသို့ အဖန်တလဲလဲ မိမိကိုယ်၌ မေတ္တာပွားရမယ်၊

အဲဒီလို မိမိကိုယ်၌ အဖန်တလဲလဲ မေတ္တာပွားသော် ဈာန်သို့ ၎င်း၊ ဈာန်အနီးသို့၎င်း မရောက်နိုင်၊

ယင်းသို့ မရောက်နိုင်သော်လဲ မိမိကိုယ်ကို သက်သေအရာ၌ထားပြီး ငါသည် ချမ်းသာကို အလိုရှိ၍ ဆင်းရဲကို စက်ဆုပ်

www.dhammaransi.com



လောကီသကဲ့သို့ အလုံးစုံသော သတ္တဝါတို့သည်လဲ ချမ်းသာကို အလိုရှိကြတယ်၊

ဆင်းရဲကို စက်ဆုပ်ကြကုန်၍ မိမိကိုယ်နှင့် အလားတူထားပြီး အလုံးစုံသော သတ္တဝါတွေ စီးပွားချမ်းသာခြင်း ဖြစ်ကြပါစေလို့ အကျိုးပွားရတယ်၊

ဒီလို မိမိကိုယ်၌ အဖန်တလဲလဲ ပွားပြီးမှ မေတ္တာဖလှယ်ခြင်း အကျိုးကျေးဇူးကြောင့် ချစ်အပ် နှလုံးပွားစေတတ် အလေးပြုအပ် ချီးမွမ်းအပ်သော ဆရာသမား၊ ဆရာသမားနှင့် အလားတူ ပုဂ္ဂိုလ်၊

ဥပဇ္ဈာယ်၊ ဥပဇ္ဈာယ်ဆရာနှင့်အလားတူ ပုဂ္ဂိုလ် အကျင့်သီလ၊ အကြား အမြင် ဗဟုသုတ စသော ဂုဏ်တို့ကို အဖန် တလဲလဲ အောက်မေ့လျှင်(သေ သပ္ပုရိသောသုခိတောဟောတုနိဒ္ဒုက္ခော) အစရှိသော နည်းဖြင့် မေတ္တာပွားရတယ်၊

သေ သပ္ပုရိသော သူတော်ကောင်းသည်၊ သုခိတော၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသည်၊ နိဒ္ဒုက္ခော၊ စိတ်၏ဆင်းရဲခြင်းမှ ကင်းသည် ဟောတုဖြစ်ပါစေ၊

ဤသို့ မေတ္တာကို အဖန်တလဲလဲ ပွားများစီးဖြန်းရင် ဈာန်ကို သော်၎င်း၊ ဈာန်၏ အနီးကိုသော်၎င်း ရနိုင်တယ်၊

ကိုယ်နှဲ့ထပ်တူ မေတ္တာမူပိုင် ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူဟာ နိမိတ်ကို၎င်း၊ ဥပစာရ သမာဓိကို၎င်း ရနိုင်တယ်၊

မေတ္တာတရားကို ပွားများ အားထုတ်လိုသော ပုဂ္ဂိုလ်သည် သိတင်္ငြိမ်ရာအရပ်သို့ သွားရောက်လျက် ငြိမ်သက်တည်ကြည်စွာ နေထိုင်ပြီး မေတ္တာတရားကို မပွားမီ ရှေးဦးစွာ စိတ်ပူစိတ်ပျက်

www.dhammaransi.com



အမျက်ထွက်ခြင်းကိုငင်း၊ အပြစ် ဒေါသကိုငင်း၊ နှလုံး ခံနိုင်သည်းခံနိုင်ခြင်း အကျိုးအာနိသင်ကို ဆင်ခြင်ရတယ်၊

မေတ္တာ ဘာဝနာဖြင့် အမျက် ဒေါသကို ပယ်ဖျောက်ရတယ်၊

မေတ္တာ၏အကျိုးအာနိသင်(၁၁)ပါးဆိုတာ အမျက်ဒေါသကို တားမြစ်ငြားသော်လဲ စိတ်ကို ငြိမ်စိမ့်သောငှာ အကယ်၍ မတတ်နိုင်၊ ဤသို့ဖြစ်သည်ရှိသော် ထိုပုဂ္ဂိုလ်သည် မေတ္တာ၏ အကျိုးအာနိသင်တို့ကို ဆင်ခြင်ရ၏၊

မြတ်စွာဘုရားသည်၊ အို-ရဟန်းတို့ စင်စစ်အားဖြင့်ရှိသေစွာ မှီဝဲအပ်သော ပွားစေအပ်သော အကြိမ်များစွာ အဖန်တလဲလဲ ပြုအပ်သော၊လာသောယာဉ်ကဲ့သို့ပြုအပ်သော တည်ရာဝတ္ထုကဲ့သို့ လေ့လာအပ်သော စိတ်၏ ဆန့်ကျင်ဖက်မှ လွတ်ကြောင်းတရား၏ တဆယ့်တပါးလုံးသော အကျိုးအာနိသင်တို့ကို အလိုရှိကုန်ဟု ဘုရားက ဟောတော်မူခဲ့တယ်၊

## မေတ္တာ၏ အကျိုး (၁၁) ပါးကား

(၁) ချမ်းသာစွာအိပ်ရ၏၊
(၂) ချမ်းသာစွာ နိုးရ၏၊
(၃) ယုတ်မာဆိုးဝါးသော အိပ်မက်များကို မမြင်မက်ရ၊
(၄) လူတို့ ချစ်ခင်၏၊
(၅) နတ်တို့သည် ချစ်၏၊
(၆) နတ်တို့ စောင့်ရှောက်၏၊

www.dhammaransi.com



(၇) ထိုမေတ္တာပွားများလေ့ရှိသော လူအား မီးသည်၎င်း၊ အဆိပ်သည်၎င်း၊ လက်နက်သည်၎င်း၊ မရောက် မကပ်နိုင်၊

(၈) လျင်စွာလည်တတ် ပြန့်လွင့်တတ်သောစိတ်သည် အညီအညွတ် ကောင်းစွာရှိ၏၊

(၉) မျက်နှာအဆင်းကြည်လင်၏၊

(၁၀) မတွေမဝေဘဲ စုတေ သေလွန်ရ၏၊

(၁၁) ထိုထက်အလွန်ဖြစ်သော မဂ်ဉာဏ် ထိုးထွင်း၍ မရခဲ့သော် ဗြဟ္မာပြည်သို့လား၏ဟု ဗုဒ္ဓအရှင်မြတ် ဟောတော် မူတယ်”ဟု ဆရာကြီးဦးနန္ဒကပြောပြပါသည်။

၎င်းနောက်....

“မောင်အေးလွင် မေတ္တာပွားနည်း ကမ္မဋ္ဌာန်းကို သိတော့ မေတ္တာပို့နည်းကို နားလည်သဘောပေါက်ဖို့ လိုသေးတယ်”

“ဟုတ်ကဲ့”

“အနဝသေသာ၊အကြွင်းမရှိကုန်သော၊ တသာဝါ၊ ကြောက်ရှံ ထိတ်လန့်တတ်ကုန်သောပုထုဇဉ်၊ သေက္ခ ပုဂ္ဂိုလ်တို့သည်၎င်း၊ ထာဝရာဝါ၊ တည်ကြည်ငြိမ်သက်ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်၎င်း၊ အတ္ထိသန္တိ၊ရှိကုန်၏၊ ဣမေပိ သဗ္ဗေသတ္တာ၊ ဤအလုံးစုံသော သတ္တဝါတို့သည်လည်း၊ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ ရောက်သောစိတ်ရှိကြကုန်သည်၊ ဘဝန္တု၊ ဖြစ်စေကုန်သတည်း၊

အနဝသေသာ၊ ကုန်သော၊ ဒိဋ္ဌာဝါ၊ မြင်ဘူး ကုန် သော သတ္တဝါတို့သည်၎င်း၊ အဒိဋ္ဌာဝါ၊မမြင်ဘူးကုန်သောသတ္တဝါတို့

www.dhammaransi.com



သည်ငှင်း၊ အဒိဌာဝါ၊ မမြင်ဘူးကုန်သော သတ္တဝါတို့သည်ငှင်း၊ အတ္ထိ သန္တိ၊ ရှိကြကုန်၏၊ ဣမေပိသဗ္ဗေသတ္တာ၊ တို့သည်လည်း၊ သုခိတတ္တာ၊ ကုန်သည်၊ ဘဝန္တု၊ ကုန်သတည်း၊

အနဝသေသာ၊ ကုန်သော၊ ဒူရေဝသန္တာဝါ၊ အဝေး၌နေကြကုန်သော သတ္တဝါတို့သည်ငှင်း၊ အဝိဒူရေဝသန္တာဝါ၊ အနီး၌နေကြကုန်သော သတ္တဝါတို့သည်ငှင်း၊အတ္ထိသန္တိ၊ရှိကုန်၏၊ဣမေပိသဗ္ဗေသတ္တာ၊ တို့သည်လည်း၊ သုခိတတ္တာ၊ ကုန်သည်၊ ဘဝန္တု၊ ကုန်သတည်း၊

အနဝသေသာ၊ ကုန်သော၊ ဘူတာဝါ၊ ဖြစ်ပြီးကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်ငှင်း၊ သမ္ဘဝေသိဝါ၊ နောင်လည်း ဘဝသစ်ကို ဖြစ်စေတတ်သော ကံကို ရှာတတ်ကုန်သော.... ပုထုဇဉ်၊ သေက္ခ ပုဂ္ဂိုလ်တို့သည်ငှင်း၊ အတ္ထိသန္တိ၊ ရှိကုန်၏၊ ဣမေပိသဗ္ဗေ သတ္တာ၊ တို့သည်လည်း၊ သုခိတတ္တာ၊ ကုန်သည်၊ ဘဝန္တု၊ ကုန်သတည်း၊

အနဝသေသာ၊ ကုန်သော၊ ဒီဃာဝါ၊ ရှည်သောကိုယ်ရှိကုန်သော မြွေ၊ နဂါး၊ ငါး၊ ဖွတ် အစရှိကုန်သော သတ္တဝါတို့သည်ငှင်း၊ ရဿကာဝါ၊ ပု၊တို၊ နိမ့်၏သော ကိုယ် ရှိကုန်သော ကြွက်၊ ငှက် အစရှိကုန်သော သတ္တဝါတို့သည်ငှင်း၊ မဇ္ဈိမာဝါ၊ အလယ်အလတ်ဖြစ်သော ကိုယ် ရှိကုန်သော မြင်း၊ နွား၊ ကျွဲ၊ဝက် အစရှိကုန်သော သတ္တဝါတို့သည်ငှင်း၊ အတ္ထိသန္တိ၊ ရှိကုန်၏၊ ဣမေပိသဗ္ဗေသတ္တာ၊တို့သည်လည်း၊သုခိတတ္တာ၊ ကုန်သည်၊ ဘဝန္တု၊ကုန်သတည်း၊

www.dhammaransi.com



အနုဝသေသာ၊ ကုန်သော၊မဟန္တာဝါ၊ကြီးသောကိုယ် ရှိကုန်သော၊ ရေ၌ ငါး၊ ကုန်း၌ ဆင်၊ နတ်၌ အသုရိန် အစရှိကုန်သော သတ္တဝါတို့သည်၎င်း၊ အဏုကာဝါ၊ မံသစက္ခုဖြင့် မမြင်စကောင်း ဒိဗ္ဗစက္ခုဖြင့်သာ ရှု၍ မြင်စကောင်းသော သိမ်မွေ့သော ကိုယ်ရှိသော ရေပိုးရေမွှား စသော သတ္တဝါတို့သည်၎င်း၊ မဇ္ဈိမာဝါ၊ မကြီးမငယ် အလယ်အလတ် ကိုယ် ရှိသော သတ္တဝါတို့သည်၎င်း၊ အတ္ထိသန္တိ၊ ရှိကုန်၏၊ ဣမေပိသဗ္ဗေသတ္တာ၊ တို့သည်လည်း၊သုခိတတ္တာ၊ ကုန်သည်၊ ဘဝန္တု၊ ကုန်သတည်း၊

အနုဝသေသာ၊ ကုန်သော၊ ထူလာဝါ၊ ဝန်းဝိုင်းဆူဖြိုးသော ကိုယ်ရှိသော၊ ငါး၊ လိပ်၊ ခရု၊ ယောက်သွားစသော သတ္တဝါတို့သည်၎င်း၊ အဏုကာဝါ၊ သိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း၊ မဇ္ဈိမာဝါ၊ အလယ်အလတ် ရှိသော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း၊ အတ္ထိသန္တိ၊ ရှိကုန်၏၊ ဣမေပိသဗ္ဗေသတ္တာ၊ တို့သည်လည်း၊ သုခိတတ္တာ၊ ကုန်သည်၊ ဘဝန္တု၊ ကုန်သတည်း လို့ မေတ္တာပို့ရတယ်"

ဆရာကြီး ဦးနန္ဒက ဤသို့ မေးလိုက်ပါသည်။

"မေတ္တာ ပွားနည်း၊ ပို့နည်းကိုတော့.... နားလည် သဘောပေါက်ပြီနော်"

"ဟုတ်ကဲ့"

"မေတ္တာဘာဝနာပွားများတဲ့ အချိန်ကို သတ်မှတ်ပြီး အားထုတ်ရမယ်၊

လူမျိုးတိုင်းမှာ ဘာသာတရားရှိတယ်၊ ဘာသာတရားကို

www.dhammaransi.com



လိုက်နာကျင့်ကြံနေသော သူတော်စင်တွေဟာ အချိန်မှန်မှန် မေတ္တာပို့တယ်၊

အဲဒီလို ကမ္မာအရပ်ရပ်က သူတော်စင်တွေ မေတ္တာပို့တာကို ခံယူနိုင်ဖို့ဟာ မိမိကိုယ်တိုင်က မေတ္တာတရား အားထုတ်မှ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေရဲ့မေတ္တာကိုခံယူနိုင်မှာ၊နောက်မို့ ဆိုမရနိုင်ဘူး၊

တို့မြန်မာလူမျိုးတွေ မိရိုးဖလာ ပို့သသော မေတ္တာပို့နည်းကတော့၊ ဘုရားဝတ်ပြုပြီးရင်ဖြစ်စေ၊ ဘုရားဝတ်မပြုမီ ပို့သရတယ်၊ ဒါကတော့ လူတိုင်းပို့သတဲ့မေတ္တာပို့နည်းဘဲ၊

သူတော်ကောင်းတရားကို အပတ်တကုတ် ကြိုးစားအားထုတ်နေကြတဲ့သူတွေက မေတ္တာပွားမယ့်အချိန်ကို သတ်မှတ်တယ်၊ ပို့မယ့်အချိန်လဲသတ်မှတ်တယ်၊ပို့ရမယ့်အချိန်အကောင်းဆုံးဟာ ည (၁၀)နာရီကျော်မှ နံနက် အရုဏ်မလင်းမီ အချိန်ဟာ သူတော်ကောင်းတွေ မေတ္တာပို့သတဲ့အချိန်၊ မေတ္တာကမ္မဋ္ဌာန်း ပွားများတဲ့ အချိန်ဘဲ၊

အချို့ပုဂ္ဂိုလ်တွေဟာ အသံနဲ့ရွတ်ဆိုပြီး ပို့ကြတယ်၊ အချို့ပုဂ္ဂိုလ်တွေကျတော့ ကမ္မဋ္ဌာန်းအားထုတ်ပြီး သမာဓိရလာတဲ့အခါ စိတ်နဲ့ပို့ကြတယ်၊ အသံနဲ့လဲ ပို့လို့ရတယ်၊

ဒါ့ကြောင့် အသံဖြစ်လာပုံကို ပြောပြမယ်၊ မင်းတို့က ခေတ်လူငယ်တွေ ခေတ်ပညာတတ်တွေ အသံဖြစ်လာပုံကို ရူပဗေဒပညာသဘောအရ အဓိပ္ပာယ်ဖွင့်ရရင်၊အသံသည် ဒြဗ်ဝတ္ထုများတုံခါခြင်းမှ ဖြစ်ပေါ်လာတယ်၊

ဥပမာ ဗုံကိုတီးသည့်အခါ ဗုံသံကိုကြားရတယ်၊မြည်နေသော

www.dhammaransi.com



ဗိုရဲ့အရေကို လက်နဲ့ အသာအယာ စမ်းကြည့်ရင် တုန်ခါနေ ကြောင်းသိရတယ်၊

ထိုကဲ့သို့ လူတို့ရဲ့ အသံဖြစ်ပေါ်လာပုံမှာလဲ ဒြဗ်ဝတ္ထုတုန်ခါ ခြင်းမှရတယ်၊ လည်ချောင်းအတွင်းရှိ တင်းနိုင် လျော့နိုင်သည့် အမြှေးပါးနှစ်ခုကြားသို့ လေများ ဖြတ်သွားခြင်း အမြှေးပါးတွေ ကို တုန်ခါစေတယ်၊

ထိုအမြှေးပါးများ တုန်ခါသောအခါ အသံထွက်လာတယ်၊

တုန်ခါနေသော ဒြဗ်ဝတ္ထုသည် ၎င်းမှ ဝေးကွာသောနားထဲ သို့ အသံကူးသော ခံစားမှုကို မည်သို့မည်ပုံ ပေးနိုင်သနည်းဟု စဉ်းစားစရာရှိလာတယ်၊

လေထဲမှာရှိတဲ့ ဝတ္ထုတခုကို စွမ်းအင်ပေးခြင်းဖြင့် တုန်ခါစေ တယ်၊ထိုအခါ ဝတ္ထု၏ပတ်ဝန်းကျင်ကြားခံနယ်ရှိ မော်လီကျူး ဟာ ထိခိုက်ခြင်းခံရသောကြောင့် အလားတူစွာ တုန်ခါကြ တယ်၊

ဤသို့ တုန်ခါခြင်း ကူးစက်သွားတယ်၊ မော်လီကျူး အ ချင်းချင်းပွတ်တိုက်မှုကြောင့် စွမ်းအင်ကုန်သွားတဲ့ အခါကျမှ တုန်ခါခြင်းရပ်စဲသွားတယ်၊ တုန်ခါနေသော ဒြဗ်ဝတ္ထုစွမ်းအင်၊ အသံစွမ်းအင်အဖြစ်ဖြင့် ဒြဗ်သား ကြားခံနယ်ဖြင့် လေကို ဖြတ် သန်းလျက်တနေရာမှတနေရာသို့ ရောက်သွားတတ်သယ်၊

အသံစွမ်းအင် ဖြတ်သွားနေစဉ် ကြားခံနယ်ရှိ လေထုဟာ ရေစီးသံကဲ့သို့ စွမ်းအင်နှင့်အတူ လိုက်မြောပါသွားခြင်း မပြု၊ ကြားခံနယ်ရှိ ဒြဗ်သား အစိတ်အပိုင်းများသာ မိမိတို့၏ တည် နေရာမှ ခေတ္တလှုပ်ရှား တုန်ခါမှုကို ရရှိကာ အသံစွမ်းအင်ကို

www.dhammaransi.com



တနေရာမှ တနေရာသို့ရောက်အောင် လက်ဆင့်ကမ်းသကဲ့သို့ပင် ဖြစ်တယ်၊

အသံတနေရာမှ တနေရာသို့ ဖြတ်သန်းရောက်စေရန် ကြားခံနယ်မှာ ဓါတ်ငွေ့၊ အရည်အခဲကဲ့သို့ ဒြပ်သားတခုခုရှိရန် လိုအပ်ကြောင်းပင်ဖြစ်တယ်၊ ဒါက အသံဖြစ်လာပုံပေါ့ကွာ၊

အသံကြားရပုံကတော့ အသံစွမ်းအင်ဖြတ်သန်းသွား ကြားခံနယ်တလျှောက်မှာ ဒြပ်သား မော်လီကျူးတို့ဟာ တုန်ခါ နေကြတယ်၊

အကယ်လို့ နားကို ၎င်းအနီးအနားမှာ ထားရှိပါက တုန်ခြင်းသည် နားအနီးရှိ လေ မော်လီကျူးများသို့ လက်ဆင့်ကမ်းကူးစက်သွားတယ်၊

နားအနီးရှိ တုန်ခါလာသော မော်လီကျူးတွေဟာ နားအတွင်းရှိ အမြှေးပါးကလေး (Ear drum)ကို ထိခိုက် တုန်ခါစေတယ်၊

ထိုနားရဲ့ အမြှေးပါးကလေး တုန်ခါခြင်းဟာ အာရုံကြောများမှတဆင့် ဦးနှောက်တွင် အသံတည်း ဟူသော အာရုံတခုကို ဖြစ်ပေါ်လာစေတယ်၊ ဒါဟာ ရူပဗေဒနည်းသဘောအရဘဲ၊

ဒါပေမဲ့ တို့ ကျင့်ကြံအားထုတ်နေတဲ့ (သမထ) ယာနိက တနည်း ပြောရရင်၊ ဝိဇ္ဇာပညာဟာ ဒီလို လောကဓါတ်နည်းတွေနဲ့ မတူဘူး၊ ရူပဗေဒ နည်းကတော့ ကြားခံဆိုသော ဒြပ်ဝတ္ထုပစ္စည်းဖြစ်တဲ့၊ ဓါတ်ငွေ့၊ အရည်၊ အခဲကဲ့သို့ ဒြပ်သား တခုခု ပြုလုပ်ရန်လိုတယ်၊

www.dhammaransi.com



(သမထ)ယာနိက ကျင့်တဲ့ပုဂ္ဂိုလ်မှာ တန်ခိုး၏ အကြောင်းတရားများက သဘော တရားဖြင့် သတ္တဝါတို့သည် ကြီးပွားတိုးတက်ကုန်၏၊

ထို့ကြောင့် သတ္တဝါတို့၏ တိုးတက်ကြီးပွားကြောင်း ဖြစ်သောထိုသဘောတရားသည် တန်ခိုးဣဒ္ဓိမည်၏၊တန်ခိုးဣဒ္ဓိဟူသည် ကြီးပွားတိုးတက်ကုန်၏၊ လွန်ကဲ ထူးမြတ်ခြင်းသို့ရောက်ကုန်၏ဟု ဆိုလိုတယ်၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမှာ ဆိုထားတယ်၊

ဣဒ္ဓိတန်ခိုး ဆယ်မျိုးမှာ ပကတိသဘောအားဖြင့်တယောက်တည်း ဖြစ်လျက် အများကို ဆင်ခြင်နိုင်တယ်၊ တရာကိုဖြစ်စေ၊ တထောင်ကိုဖြစ်စေ၊ တသိန်းကိုဖြစ်စေ၊ နှလုံးသွင်းနိုင်တယ်၊

ခန္ဓာကိုယ် အများ ဖြစ်စေနိုင်တယ်၊ အဘိညာဉ် ဉာဏ်ဖြင့် ဆောက်တည်နိုင်တယ်၊ ဒါ့ကြောင့် တန်ခိုးဆိုသည်ဟာ စိတ်ကူးယဉ် သက်သက် မဟုတ်၊အလွန် တိကျပြီး အကြောင်းတရား ခိုင်လုံသော ဝိဇ္ဇာပညာရပ် ဖြစ်တယ်၊

သိပ္ပံနည်းဖြင့် အတွင်းပိုင်း ကျကျ စုံစမ်း၍ မရနိုင်သော်လဲ စနစ်တကျ လေ့လာနိုင်သူ မသိသေး၍သာ ခေတ် အမြင်တွင် တန်ခိုးကို မှုန်တဝါးဝါး မြင်နိုင် တွေးခေါ်နိုင်နေကြတယ်၊

လောကမှာ မည်သည့်အရာမှ အကြောင်းတရားမရှိဘဲ ဖြစ်ပေါ်၍ မလာ၊ တန်ခိုးလည်း လောက သုံးပါး အတွင်းမှာ သင်္ခါရ တရားမျှသာဖြစ်တယ်၊

အကြောင်းတရားကင်းမဲ့ပြီး မဖြစ်ပေါ်လာဘူး၊ ဒါ့ကြောင့် တန်ခိုးဟာ အလွန်ခိုင်လုံသော အကြောင်း တရားများ ပေါ်မှာ အခြေစိုက်ဖြစ်ပေါ်လာတယ်၊

www.dhammaransi.com



တန်ခိုးကို စနစ်တကျ လက်တွေ့လုပ်ယူမှ ရနိုင်တယ်၊ တတ်မြောက် နိုင်တယ်၊ တန်ခိုးသည် မိုးပေါ်က အလိုလို ကျသော အရာမဟုတ်ဘူး၊ တန်ခိုးဟာ သဘာဝကျသော လက်တွေ့ ဝိဇ္ဇာပညာရပ်ဖြစ်တယ်၊

လောကမှာ အတတ်ပညာဟူသ၍ အခြေခံကြီးလေးရပ်ပေါ် အခြေစိုက်ရတယ်၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဉာဏ်တို့ ဖြစ်တယ်၊ ဗုဒ္ဓ အရှင် မြတ်ဘုရားဖြစ်ဖို့ အဓိပတိ လေးပါးပေါ်မှာ အခြေစိုက်ခဲ့ တယ်....၊

ဝိဇ္ဇာ ပညာရပ်ဟာလဲ အခြေခံ အကြောင်းတရားကြီး လေးရပ်ပေါ်မှာ တည်ဆောက်ရတယ်၊ ၎င်းအခြေခံ အကြောင်းတရားကြီး လေးရပ် မပါရင်၊ မည်သည့် အတတ်ပညာမှ ဖြစ်ပေါ်ရန် အကြောင်းမရှိ၊

မည်သည့် ဝိဇ္ဇာပညာ၊ သိပ္ပံ အတတ်ပညာမဆို ၎င်းအခြေခံ ပေါ်မှာ အကြောင်းတရားကြီး လေးရပ်သာ.... အခြေစိုက်နေ ကြောင်း တွေ့ရတယ်၊

စိတ်တန်ခိုးအထိ အကြောင်းအကျိုး.... ဆက်စပ်ယူပုံမှာလဲ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဉာဏ်တည်းဟူသော အခြေခံကြီး လေးရပ် ဟာ ပညာတည်းဟူသော အကျိုးကို ဖြစ်ထွန်းစေခဲ့တယ်၊

ဒါ့ကြောင့် ဣဒ္ဓိတန်ခိုးမှာ အကျိုးတရားဖြစ်ပြီး (ပါဒ) ဟူသော အကြောင်းတရား ဖြစ်လာတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်ရသည်ဟူ၍ ဗုဒ္ဓ ဒေသနာတော်ကို လေးလေးနက်နက် နှလုံးသွင်းရန် လိုတယ်၊

www.dhammaransi.com



ဗုဒ္ဓက အကျိုးနဲ့ အကြောင်းတရားတို့ကို တွဲပြီး ဣဒ္ဓိပါဒကို ညွှန်ပြတော်မူတယ်....၊ ဣဒ္ဓိဆိုတာ ပြည့်စုံခြင်း ပြီးစီးခြင်းလို့ အဓိပ္ပာယ်ဖြစ်တယ်၊

တန်ခိုးကို အခြေခံကြီး လေးရပ်နှင့်အညီ မိမိကိုယ်တိုင် လက်တွေ့ အားထုတ် ကျင့်ကြံယူမှသာ ရနိုင်ကြောင်း လက်တွေ့ကျတဲ့ ပဓာနလုပ်ငန်း ဖြစ်တယ်၊

ဒါ့ကြောင့် (သမထ) ယာနိက ကမ္မဋ္ဌာန်း တရား စီးဖြန်းတဲ့ ပုဂ္ဂိုလ်ဟာ မိမိကိုယ်တိုင် မေတ္တာကို ပို့လို့လဲ ရတယ်၊သူတော်ကောင်းတွေ ပို့သတဲ့ မေတ္တာတွေကိုလဲ ခံယူလို့ရတယ်၊

သမထ ကမ္မဋ္ဌာန်းခေါ် ငြိမ်းဆေးမှု ရအောင်နှင့်.... ဈာန်ရအောင် လေ့ကျင့်သည့် အာရုံ အကြောင်းကို အစမှ နေပြီး နောက်ဆုံး ဈာန်ရလာအောင် ပြောပြမယ် မောင်အေးလွင်”

“ဟုတ်ကဲ့ ဆရာကြီး”ဟု ကိုအေးလွင်က ပြောပါသည်။

“စရိုက်ခေါ် မိမိနှင့်ဆိုင်ရာ အမူအကျင့်ကို လိုက်ပြီး ယောဂီပုဂ္ဂိုလ် သို့မဟုတ် တရားအားထုတ်သူ တယောက်သည်၊ တရားကျင့်နိုင်ရန်အတွက် တရားကျင့်သည့် အာရုံ သို့မဟုတ် ကမ္မဋ္ဌာန်းတပါးပါးကို ရွေးချယ်ပေးရတယ်၊

ဖြစ်နိုင်လျှင် တတ်သိ နားလည် သော ဆရာသမားများနှင့် တိုင်ပင် ပြုလုပ် ပေးရမယ်၊

ထို့နောက်.... သူသည် မိမိ၏ အဖက်ဖက်မှ အတွေးအခေါ်များကို သိမ်းငင်ပြီး ယူပေးကာ ‘ပရိကမ္မနိမိတ်’ ခေါ် ‘အာရုံ၏ ထင်မြင်မှု’ပေါ်သို့ စိတ် စူးစိုက်ကျရောက်နေအောင် လုပ်ဆောင်ပေးရတယ်၊

www.dhammaransi.com



သူသည် 'ပရိကမ္မနိမိတ်'အား မျက်စိဖြင့် တသမတ်တည်း.... စိုက်ကြည့်ကာ အလွန် သတိထား ဂရုစိုက်ပေးနေရတယ်၊

ဤသို့သော နည်းအားဖြင့် အာရုံကို ကောင်းစွာ ငုံမိ ခြုံမိ လောက်အောင် ဖြစ်ပေါ်လာသော အခါ၌ မျက်စိကို မှိတ်ထား လိုက်သည့် အခါ၌ပင် ထိုအာရုံ၏ 'ပုံသဏ္ဍာန်' သည် သူ့ရှေ့တွင် ပေါ်လွင်နေလိမ့်မည် ဖြစ်တယ်၊

ဤသို့ဖြစ်လာခြင်းမှာ တရားအားထုတ်စီးဖြန်းရာတွင် ပထမ ဦးဆုံး ရရှိလာသော အချက်တရပ်ပင်ဖြစ်တယ်၊ အာရုံ၏ အ သေးစိတ် အချက်အလက်အားလုံးကုန် ပါရှိနေပြီး ဖြစ်သော 'ပုံသဏ္ဍာန်' ကို 'ဥဂ္ဂဟနိမိတ်' ဟု ခေါ်တယ်၊မြန်မာလို'ပုံသဏ္ဍာန် ထင်မြင်မှု' လို့ခေါ်တယ်၊

ယောဂီလုပ်သူသည် စိတ်၏ ချမ်းမြေ့သာယာမှုကို လွန်စွာ ရရှိလာကာ 'ဥဂ္ဂဟနိမိတ်' ခေါ် 'ပုံသဏ္ဍာန်ထင်မြင်မှု'ကို မှတည် ပြီး တရားအားထုတ် စီးဖြန်းနေရသည်ကိုလဲ လွန်စွာ နှစ်ခြိုက် လာမယ်၊

ဆက်လက်ပြီး တရား လေ့ကျင့်ပေးသွားခြင်းအားဖြင့် 'ပုံသဏ္ဍာန်ထင်မြင်မှု' တွင် ပါရှိနေသည့် အသေးစိတ် အချက်အ လက်များသည် ပပျောက်သွားပြီးနောက် အလွန်တောက်ပကြည် လင်သော အဝန်းအဝိုင်းကြီး ဖြစ်ပေါ်လာတယ်၊

ရင်းမှာဖုံးထားသော မှန်ကို လှပ်လိုက်သကဲ့သို့ရင်း၊ တိမ်ကြို တိမ်ကြားမှ ထွက်ပြူလာစဖြစ်သော လပြည့်ဝန်းကြီးကဲ့သို့ရင်း ဖြစ်ပေတယ်၊ ဤသို့သော ထင်မြင်မှုအထိမ်းအမှတ်ကို 'ပဋိဘာဂ

www.dhammaransi.com



နိမိတ်' ဟု ခေါ်တယ်၊ မြန်မာလို 'ပြောင်းလဲသော နောက်ပေါ် ပုံသဏ္ဌာန်ထင်မြင်မှု' လို့ခေါ်နိုင်တယ်၊

ယောဂီလုပ်သူအဖို့ အရေးကြီးသော တိုးတက်မှုတရပ်ပင်ဖြစ် တယ်၊

သို့သော်လဲ ဖော်ပြပါ 'ပဋိဘာဂနိမိတ်' ခေါ် 'ပြောင်းလဲ သော နောက်ပေါ်ပုံသဏ္ဌာန် ထင်မြင်မှု' ကို ရရှိလာစေရန် ဆို သည်မှာ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာ သတိ၊ အာနာပါနသတိ အစရှိသော ပေါင်း ၂၂ ပါးသော ကမ္မဋ္ဌာန်းများကို စီးဖြန်းပေးနိုင်ပါမှသာ ဖြစ်နိုင်သော အရာ ဖြစ်တယ်၊

အခြားကမ္မဋ္ဌာန်းများကို စီးဖြန်းပေးခြင်းအားဖြင့်'ပဋိဘာဂ နိမိတ်' ကို ရရှိစေနိုင်ခြင်းမရှိချေ၊ 'ပရိကမ္မနိမိတ်' ခေါ် 'အာရုံ ထင်မြင်မှု' နှင့် 'ဥဂ္ဂဟနိမိတ်' ခေါ် 'ပုံသဏ္ဌာန်ထင်မြင်မှု' အစရှိ သော နိမိတ်များကိုကား အခြားကမ္မဋ္ဌာန်းများကို စီးဖြန်းပေး ခြင်းအားဖြင့် တနည်းနှင့်မဟုတ်လျှင် အခြားတနည်းဖြင့် ရရှိ လာစေနိုင်တယ်၊

'ပဋိဘာဂနိမိတ်' ခေါ် 'ပြောင်းလဲသော နောက်ပေါ် ပုံသဏ္ဌာန်ထင်မြင်မှု' ကို ရရှိလာသည့် တရားအားထုတ် စီးဖြန်း ခြင်းနှင့်ဆိုင်ရာ 'ဥပစာရ' သို့မဟုတ် 'အကြောင်း အထောက်အ ပံ့ပြုသောအဆင့်' သို့ ရောက်လာသောအခါ၌ တရားအားထုတ် စီးဖြန်း လေ့ကျင့်ခြင်းသည် လွန်စွာအားကောင်းလာပြီဖြစ်သော ကြောင့် နီဝရဏခေါ် အတားအဆီး ၅ ပါးတို့အား ဖိနှိပ်ထား နိုင်လာပြီဖြစ်တယ်၊

www.dhammaransi.com



ထိုမှနောက်တွင် ဈာန်အင်္ဂါ ၅ ပါးဖြစ်ကြသော 'ဝိတက်' ခေါ် 'စိတ်ကို ကျင့်သုံးပေးမှု' 'ဝိစာရ' ခေါ် 'စိတ်ကို မပြတ် ဆောက်တည်ပေးမှု' 'ပီတိ' ခေါ် 'နှစ်လိုဝမ်းမြောက်မှု' 'သုခ' ခေါ် 'ချမ်းသာမှု' 'ဧကဂ္ဂတာ' ခေါ် 'တသမတ်တည်း စူးစိုက်မှု' စသည်တို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကြခြင်းအားဖြင့် ပထမဈာန် အဆင့်ကို ဆိုက် ရောက်လာလေတယ်၊

ဤသည်ကား 'အပ္ပနာ'ခေါ် တရားအားထုတ် စီးဖြန်းမှု ဈာန်အဆင့်ပင် ဖြစ်တယ်၊

ရရှိပြီးသောဈာန်အဆင့်နှင့်ဆိုင်ရာ တရားအားထုတ်စီးဖြန်းမှုများကို လုံလုံ လောက်လောက် ရင့်ကျက်လာစေအောင်၎င်း၊ တည်ငြိမ်လာစေအောင်၎င်း၊ လုပ်ဆောင် ပေးရခြင်း မရှိဘဲနှင့် နောက်ထပ်ဈာန်အဆင့်များကို တက်ရန်မသင့်ချေ၊

နောက်ထပ် ဈာန်အဆင့်တဆင့်သို့ မတက်သေးမီ လက်ရှိရရှိနေပြီးဖြစ်သည့် ဈာန်အဆင့်ကို လုံး၀ ပိုင်နိုင်မှုရှိအောင် လုပ်ထားရမည်သာဖြစ်တယ်၊

ဤသို့ပိုင်နိုင်မှုရှိအောင် လုပ်ဆောင်နိုင်စေသည့် နည်းလမ်း ၅ မျိုးရှိတယ်၊

၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်တယ်၊

(၁) ယောဂီ ပုဂ္ဂိုလ် လုပ်သူသည် မိမိကြိုက်ရာနေရာ မိမိကြိုက်ရာ အချိန်၌ ဈာန်ကိုဆင်ခြင်ပေးနိုင်စေရမယ်၊ ဤသို့ ဖြစ်နိုင်သည်ကို'အာဝဇ္ဇနဝသီ' သို့မဟုတ် 'ဈာန်ကိုဆင်ခြင်ရန်ပိုင်နိုင်လာမှု' ဟု ခေါ်တယ်၊

www.dhammaransi.com



(၂) ယောဂီပုဂ္ဂိုလ်လုပ်သူသည် မိမိကြိုက်သောနေရာ မိမိကြိုက်သောအချိန်၌ ဈာန်ဝင်စားပေးနိုင်စေရမယ်၊ ဤသို့ဖြစ်နိုင်သည်ကို'သမာပဇ္ဇနဝသီ'ဟုခေါ်တယ်၊ မြန်မာလို 'ဈာန်ဝင်စားရန် ပိုင်နိုင်လာမှု'ဟု ခေါ်နိုင်တယ်၊

(၃) ယောဂီပုဂ္ဂိုလ်လုပ်သူသည် မိမိကြိုက်သောအချိန် မိမိကြိုက်သောနေရာ၌ အလိုရှိသလောက် အချိန် ကြာမြင့်စွာဖြင့် ဈာန်ကို ဆောက်တည်ထားနိုင်စေရမယ်၊ ဤသို့ ဖြစ်နိုင်သည်ကို 'အဓိဋ္ဌာနဝသီ' သို့မဟုတ် 'ဈာန်ကို ဆောက်တည်ထားနိုင်သော ပိုင်နိုင်လာမှု'ဟုခေါ်တယ်၊

(၄) ယောဂီပုဂ္ဂိုလ်လုပ်သူသည် မိမိကြိုက်သောအချိန် မိမိကြိုက်သောနေရာ၌ ဈာန်မှထလာစေနိုင်ရမယ်၊ဤသို့ ဖြစ်လာနိုင်သည်ကို'ဝုဋ္ဌာနဝသီ' သို့မဟုတ် 'ဈာန်မှ ထနိုင်သော ပိုင်နိုင်လာမှု'ဟုခေါ်တယ်၊

(၅) ယောဂီပုဂ္ဂိုလ်လုပ်သူသည် မိမိကြိုက်သောအချိန် မိမိကြိုက်သောနေရာ၌ မိမိကြိုက်သလောက် အချိန်ကြာမြင့်စွာဖြင့် ဈာန်ကိုအထပ်ထပ် ပြန်လည်၍ ဆင်ခြင်နိုင်စေရမယ်၊ ဤသို့ ဖြစ်လာနိုင်သည်ကို'ပစ္စဝေက္ခဏာဝသီ'သို့မဟုတ်'ဈာန်ကိုအထပ်ထပ် ပြန်လည်၍ ဆင်ခြင်နိုင်သော ပိုင်နိုင်လာမှု'ဟုခေါ်တယ်၊

'ပရိကမ္မနိမိတ်'ခေါ် 'အာရုံထင်မြင်မှု' နှင့် 'ဥဂ္ဂဟနိမိတ်' ခေါ်'ပုံသဏ္ဌာန်ထင်မြင်မှု' စသည့် နိမိတ်များသည် တနည်းနှင့် မဟုတ်လျှင် အခြားတနည်းအားဖြင့် ကမ္မဋ္ဌာန်း အားလုံးတွင် ဖြစ်ပေါ်လာနိုင်ကြတယ်၊

www.dhammaransi.com



သို့သော်လဲ 'ပဋိဘာဂနိမိတ်' ခေါ် 'နောက်ပေါ်ပုံသဏ္ဍာန် ထင်မြင်မှု' ဆိုသော နိမိတ်မှာအား၊ဖော်ပြပြီး ဖြစ်သည့်အတိုင်း ကမ္မဋ္ဌာန်း ၂၂ ပါး တို့ ကြောင့် သာ ဖြစ်ပေါ် လာနိုင်သော နိမိတ်ဖြစ်တယ်၊

ဤသို့သော အခါ၌ 'ပဋိဘာဂနိမိတ်' ခေါ် 'နောက်ပေါ် ပုံသဏ္ဍာန် ထင်မြင်မှု'ကို အ ကြောင်း ပြု ၍ 'ဥပစာရ' ခေါ် 'အကြောင်းအထောက်အပံ့ပြုသောအဆင့်'ကိုရော'အပ္ပနာ'ခေါ် 'ဈာန်အဆင့်'ကိုပါ အဆင့်နှစ်ဆင့်လုံးအား ရရှိလာစေနိုင်တယ်၊ ရရှိလာပုံဖြစ်စဉ်မှာ အောက်ပါအတိုင်းပင်ဖြစ်တယ်၊

တရားစတင်အားထုတ်သူအနေနှင့် တရားအားထုတ် စီးဖြန်း ရန်အတွက် မိမိရွေးမှောက်တွင်ထားရှိသောအာရုံအား 'ပရိကမ္မ နိမိတ်' သို့မဟုတ် 'အာရုံမြင်မှု'ဟုခေါ်တယ်၊

ထိုအာရုံပေါ်တွင် မူတည်ပြီး၊ တရားအားထုတ် စီးဖြန်းခြင်း ကို 'ပရိကမ္မ'သို့မဟုတ် 'မူလအခြေခံအဆင့်'ဟုခေါ်တယ်၊

ယောဂီအနေနှင့် မိမိတရားအားထုတ်စီးဖြန်းရာ အာရုံပေါ်၌ ကောင်းစွာစိတ်ရောက်လာသောအခါ၌ သူသည် မျက်စိပိတ်ထား လိုက်သည့်တိုင်အောင်ပင် ထိုအာရုံ၏ ပုံသဏ္ဍာန်ကို တိတိကျကျ ကြီး မြင်လာတော့တယ်၊

ဤသို့သောပုံသဏ္ဍာန်အား 'ဥဂ္ဂဟနိမိတ်'သို့မဟုတ် 'ပုံသဏ္ဍာန် ထင်မြင်မှု'ဟုခေါ်တယ်၊

ဤအဆင့်တွင် ယောဂီပုဂ္ဂိုလ်သည် စိတ်ကို တည်ကြည်စွာ စူးစိုက်ပေးနိုင်လျက်ရှိနေပြီဖြစ်တယ်၊

www.dhammaransi.com



ထို့နောက် ဤသို့ ရရှိအပ်သော အခြေခံဖြစ်သည့် စိတ်၏စူးစိုက်နိုင်မှုဖြင့်ပင် သူသည် 'ဥဂ္ဂဟနိမိတ်'ခေါ် 'ပုံသဏ္ဍာန်ထင်မြင်မှု'ကိုပင် စီးဖြန်းပေးနေတယ်၊

အတန်ကြာအောင် လေ့ကျင့်မိသောအခါ၌ 'ပုံသဏ္ဍာန်ထင်မြင်မှု'တွင်တွေ့ရသော အသေးစိတ်အချက်အလက်များ ပပျောက်သွားကာ လုံးဝပြောင်းလဲနေပြီဖြစ်သော အဝန်းအဝိုင်းကြီးတခုကို စိတ်ကထင်မြင်လာတယ်၊

ဤသို့ထင်မြင်လာသည်ကို'ပဋိဘာဂနိမိတ်'သို့မဟုတ် 'ပြောင်းလဲသောနောက်ပေါ်ပုံသဏ္ဍာန် ထင်မြင်မှု'ဟုခေါ်တယ်၊

ဤတွင် 'ဥပစာရ'ခေါ် 'အကြောင်းအထောက်အပံ့ပြုသောအဆင့်'နှင့်ဆိုင်ရာ တရားအားထုတ်စီးဖြန်းမှုသည် အလွန်မတန်အားကောင်းသောအဆင့်သို့ ဆိုက်ရောက်နေပြီဖြစ်တယ်၊

ထို့နောက် ဤသို့ ရရှိလာအပ်သော စိတ်၏ တည်ကြည်စွာစူးစိုက်နိုင်မှုဖြင့်ပင် ထိုထင်မြင်မှုပေါ်၌ ဆက်လက်၍ တရားအားထုတ်စီးဖြန်းပေးခြင်းအားဖြင့် သူသည်'ရူပါဝစရ'ခေါ်'ရုပ်နှင့်ဆိုင်ရာ ပထမဈာန်အဆင့်'သို့ဆိုက်ရောက်သွားရလေတယ်၊

ထို့နောက် အမြဲတန်း တရားအားထုတ် လေ့ကျင့်ပေးခြင်းအားဖြင့် 'အာဝဇ္ဇနဝသီ'ခေါ်'ဈာန်ကိုဆင်ခြင်ရန် ပိုင်နိုင်လာမှု' 'သမာပဇ္ဇနဝသီ'ခေါ် 'ဈာန်ဝင်စားရန် ပိုင်နိုင်လာမှု' 'အဓိဋ္ဌာနဝသီ'ခေါ် 'ဈာန်ကိုသောက်တည်ထားနိုင်သောပိုင်နိုင်လာမှု' 'ဝုဋ္ဌာနဝသီ'ခေါ်'ဈာန်မှထနိုင်သော ပိုင်နိုင်လာမှု' 'ပစ္စဝေက္ခဏာဝသီ'ခေါ် 'ဈာန်ကိုအထပ်ထပ်ပြန်လည်၍ ပြင်ဆင်လာနိုင်သောပိုင်နိုင်လာမှု'စသည့် ပိုင်နိုင်နည်း ၅ နည်းကို ရရှိအောင်လုပ်ပေး

www.dhammaransi.com



ခြင်းအားဖြင့် မိမိရရှိထားအပ်သောစျာန်ကို ပိုင်ပိုင်နိုင်နိုင်ဖြစ်၍ လာတယ်၊

ထို့နောက် စျာန်အင်္ဂါများကို တခုပြီးတခု ပယ်ရှားပေးခြင်း အားဖြင့် ယောဂီပုဂ္ဂိုလ်သည် ပိုမို၍အဆင့်အတန်း မြင့်သည်ထက် မြင့်လာသော စျာန်အဆင့်များကို ရရှိလာရလေတယ်၊

သို့ဖြစ်သောကြောင့် 'ပဋိဘာဂနိမိတ်'ခေါ် 'ပြောင်းလဲသော နောက်ပေါ်ပုံသဏ္ဍာန် ထင်မြင်မှု' သည် အထက်ကဖော်ပြခဲ့ပြီး ဖြစ်သည့် ကမ္မဋ္ဌာန်း ၂၂ ပါးတွင်သာ ဖြစ်ပေါ်နိုင်ခြင်းရှိလေ တယ်၊

ကျန်သောကမ္မဋ္ဌာန်းများ၌ 'အပ္ပမညာ' ခေါ် 'အတိုင်းအဆ မရှိမှု' ၄ ပါးတို့သည် သုခိတ ဒုက္ခိတ သတ္တဝါ ပညတ်၌သာ ဖြစ်ကြကုန်တယ်၊

ရူပါဝစရစျာန်မှနေပြီး အရူပါဝစရ စျာန်အဆင့်သို့ တက် လာနိုင်စေရန်အတွက် ယောဂီ ပုဂ္ဂိုလ် လုပ်သူသည် အဦးဆုံး....၊ ပထမ ကသိုဏ်း ၁၀-ပါးအနက် တပါးပါးသော.... ကသိုဏ်းကို မှတ်ည်ပြီး တရားအားထုတ် စီးဖြန်းပေးခြင်းအားဖြင့် 'ပဋိဘာဂ နိမိတ်' ခေါ် 'ပြောင်းလဲသော နောက်ပုံသဏ္ဍာန် ထင်မြင်မှု'ရရှိ လာစေအောင် လုပ်ဆောင်ပေးပြီးနောက် ပဉ္စမစျာန်အဆင့်ကို ရရှိထားရန် လိုအပ်လေတယ်၊

ထို့နောက် သူသည် ထိုနိမိတ်ကိုပင် စကြာဝဠာ အနန္တသို့တိုင် ရောက်အောင်ရင်း၊ အတောမသတ်နိုင်သို့တိုင် ရောက်အောင်ရင်း၊ ဆက်ကာဆက်ကာ စီးဖြန်း အာချဲ့ပြုပေးရမည် ဖြစ်တယ်၊

www.dhammaransi.com



ထိုသို့ စီးဖြန်းပေးခြင်းအားဖြင့် နောက်ဆုံးတွင်.... သူသည် နိမိတ်ကို လုံးဝ ပယ်ဖျောက်ပစ်လိုက်ကာ 'အိုးပေါ်မှ အဖုံးကို ဖွင့်လှစ်ပစ်လိုက်သကဲ့သို့' နေရာတကာ၌ ဘာမျှ မရှိသော အာကာသကြီးကိုသာ ထင်မြင် လာလိမ့်မည် ဖြစ်တယ်၊

ယောဂီ ပုဂ္ဂိုလ်သည် ဤသို့သော 'အနန္တကာသ' သို့မဟုတ် 'အာကာသ၏ အတောမသတ်မှုကို' စီးဖြန်းပေးခြင်းအားဖြင့်ပင် ၎င်းနှင့် ဆိုင်ရာ ဈာန်အဆင့်ကို ရရှိလာရတယ်၊

ဤဈာန်မှာ အရူပါဝစရ ဈာန်၊ သို့မဟုတ် ရုပ်မဲ့ ဈာန်တွင် ပထမ ဈာန်ပင် ဖြစ်ပေတယ်၊

၎င်းကို 'အာကာသာနဉ္စာယတနဈာန်' သို့မဟုတ်.... 'အာကာသ၏ အတောမသတ်မှုကို သိသောစိတ်နှင့် ဆိုင်ရာ ဈာန်'ဟု ခေါ်တယ်၊

ထို့နောက် 'အနန္တကာသ' ခေါ် 'အာကာသ၏ အတောမသတ်မှု' ဆိုသော အချက်၏နေရာ၌ 'အနန္တဝိညာဏ' ခေါ်.... 'ဝိညာဏ်၊ သို့မဟုတ် စိတ်၏အတောမသတ်တည်ရှိမှု' ဆိုသော အချက်ကို အစားထိုးပေးကာ ထို'အနန္တဝိညာဏ' ခေါ် အချက်ကို ပင် အဖန်ဖန်လဲလဲ စီးဖြန်းပေးခြင်းအားဖြင့်.... ၎င်းနှင့် ဆိုင်ရာ ဈာန်ကို ရရှိလာတယ်၊

၎င်းမှာ ရုပ်မဲ့ဈာန်နှင့် ဒုတိယမြောက် ဖြစ်သော ဈာန်ပင် ဖြစ်တယ်၊

၎င်းကို 'ဝိညာနဉ္စာယတနဈာန်' သို့မဟုတ် 'စိတ်၏ အတောမသတ် တည်ရှိမှုကို သိသောစိတ်နှင့် ဆိုင်ရာဈာန်....'ဟု ခေါ်လေတယ်၊

www.dhammaransi.com



ထို့နောက်.... ယောဂီ ပုဂ္ဂိုလ်သည် စိတ်၏ အာဘောမသတ် တည်ရှိမှုဆိုသော အချက်ကိုလည်း ဖယ်ရှား ပစ်လိုက်ပြန်ပြီး.... အကြွင်းမဲ့ ဘာမျှ မရှိသော အဖြစ်ကို မူတည် စီးဖြန်း.... ပြန် တယ်....၊

ဤသို့ အကြွင်းမဲ့ ဘာမျှ မရှိသော အဖြစ်ကို မူတည်စီးဖြန်း ခြင်း အားဖြင့် ၎င်းနှင့် ဆိုင်ရာ ဈာန်ကို ရရှိလာပြန်တယ်၊

ဤဈာန်မှာ ရုပ်မဲ့ဈာန်များတွင် တတိယမြောက် ဈာန်ဖြစ်၍ 'အာကိဉ္စညာယတနဈာန်' သို့မဟုတ် 'အကြွင်းမဲ့ ဘာမျှမရှိမှုကို သိသော စိတ်နှင့် ဆိုင်ရာ ဈာန်'ဟု ခေါ်လေတယ်၊

ထို့နောက် ယောဂီပုဂ္ဂိုလ် လုပ်သူသည် ဤသို့သော အကြွင်း မဲ့ ဘာမျှ မရှိမှုသည် ငြိမ်းလဲ ငြိမ်းအေးသည်၊ အလွန်ဟရာ ကြည် နူးဖွယ်လဲ ကောင်းသည်ဟု စီးဖြန်း အားထုတ်ပေးခြင်းအားဖြင့် ၎င်းနှင့် ဆိုင်ရာ ဈာန်ကို ရရှိလာပြန်တယ်၊

ဤဈာန်မှာ ရုပ်မဲ့ ဈာန်များတွင် စတုတ္ထမြောက် ဖြစ်သော ဈာန်ဖြစ်၍ 'နေဝသညာ နာသညာယတနဈာန်' သို့မဟုတ်.... 'တကယ်သိနေသလား မသိဘဲ နေသလားဟု ခွဲခြားရ၍မရအောင် အလွန် အားနည်းနေသော စိတ်၏ အခြေအနေနှင့် ဆိုင်ရာဈာန်' ဟု ခေါ်တယ်၊

ဈာန်အဆင့်များသို့ဆိုက်ရောက်လာသော အခါ၌၊ ယောဂီ ပုဂ္ဂိုလ်တို့သည် အဘိညာဏ်ခေါ် တန်ခိုးပြခြင်းများကို အများ အပြား လုပ်ဆောင်နိုင်စွမ်း ရှိလာတယ်၊

www.dhammaransi.com



'အဘိညာဏ်'ခေါ်'တန်ခိုးပြမှု' ၅ ပါးရှိတယ်၊ ၎င်းတို့မှာ....

(၁) 'ဣဒ္ဓိဝိဓ အဘိညာဏ်'ခေါ် 'အထူးထူး အပြားပြား သော တန်ခိုးကိုဖန်ဆင်းနိုင်မှု'

(၂) 'ဒိဗ္ဗသောတ အဘိညာဏ်' ခေါ် 'အဝေးမှအသံကို ကြားနိုင်မှု'

(၃) 'ပရစိတ္တဝိဇာနန အဘိညာဏ်'ခေါ်'သူတပါး၏ စိတ်ကို သိစွမ်းနိုင်မှု'

(၄) 'ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဏ်'ခေါ်'ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အဖန်တလဲလဲအောက်မေ့နိုင်မှု'

(၅) 'ဒိဗ္ဗစက္ခုအဘိညာဏ်'ခေါ် 'အဝေးမှ အဆင်းကို မြင်နိုင်မှု'စသည်တို့ပင် ဖြစ်တယ်၊

ဤအဘိညာဏ်များ သို့မဟုတ်တန်ခိုးပြမှုများ အကြောင်းကို သာမညဖလသုတ် ဒီဃနိကာယတွင် အပြည့်အစုံ ရေးသားဖေါ်ပြထားတယ်၊

တန်ခိုးပြမှုများကို ပြုလုပ်ပုံမှာ ယောဂီ ပုဂ္ဂိုလ် တဦးဦးသည် ကမ္မဋ္ဌာန်းတစုံတခုကို စီးဖြန်း အားထုတ် ပေးခြင်း အားဖြင့် ရူပါဝစရ အဆင့်နှင့် ဆိုင်ရာ ပဥ္စမစျာန် အဆင့်ကို ရရှိ လာသော အခါ၌၊ထိုစျာန်မှထကာ၊အဘိညာဏ်တခုခု၊ သို့မဟုတ်တန်ခိုးပြမှု တခုခုနှင့် ဆိုင်သော စီးဖြန်းအားထုတ်မှုကို ပြုကျင့်ပေးခြင်းအားဖြင့် ထိုစီးဖြန်းမှုနှင့်ဆိုင်ရာ စျာန်ကိုရရှိလာပြန်ကာ၊အဘိညာဏ်ခေါ် တန်ခိုးပြမှုများကို ပြုလုပ်နိုင်စွမ်းရှိ၍ လာရလေတယ်၊

ဤတွင် အဘိညာဏ်တခုခုနှင့်ဆိုင်သော စီးဖြန်းမှုကို မလုပ်မီ ယောဂီပုဂ္ဂိုလ်အနေနှင့် ရရှိသားသည့် စျာန်အား 'ပါဒကပဥ္စမ

www.dhammaransi.com



စျာန်’ဟု ခေါ်တယ်၊ အဓိပ္ပာယ်မှာ ‘တန်ခိုးပြမှု၏ အခြေခံ ဖြစ်သော ပဉ္စမစျာန်’ပင်ဖြစ်လေတယ်၊

တန်ခိုးပြနေသည့်အချိန်တွင် ပေါ်ပေါက်သည့်စျာန်ကိုကား ‘အဘိညာဏ်စျာန်’သို့မဟုတ်‘တန်ခိုးပြမှုနှင့် ဆိုင်သော စျာန်’ ဟု ခေါ်လေတယ်၊

အဘိညာဏ်၊သို့မဟုတ်၊ တန်ခိုးပြမှုတခုခုကို လုပ်ဆောင်ရန်အတွက်၊ ယောဂီပုဂ္ဂိုလ်လုပ်သူသည် ‘ပါဒကပဉ္စမစျာန်’ ခေါ် ‘တန်ခိုးပြမှုအခြေခံဖြစ်သော စျာန်’မှ ထရန်လိုအပ်ပြီး၊ တန်ခိုးပြမှုနှင့် ဆိုင်ရာ စီးဖြန်းအားထုတ်မှုများကို လုပ်ဆောင်ခြင်းအားဖြင့်၊ထိုစီးဖြန်းမှုဆိုင်ရာ စျာန်ကို ရရှိလာတယ်”

ဆရာကြီးဦးနန္ဒ၏ စျာန်ကျင့်ကြံမှုတရားကိုနာခံယူပြီးနောက် မိမိလိုရာ ခရီးသို့ ပြန်ခဲ့ကြလေသည်။

★ ★

www.dhammaransi.com

# အခန်း (၉)

ပညာတရပ်ကို လေးလေးနက်နက် လိုက်စားလာမိသည်။ တချိန်ကတော့ ပေါ့ပေါ့တန်တန်ပင်၊ အနီးကပ် လေ့လာတော့ ပညာအတိမ်အနက် အမှတ်ကို သိခွင့်ရလိုက်မိသည်။

အတုနဲ့အစစ်၊ အမှားနဲ့အမှန် ဟူသည်မှာ ဒွန်တွဲနေတတ်ပြန်သည်။

ပယောဂ ကုသကြသော ဆရာများသည် တကိုယ်ရေသမားရှိသည်။ ဂိုဏ်းဖွဲ့၍ကုသသည်။ ကိုယ့်အထင်နဲ့ကိုယ်ကုသည်။

သို့သော် မမှန်ကန်သော အတုအယောင်များသည် တဖြည်းဖြည်း ကင်းကွာသွားသည်မှာ ဓမ္မတာပင်။

အတုတထောင်၊ အယောင်တသိန်း၊ အစစ်တယောက် ဆိုရိုးစကားရှိသည်။ အစစ်မူ 'ပျောက်ကွယ်ခြင်းမရှိတတ်' တည်မြဲလျက်။

www.dhammaransi.com



ရောဂါရှိလို့ ဆေးရှိသည်။ ဆေးရှိလို့ ရောဂါပျောက်သည်။ ထို့ကြောင့် အတုများအတွက် ပြောစရာမလို။ နေရာပေးစရာမလို။

အမှန်ဖက်ကတော့ ရှေ့နေလိုက်သည်ဟု ပြောကြမလားမသိ။ အမှန်ကိုတော့ ရဲရဲဝံ့ဝံ့ပြောရမည်။

လူသည် သူ့ပတ်ဝန်းကျင်ရှိသည်။ အခြား အခြားသော သက်ရှိရုပ်ဝတ္ထုများနှင့်မတူ။

ကွဲလွဲချက်' ခြားနားချက်၊တွေးခေါ်ချက်၊ ဆောင်ရွက်ချက်များ ရှိတတ်နေခြင်းဖြစ်သည်။

လူသည် ထူးခြားလေးနက်သော အတွေးအခေါ်ရှိသည်။ ကြီးကျယ်အံ့မခန်းသော လုပ်ဆောင်ချက်ရှိသည်။

အမှားအမှန်၊ အဆိုးနှင့်အကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိသည်။

လူသားသည် လူ့ကမ္ဘာနှင့် လူ့ပတ်ဝန်းကျင်ကို စည်ပင်ပြန့်ပွား ကိုးတက်ထွန်းကားလာအောင်လည်း ဆောင်ရွက်နိုင်စွမ်းရှိသည်။

ရှေးပဝေဏီကစ၍ ယနေ့အထိ ကမ္ဘာပေါ်ရှိ အသိပညာရှင်များနှင့် လူ့ဘဝကို အလေးအနက် ဆင်ခြင် သုံးသပ်လိုသော ပုဂ္ဂိုလ်များ တညီတညွတ်တည်း တိတိကျကျ ဆုံးဖြတ်၍ မရဘဲ အငြင်းပွားနေကြသော ပြဿနာမှာ ရုပ်နှင့်နာမ်။

လူ့ဘဝတွင် ရုပ်တရားသည် ပဓာန ဖြစ်သလော။

နာမ်တရားသည်ပင် ပဓာန ဖြစ်သလော။

www.dhammaransi.com



လူ၏ ကံကြမ္မာကို ရုပ်တရားက ဖန်တီးသလော၊ နာမ်တရား ကစီရင်ပြုပြင်သလော။

ရုပ်နာမ်တရား နှစ်ပါးတွင် ရုပ်သည် မူလဘူတဖြစ်၍ သို့တည်း မဟုတ် နာမ်တရားမှာ အကြီးအမှူးဖြစ်၍ ရုပ်တရားသည် နောက် လိုက်မျှသာ ဖြစ်သလော။

ဤပြဿနာ၌ အသိပညာရှင်နှင့် အတွေးအခေါ် သမားများ သည် စိတ်ဝင်စားကြလေသည်။

လူ့သမိုင်း၏ ပထမ ရှေးဦးခေတ်သည် နာမ်ဝါဒ ထွန်းကား သောခေတ်ဖြစ်ပြီး၊ ရှေးဂရိတို့သည် စိတ်၏စွမ်းအင် သတ္တိကို ယုံကြည်ကြသည်။

ပလေတိုး၊ ဆိုကရေတီး စသော ဂရိပညာရှင်များသည် ရုပ် နာမ်ဝါဒကို လက်ခံကြသည်။

နာမ်ဝါဒကို လက်မခံဘဲ အစစအရာရာတွင် ရုပ်တရားသည် သာ မူလဘူတဖြစ်သည်ဟု ခံယူသော တွေးခေါ်ရှင်များ ထွက် ပေါ်ခဲ့သော်လည်း ထိုပုဂ္ဂိုလ်များသည် ပလေတိုးကဲ့သို့ မထင် ရှားချေ။

စင်စစ် ရုပ်ဝါဒ သို့မဟုတ် နာမ်ဝါဒကို လက်ခံသော အသိ ပညာရှင်များနှင့် အခြားအခြားသောလူများ မည်၍ မည်မျှရှိ သည်ဟု ထောက်ပြ၍၊ မည်သည်က မှန်ကန်သည်ဟု ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။

ရုပ်နာမ်ပြဿနာကို ယထာဘူတကျကျ လေ့လာရန်အတွက် ပညာရှင်တို့ စူးစမ်းရန် လေ့လာရန် အခိုင်အမာရှိသင့်ကြောင်း စဉ်းစားရပေလိမ့်မည်။

www.dhammaransi.com



ပယောဂဆိုသည်မှာ စိတ်ဝိညာဉ်နှင့်ပတ်သက်နေသည်။

မြန်မာပြည်တွင် စိတ်ဝိညာဉ်သုတေသနအဖွဲ့ဟူ၍မရှိပေ။

ထိုအဖွဲ့များစွာ ပေါ်ပေါက်ခဲ့ပါက ယနေ့ မြန်မာပြည်တွင် ဖြစ်ပေါ်နေသော ပယောဂဝေဒနာစိတ်ကြောင့် ဖြစ်သလော၊ အနှောင့်ပယောဂကြောင့်ဖြစ်သလော၊ စသည့် ဒွိဟဖြစ်မှုများ သည် ရှင်းလင်းသွားဖွယ်ရှိလေသည်။

ဂိုဏ်းအချို့သည် စည်းစနစ်တကျ ပယောဂကို ကုသသော ကြောင့် ပျောက်ကင်းကြောင်း စာအုပ်စာတမ်းပြုစုပြီး၊ ပျောက် ကင်းသောသူတွေ၏ ဓါတ်ပုံများနှင့်တကွ ဖော်ပြရေးသားထား သောစာအုပ်များကိုလည်း ဖတ်ဘူးခဲ့ရလေသည်။

ပယောဂကုသသောဂိုဏ်းများတွင် လူတန်းစားအမျိုးမျိုးပါ ဝင်လာသည်။

ပညာတတ်လူတန်းစားများဖြစ်ကြသော၊ တက္ကသိုလ်ဘွဲ့ရပြီး သူများ၊ စစ်ဗိုလ်များ၊စာရေးဆရာ စသည့် ပညာအရည်အချင်း ရှိသူတွေ ပါဝင်လာကြသည်။

ထို့ကြောင့် ပယောဂဖြစ်ပွားသူအချို့ကို လေ့လာကြည့် ပါက၊ စိတ်မခိုင်သူများ၊ ယုံကြည်လွယ်သူများ၊ ဘာသာတရား မလေးစားသူများ၊ အားနည်းသူများ စသည့် သူများ အများ ဆုံးဖြစ်သည်ကို တွေ့ရတတ်လေသည်။

လူတိုင်းတော့ မဖြစ်ပါ။

မည်သို့ပင်ဖြစ်လင့်၊ လူသားတွေအကျိုးပြုမည့် ပညာရပ်ဆိုပါ က သုတေသနပြုပြီး လူတွေနှင့်အနီးစပ်ဆုံးဖြစ်လာရန် သုတေ

www.dhammaransi.com



သိမျှားက ဖော်ထုတ်ပေးရန် တာဝန်ရှိသည်ဟု ကိုအေးလွင်သည် ဆန္ဒပြုမိသည်။

ကိုအေးလွင်သည် အလုပ်များနေသည်။ အလုပ်ပေါ်တွင် စိတ်ဝင်စားနေသောကြောင့် သူ၏နံဘေး၌ ရောက်ရှိနေသော သူကို သတိမပြုမိပေ။

စာရင်းတွေက တခုပြီးတခု ကြည့်ရှုစစ်ဆေးနေရသည်။ သူ့အလုပ်က စာရင်းကိုင်အလုပ်။

စာရွက်စာတမ်း ရေးသားခြင်းကမူ မှားယွင်းသွားပါက အကြောင်းမဟုတ်၊ အရေး သိပ်မကြီး၊ ဂဏန်းဖြင့်လုပ်ရသော လုပ်ငန်းသည် အသေးစိပ်ကြည့်ရှုသည်။

ဂဏန်းတလုံးသည်၊ ထောင်လည်းဖြစ်နိုင်သည်။ သိန်းလည်း ဖြစ်နိုင်သည်။ အမှားအယွင်း မခံ။

လုပ်ငန်းစစ်ဆေးပြီးတော့၊ဝန်းကျင်သို့ တစေ့တစောင်းကြည့် မိသည်။

သည်တော့မှ သူနှင့်မျက်နှာချင်းဆိုင် တွေ့လိုက်သူက သူ၏ မိတ်ဆွေ ကိုထွန်းလှိုင်ပင် ဖြစ်လေသည်။

"အလုပ်သိပ်ကြိုးစားနေတာဘဲ ငါအနား ရောက်နေတာ တောင် မသိဘူး၊ သည်လိုဆိုတော့ မင်းစိတ်တွေက တည်ငြိမ်မှု ရှိသွားဘဲ"

"မင်းကလဲ ဘိန်းစားချင်းတူတူ....ဘိန်းတလုံးပို့ရှုချင်တယ်"

"ဒါတွေထားပါအုံး.... မင်းဒီညနေရုံးဆင်းရင် အိမ်လိုက်ခဲ့ ခမ်းပါ...."

www.dhammaransi.com



"ဘာကျွေးမလို့လဲ...."ဟု ကိုအေးလွင်က မေးလိုက်ရာ....

"မင်းစားချင်တဲ့အစာကိုတော့ ကျွေးပါ့မယ်.... မင်းလိုက်မယ်လို့ ဂတိပေးပါ"

"ဒါကတော့ ဖြစ်ရမှာပေါ့....ဒါပေမဲ့ ကိစ္စက ဘာလဲဆိုတာ ပြောအုံးမှပေါ့...."

"မင်းဘာဖြစ်နေတယ်ဆိုတာ မင်းမသိဘူးလား...."

"ငါဘာဖြစ်နေလို့တုံး...."

"မင်းအကြောင်း ငါသိပြီးပါပြီ...."

ဤသို့ ပြောလိုက်သောကြောင့် ကိုအေးလွင်သည် အနည်းငယ် ကြောင်အန်းအန်းဖြစ်ပါသည်။

"ဒီလိုပါ....မင်းကာရုံးဆင်းရင် ဘုရားပေါ်တက်ပြီး (သမထ) တရားတွေ အားထုတ်နေတယ်၊ မင်းအားထုတ်လာတာ နှစ်နှစ်ချီပြီး အားထုတ်မှုရှိလို့ ငါ့အိမ်မှာ ဘာတွေရှိတယ်၊ ဘာတွေဖြစ်နေတယ်ဆိုတာ ကြည့်ပေးဖို့ပါဘဲ"

"မင်းကလဲ ရှာရှာပေါက်ပေါက်ကွာ....ငါဒါတွေ မကြည့်တတ်ပါဘူး...."

"မကြည့်တတ်လဲ....ခုက စပြီး ပညာစမ်းကြည့်ပေါ့ ဒီတော့မှ မင်းရဲ့ သမာဓိအား ဘယ်လောက်ရှိတယ်ဆိုတာ ပြောနိုင်မှာ"

"မင်းက လဲ လာဆွယ်တရား ဟောနေပြန်ပြီ...."

"တကယ်ပါ....မင်းက ပထဝီကသိုဏ်း ကျင့်နေတဲ့သူတဦးဆိုတော့ တို့နဲ့စာရင် စိတ်တည်ကြည်မှုအား ပိုကောင်းတာပေါ့.... ကဲပါ အေးလွင်ရယ်....ရှည်ရှည်ဝေးဝေး စကားလုပ် ပြောမနေ

www.dhammaransi.com



နဲ့ လိုက်မယ် မလိုက်ဘူး ဆိုတဲ့ဂတိပေး”ဟု ကိုထွန်းလှိုင်က ပြော လိုက်ပါသည်။

ကိုအေးလွင်အဖို့ မည်သည့်နည်းနှင့်မျှ ငြင်းကွယ်လို့မရသော သူငယ်ချင်း ဖြစ်နေသောကြောင့် လိုက်မည်ဟု ဂတိပြုလိုက် ပါသည်။

နေဝန်းသည် အနောက်ဖက်မိုးကုပ် စက်ဝိုင်းတွင် မေးတင်စ ပြုလေပြီ။

အမှောင်ရိပ် မသန်းသေးချေ။

နေလုံးက လုံးလုံးလျားလျား ပျောက်ကွယ်ခြင်း မပြုသေး သောကြောင့် အလင်းရောင်က ကျန်ရှိနေဆဲ။

လမ်းမကြီး လမ်းမငယ်များပေါ်တွင် လူတွေ ဥဒဟိုသွား နေကြတုန်းပင်။

လူတိုင်းပင် ရေးကြီးသုတ်ပြာ မမော့မပမ်းကြဘဲ မိမိတို့လိုရာ ခရီးသို့ ရောက်ရန်အလို့ငှာ ခရီးသည်တင်ဘတ်(စ)ကားပေါ်တွင် တိုးလို့တဲ့လောင်း စီးကြရလေသည်။

ဘတ်(စ)ကားမှတ်တိုင်တွင် ခရီးသွားသူက လျော့သွားသည် ဟူ၍မရှိ။ တိုးမြဲတိုးလျက်။

ကိုအေးလွင်နှင့် ကိုထွန်းလှိုင်တို့ မှတ်တိုင်၌ ရပ်နေရသည်မှာ အတော်ပင် ကြာညောင်းသွားခဲ့သည်။

ကားတစီး လူချောင်နိုးနိုးဖြင့် စောင့်နေကြသည်။

“ကိုထွန်းလှိုင် ဒီတစီးကျရင်တော့ ဖြစ်သလိုပေါ့ဗျာ”

“ကောင်းတာဘဲ” ဟု ကိုအေးလွင်က ပြောပါသည်။

တော်သေးသည်ဟု ပြောရမလားမသိပေ။ စောစောက

www.dhammaransi.com



ကားတွေနဲ့စာပါက ခုရောက်ရှိလာသော ဘတ်(စ)ကားမှာ လူ အနည်းငယ်ပါသည်။

သူတို့နှစ်ဦးသည် ဘတ်(စ)ကားမှတ်တိုင် မရပ်မီကပင် ကား ပေါ်သို့ အရောက်တက်ခဲ့ကြလေသည်။ နေရာတော့ ကိုယ်စီ ရကြပါသည်။

နေရောင်ပင် ပျောက်လုလု။

လမ်းဓာတ်မီးတိုင်များပင် လင်းစပြုလာသည်။

သူတို့နှစ်ဦးသည် စကား တပြောပြောဖြင့် လာခဲ့ကြပါ သည်။

အမှတ်မထင် အစိုးရတိုက်ခန်းများဖြစ်သည့် မင်းမနိုင်ရပ် ကွက်သို့ ရောက်ရှိလာပါသည်။

တိုက်တာ အဆောက်အဦများက သစ်လွင်နေသည်။

မြင့်မားသောအဆောက်အဦများဖြစ်၍ ခေါင်းပင် မိုးထိ အောင် မော့၍ကြည့်ရပြန်သည်။

"ကိုယ်တို့အခန်းက အပေါ်ဆုံးအထပ်ဘဲ"ဟု ကိုထွန်းလှိုင်က ညွှန်ပြပါသည်။

သည်တော့ ကိုအေးလွင် ရင်မောသွားရပြန်သည်။ အားလုံး အထပ်ပေါင်းလေးထပ်မျှ။

ဤမျှမြင့်မားသော အထပ်ဆီသို့ တက်ရဦးမည်။ တနေ့လုံး အလုပ်ကပင်ပန်းခဲ့သည်။

ခရီးလမ်းတွေမှာလည်း သက်တောင့်သက်သာ မရှိလှ။

တိုးတက် တိုးဆင်း၊ ကားတတန်၊ ကုန်းကြောင်းတတန် ဖြစ် လာခဲ့ရသည်။

www.dhammaransi.com



“နေပါအုံးသူငယ်ချင်း၊ ခနအနားယူပြီးမှ မင်းတို့အိမ်ပေါ် တက်တာပေါ့” ဟု ကိုအေးလွင်က ပြောလှာသည်။

“မင်းသဘောပါဘဲကွာ၊ ငါတို့က တက်နေကျဆိုတော့ သိပ်ပြီး အရေးဂရုမပြုတော့ဘူး” ဟု ကိုထွန်းလှိုင်က ပြောပါသည်။

သူတို့နှစ်ဦး အိမ်ပေါ်သို့ရောက်ရှိလာချိန်တွင် တံခါးခေါက်ချန်မလို။ အိမ်၏ တံခါးမကြီး ပွင့်နေသောကြောင့် အိမ်သားအားလုံး စုံစုံလင်လင်ရှိနေဟန်တူသည်။

ကိုထွန်းလှိုင်က ကြိုတင်၍ သူ၏ အိမ်သားများကို ပြောထားသလားမသိ၊ ကိုအေးလွင်ကို ညှော်ခန်း၌ ရှိကြသူတွေက တစေ့တစောင်း ကြည့်နေကြပါသည်။

“ထိုင်ပါ ဆရာ”ဟု အသက်အရွယ်ကြီးသော ကိုထွန်းလှိုင်၏ မိခင်ဟု ထင်ရသော မိန်းမကြီး တစုက.... နှုတ်ဆက်လိုက်ပါသည်။

ထိုစကားသံကြောင့် ကိုအေးလွင်အဖို့ ရင်ထဲ၌ ဒိတ်ကနဲဖြစ်သွားသည်။

သူသည် ကိုယ့်ကို သိဒ္ဓိတင်ထားသော သူ မဟုတ်၊ ဆရာတဦးဖြစ်လိုရန် ဆန္ဒမရှိ၊ ခပ်အေးအေး နေထိုင်တတ်သူတဦး။

“ဒေါ်ဒေါ် သားက ဆရာ့အကြောင်းကို အမြဲပြောတယ်၊ ရုံးချိန်ပြီးရင် ဘုရားပေါ်တက်ပြီး နေ့စဉ် အချိန်မှန်မှန် တရား.... အားထုတ်တယ်ဆိုတဲ့ အကြောင်းပါ၊ အေးပေါ့ကွယ် ငယ်ငယ်ရွယ်ရွယ်နဲ့.... တရား ဓမ္မ လိုက်စားတယ်ဆိုတာ.... ကောင်းတာ

www.dhammaransi.com



ပေါ့”ဟု ထပ်ဆင့် ပြောလာသော စကားကို ကြားရပြန်.... သည်။

“ဟုတ်ကဲ့ ဒေါ်ဒေါ်”ဟုသာ ကိုအေးလွင်သည် ပြောသူ၏ စကားကို ခေါင်းကလေး တညိတ်ညိတ်ဖြင့် နားထောင် နေပါသည်။

“ဆရာ့ကို ဒီနေ့ ပင့်လာမယ်ဆိုတာလဲ မောင်ထွန်းလှိုင်က ကြိုတင်ပြောထားလို့ သားတွေ မြေးတွေတောင် ဘယ်မှ မသွားကြဘူး၊ သူတို့ သိချင်တဲ့ ကိစ္စတွေ သိရမလားဆိုပြီး မေးချင်ကြတယ်”ဟု ပြောပြန်သည်။

“ဟုတ်ကဲ့....”ဟူ၍သာ ကိုအေးလွင်.... အဖြေ ပေးနိုင်ပါသည်။

ဤကဲ့သို့ ပြောပုံထောက်တော့ ငါဟာဗေဒင်ဆရာ၊လက္ခဏာ ဆရာလားဟု ဒွိဟစိတ်များသည် မိမိစိတ်သန္တာန်တွင် ပေါ်ထင် လာပြန်သည်။

ငါလဲ ဗေဒင် မဟောတတ်ပါဘူး၊ လက္ခဏာလဲ.... မကြည့် တတ်ပါဘူး၊ သူတို့ ငါ့ကို ဘာတွေ မေးကြမလဲ....ဤသို့ အသိ စိတ်ဝယ် ဖြစ်ပေါ်လာသည့်အခါ.... နေမထိ ထိုင်မသာအောင် အခြေအနေမျိုး ဖြစ်သွားပါသည်။

ဤကဲ့သို့ စိတ်၏ မငြိမ်သက်သောအခါတွင် ငါသိလိုတဲ့.... (သမထ) အာရုံက ငါ့အတွက်.... ပညာ ပေးနိုင်တာဘဲဟု မိမိ ကိုယ်ကို မိမိ နှစ်သိမ့်ရလေသည်။

“ကိုအေးလွင် ကော်ဖီ သောက်လိုက်ပါအုံး”ဟု ကိုထွန်းလှိုင်က လောကဝတ် ပြုပါသည်။

www.dhammaransi.com



ကိုအေးလွင်သည် လာချပေးသော ကော်ဖီတခွက်ကိုတော့.... သောက်လိုက်ပါသည်။

၎င်းနောက် ကိုထွန်းလှိုင်က ညှိခန်းရှိ သူများကို မိတ်ဆက်ပေးပါသည်။ အမေ၊ ဇနီး၊ အမ၊ အကို၊ သမီး။

"မင်းကို မေးချင်တာကတော့.... စီးပွားရေး....၊ ပညာရေး အကြောင်းတွေ သိလိုကြတယ်၊ သမထအာရုံခံပြီး ကြည့်ပေးပါ" ဟု တိုက်တွန်းပါတော့သည်။

ကိုအေးလွင်သည် ဘုရားခန်းသို့ဝင်ခွင့်ပြုရန် ခွင့်တောင်းလိုက်ပါသည်။ ဘုရား ဝတ်ပြုပြီးနောက်.... စိပ်ပုတီး (၉)ပတ် စိပ်လိုက်ပါသည်။

အာနပါနကမ္မဋ္ဌာန်းကို အချိန် အနည်းငယ်.... အားထုတ်ပြီးနောက် ပြင်ပ အာရုံများသည် စိတ်ဝယ် လက်မခံ၊ တခုတည်းသော ဗုဒ္ဓ၏ ဂုဏ်တော်တပါးကို တည်ထားလိုက်ပါသည်။

ဤသို့ ပြုလုပ်ပြီးနောက် သူတို့ သိလိုသော အကြောင်းကိစ္စရပ်များကို ပြောပါသည်။

ပြောဆိုရာတွင်မူ မိမိ၏ မနောမှ ပေါ်လာသော အကြောင်းများကိုသာ နှုတ်ဖြင့် ပြောလိုက်ပါသည်။

မေးခွန်း (၁၀)ခွန်းတွင် (၇)ခွန်းမျှ မှန်နေသည်ကို တွေ့ရပါသည်။

သည်တော့....ကိုထွန်းလှိုင်က ပြောပါသည်။

"သူငယ်ချင်း ဘယ်သိုးလိုတုံး ဆက်ပြီးကျင့်ပေါ့၊ ရွှေ ဒီ ထက် မှန်မှာ" ဟု ကောင်းချီး ပြုပါသည်။

www.dhammaransi.com



"မလုပ်ပါနဲ့ကွာ....တော်တော်ကြာ အချောင် နဲ့မည်ကြီး နေအုံးမယ်၊ ဒီလို မနောမယပညာဆိုတာ လူတိုင်းသိလို့ ကောင်းတာ မဟုတ်ဘူး၊ ဒီလိုပညာနဲ့ စီးပွားရှာလို့ မရဘူး....၊ ကိုယ့်ကိုကိုယ်လဲ အထင်ကြီးလို့ မရဘူး၊သူတော်ကောင်းစိတ်ကို နှလုံးအမြဲသွင်းရတယ်"ဟု ကိုအေးလွင်က ပြောပါသည်။

★ ★

www.dhammaransi.com

# အခန်း (၁၀)

တရုံးလုံးမှာ သူတဦးတည်းသာ ဆန့်ကျင်ဖက်ပြုနေတတ်သည်။အခြားအရာရှိများနှင့်မတူ၊ တမူထူးခြားသည်။

ခေတ်၏ရေစီးကြောင်းကိုလည်း ဆန့်ကျင်သည်။

သူသည် ကိုလိုနီစနစ်အောက်တွင်ကြီးပြင်းလာရသော အမှုထမ်း တဦးဖြစ်၍၊ ဗြိုဟ်ကရက်စိတ်ဓါတ် အပြည့်ရှိသည်။

အောက်လက်ရှိအမှုထမ်းများကို ဆက်ဆံရာတွင် မောက်မာသည်။ခက်ထန်သည်၊ အမြဲတန်းလိုပင် ပြုံးလေ့ မရှိ။

မျက်နှာတခွင်သည် အမြဲတန်း သုန်သုန် မှုန်မှုန် နေတတ်သည်။

ထိုကဲ့သို့ အရည်အချင်းများကြောင့်၊ မကြာ ခန ဆိုသလို အထက်အရာရှိများက ဆက်ဆံရေး ညံ့ဖျင်းကြောင်း ဆုံးမ ခံရသည်။ ကြိမ်းမောင်း ခံရသည်။

www.dhammaransi.com



သို့သော် သူ့အပြုအမူများက ခွေးမြီးကောက် ကျီတောက် စုတ်သကဲ့သို့။

သူ ဝတ်စားပုံမှာ သပ်သပ်ယပ်ယပ်တော့ ရှိစမြဲ။

စတစ်ကော်လံအဖြူ၊ တိုက်ပုံအင်္ကျီအနက်၊ ပုဆိုး ကပုံစကို အမြဲ ထောင်လျက်၊ မင်းစိုးရာဇာများ သွားတတ်သော လေးလေးနှင့် ဖြည်းဖြည်း မလှုပ်တလှုပ် အပြုအမူမျိုး။

ထိုပုဂ္ဂိုလ်သည် ကိုအေးလွင်တို့ရုံးမှ အရာရှိတဦး။

အမည်က ဦးမြမင်း။

ပညာသာရှိ၍ သူတော်ကောင်းတရား မရှိသော သူနှင့်၎င်း၊ မိုးလေးမျိုးတွင် ခြိမ်း၍ မရွာသောမိုးနှင့်၎င်း၊ ကြွက်လေးမျိုး တွင် တွင်းတူး၍ တွင်းမအောင်းသောကြွက်နှင့်၎င်း၊ သရက်သီး လေးမျိုးတွင် မှည့်ယောင်ရှိ၍ မမှည့်သော သရက်နှင့်၎င်း၊ အိုး လေးမျိုးတွင် ခိုင်ယောင်ရှိ၍၊မခိုင်သော အိုးနှင့်၎င်း။

အစဉ်အလိုက် ဟပ်ယူရမည်ဟု ရှေးပညာရှိ သူတော်ကောင်း တွေ့ ဆုံးမစာများ အရမူ ဦးမြမင်းသည် ပညာရှိသည် သူတော် ကောင်း မမည်။

ဦးမြမင်း ရုံးခန်းထဲမှ လူခေါင်ခေါင်းလောင်းသံထွက်ပေါ် လာပါသည်။

ထိုအသံမှလွဲ၍ အခြားအသံများ ဝန်းကျင်၌ မရှိ၍ ကျယ် လောင် သွားသည်။သူ၏ရုံးခန်းအပြင်ဖက် တနေရာတွင် ခွေးခြေ တလုံး ရှိပါသည်။

ထိုခွေးခြေပေါ်တွင်ထိုင်နေသော ရုံးလုလင်တယောက် ရှိပါ သည်။

www.dhammaransi.com



ငှင်းရုံးလုလင်သည် လူခေါ် ခေါင်းလောင်း သံကြောင့်၊ ဦးမြမင်း အခန်းထဲသို့ဝင်သွားပါသည်။

ဦးမြမင်း ရှေ့သို့ ရောက်သောအခါ လက်ကို နောက်ပစ်ခါ အရိုအသေပြု၍ မျက်လွှာကိုအောက်ချလျက် ငြိမ်သက်စွာ ရပ်နေပါသည်။

သူ့ရှေ့သို့ ရုံးလုလင် ရောက်သည်ကို ရိပ်စားမိပါသည်။

သူ၏ငုံလျက်ရှိသောခေါင်းကို ဖြည်းညှင်းစွာ ထူထောင်လိုက်ပြီး တပ်ထားသောမျက်မှန်ကို လက်တဖက်ဖြင့် ချွတ် လိုက်ပါသည်။

မျက်မှန်ကို စားပွဲပေါ် သို့တင်လိုက်ပြီးမှ....

"အေးလွင်ကို ငါခေါ်နေတယ်လို့ပြောလိုက်"ဟု အမိန့်ပေးလိုက်ပါသည်။

ထိုစကားကြောင့် ရုံးလုလင်သည် ကိုအေးလွင် အား သွားရောက် ခေါ်လိုက်ပါသည်။

"ဦးအေးလွင် ခင်ဗျားကိုဆရာ ခေါ်နေတယ်"

"ဘာလုပ်ဖို့လဲ"ဟု ကိုအေးလွင်က မေးသည်။

"ကျနော်လဲ မသိဘူး၊ ဆရာက သွားခေါ်လို့ ပြောတယ်"

ရုံးလုလင်၏ စကားက တိုတောင်းပြတ်သားသည်။

"အေး...မင်းသွားတော့ ငါ လိုက်ခဲ့မယ်"

ကိုအေးလွင်သည် ချက်ခြင်း မလိုက်၊ သူ့ အလုပ်နှင့် ပတ်သက်၍ စဉ်းစားနေသည်။ အလုပ်များ မှားယွင်းနေလို့လားဟု ဤကဲ့သို့ အသိစိတ်များ ဝင်လာပြန်သည်။

www.dhammaransi.com



ဦးမြမင်းနှင့် တွေ့ရမည်ကို လူတိုင်း.... စိတ်ပျက်ကြသည်။ အကြောင်းက သိကြသည့် အတိုင်းပင်။

အလုပ်ကိစ္စတခု မှားယွင်းသွားပါက ဆူပူ ကြိမ်းမောင်းတတ်သည်။ ချော့မော့ ပြောတတ်လေ့ မရှိ။ ကျယ်လောင်စွာ ပြောတတ်သည်။

ကိုအေးလွင်သည် အချိန် အနည်းငယ် စဉ်းစားနေရာမှ ရုတ်တရက် ရပ်လိုက်ပါသည်။

တွေ့ကြုံရင်ဆိုင်ရသည့် ပြဿနာ ရှိပါက မျက်နှာချင်းဆိုင်.... ဖြေရှင်းလိုက်ခြင်းသည် ရင်ပေါ့နိုင်စရာ အကြောင်း.... ရှိလေသည်။

သူသည် ဦးမြမင်း၏ ဆင်နွားရွက် တံခါးနှစ်ဖက်ကို တွန်းလိုက်ပါသည်။ သူနှင့် ဦးမြမင်း.... မျက်နှာခြင်း ဆိုင်လိုက်သည်။

ရုတ်တရက် ဦးမြမင်း၏ ပြုံးယောင်သန်းနေသော မျက်နှာကို မြင်လိုက်ရသောကြောင့် အံ့သြသွားပါသည်။

ဤကဲ့သို့ အပြုံးဖြင့် အမှုထမ်းများကို ပြလေ့ပြထ မရှိ။ အမြဲတန်း သုန်သုန်မှုန်မှုန်၊ မကျေနပ်သော.... ရုပ်လက္ခဏာအသွင်ကို ဆောင်ထားသည်။ တည်ကြည်သော မျက်နှာထားမျိုးလည်း မဟုတ်ပေ။

မိမိရာထူး ဂုဏ်အရှိန်အဝါကိုသာ နှစ်သိမ့်အားရ မာနထောင်လွှားသည့် အသွင်ကိုသာ ဆောင်နေတတ်ပါသည်။

"လာဟေ့....အေးလွင်"ဟု လောကဝတ်.... ပြုလာနေပြန်သည်။

www.dhammaransi.com



"ထိုင်ကွ...."ဟု သူ့ရှေ့တွင် ရှိသော ကြိမ်ကုလားထိုင် တလုံးကို ညွှန်ပြပါသည်။

ဟိုယခင်ကမူ အလုပ်ကိစ္စနှင့် ခေါ်ယူ တွေ့ဆုံသည့်အခါတိုင်း အမြဲတန်းလိုလိုပင် မတ်တတ် ရပ်ရလေသည်။

ဤကဲ့သို့ ဦးမြမင်း၏ ဖေါ်ရွေစွာ ပြောလိုက်သော စကားသံများကို ကြားလိုက်သည့်အခါ ကိုအေးလွင်အဖို့ အလွန် အံ့သြနေပါသည်။

ဒီလူကြီး ငါ့ကို ဘာများ.... သဘောကျနေလို့ ဒီလောက်.... စကား ကောင်းကောင်းမွန်မွန် ပြောနေပါလိမ့်။

တခုခုတော့ ဒီလူကြီး ကြားခဲ့ပြီ ထင်တယ်....ဟု အတွေးကသူ့ ဦးနှောက်ထဲသို့ အစီအရီ တောင်စဉ်ရေမရ တွေးတောနေပြန်ပါသည်။

ကိုအေးလွင်သည် ကုလားထိုင်ပေါ်တွင်.... ထိုင်မိသည်နှင့် တပြိုင်နက် လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်ပါသည်။

ရုံးလုလင်ဝင်လာသည်။

"အေးလွင်၊ လဘက်ရည်လား၊ ကော်ဖီလား"ဟု မေးပါသည်။

"ဆရာကြိုက်တာ မှာပါ၊ ကျနော် သောက်လို့ရပါတယ်"

"ကော်ဖီ နှစ်ခွက် ယူလာခဲ့...."ဟု ဦးမြမင်းက မှာလိုက်ပါသည်။

ရုံးလုလင်သည် ကျော့ပေး၍ ထွက်သွားပါသည်။

"ခုခေါ်ရတာကလဲ အလုပ်ကိစ္စ မဟုတ်ပါဘူး၊ ကိုယ်ရေးကိုယ်တာကိစ္စပါ"

www.dhammaransi.com



ဦးမြမင်း၏စကားသံကြောင့် ကိုအေးလွင်၏ရင်တွေပေါ့ပါးသွားပါသည်။

"ဟုတ်ကဲ့ ဆရာ"

"မင်းရုံးဆင်းပြီးရင် ရွှေတိဂုံဘုရားပေါ်တက် တရားအားထုတ်တယ်လို့သတင်းကြားလို့ပါ၊ ဘာတရားတွေ အားထုတ်နေသလဲ"

"ကျနော် သမထကျင့်နေတာပါ"

"သိပ်မဆိုးဘူးကွ"

"ဘာ့ကြောင့်လဲဆရာ"

"တို့တောင် အသက်အရွယ် ဒီလောက် ကြီးရင့် လာပေမဲ့၊ ဘာသာတရားအပေါ်မှာ စိတ်ဝင်စားမှုသိပ်မရှိဘူး၊ မိုးဖလာဦးသုံးကြိမ်ပေါက်ပြီး ရှိခိုးလေတဲ့ အကျင့်ဘဲ ရှိတယ်၊ မင်းကအချိန်ပေးအားထုတ်တော့ တော် တော် ခရီးပေါက်မှာ ပေါ့ကွာ"

"ခရီးပေါက်ဖို့ထက်၊ ပါရမီဖြည့်ကျင့်မှုကိုသာ အပတ်တကုပ်ကြိုးစားအားထုတ်နေရတာပါ၊ မပြည့်သေးတဲ့အိုးကြီးကို ပြည့်အောင် ဆိုပြီး အားလပ်တဲ့ အချိန်မှာ ရေတပေါက်တပေါက်ထဲ့တဲ့သဘောပါ"

"မင်း ကျင့်တဲ့တရားတွေထဲက အနည်းငယ် ငါသိခွင့်မရနိုင်ဘူးလား"

"ကျနော်ကျင့်တာကတော့ ကသိုဏ်း(၁၀)ပါး ထဲက မိမိနဲ့သင့်တော်မယ့် စရိုက်နဲ့အညီ ပထဝီကသိုဏ်းကို ကျင့်နေပါတယ်၊ ကသိုဏ်းတခုပြီးစီးသွားရင် ကျန်တဲ့ ကသိုဏ်းတွေ ကျင့်ရတာ

www.dhammaransi.com



လှူယ်ကူပါတယ်၊ ပထမကျင့်ကြံအားထုတ်ရတဲ့အချိန်မှာ၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဉာဏ်တွေကို ဦးထိပ်ပန်ဖို့အရေးကြီးပါတယ်"

"တော်တော်ခက်သလား"

"လွယ်ကူတဲ့ အလုပ်ဆိုတာ မရှိပါဘူး၊ ဗုဒ္ဓ အရှင်မြတ်ဟာ ဘုရားမဖြစ်မီ အဓိပတိ(၄)ပါးကို ထူထောင်ရပါတယ်"

"ဒီလိုဆိုရင် မင်းပြောတဲ့ (သမထ) တရား အားထုတ်ဖို့ဟာ ဘုရားကျောင်းတွေမှာ သွားတုတ်မှ ရမှာလား"ဟု ဦးမြမင်းက မေးလှာပါသည်။

"(သမထ)တနည်းဆိုသော် သမာဓိ ရင့်သန်ဖို့ဟာ စိတ်နေစိတ်ထားပေါ်မှာ မူတည်ပါတယ်၊ ဒါက(သမထ)အစ သွားရင်း လာရင်း ကျင့်ကြံလို့ရတဲ့တရားပါ၊ မိမိကိုယ်ပိုင် ပိုင်ဆိုင်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဒွါရ ခြောက်ပါးကို စုံမြဲခိုင်ခံ့သော သတိတရားဖြင့် လုံခြုံအောင် စောင့်ခဲ့ရင်၊ ထိန်းသိမ်းခဲ့ရင်၊ ငြိမ်သက်သော ဣန္ဒြေနဲ့ ပြည့်စုံပါတယ်"

"ဒွါရခြောက်ပါးကို အကယ်လို့ စောင့်ရ၊ ထိန်းသိမ်းရမယ့်.... နည်းဟာ၊ ရူပါရုံကို မြင်တဲ့အခါ.... ရာဂ၊ ဒေါသ၊ မောဟတို့ မပွား မဖြစ်ရအောင် ထိန်းသိမ်းရမယ်....၊ ထို့အတူ သဒ္ဒါရုံကို ကြားရတဲ့အခါ၊ ဂန္ဓာရုံကို တွေ့တဲ့အခါ၊ ရသာရုံကို တွေ့တဲ့အခါ၊ ဖေါဋ္ဌဗ္ဗာရုံကို တွေ့တဲ့အခါ၊ ဓမ္မာရုံကို တွေ့တဲ့အခါ၊ ရာဂ၊ ဒေါသ၊ မောဟတို့ကို မဖြစ်ရ၊ ထိန်းသိမ်းရပါတယ်"

"စိတ်ကို ထိန်းကျောင်းရတဲ့ နေရာမှာ ရာဂကို မဖြစ်စေဖို့ဟာ 'အသုဘသညာ'ကို ပွားရပါတယ်၊ ဒေါသကို မဖြစ်စေရန် 'အနိစ္စသညာ'ကို ပွားရပါတယ်၊ မောဟမဖြစ်ဖို့ 'နာမ်ရုပ်'ကို ပိုင်းခြား

www.dhammaransi.com



စိတ်ကို စောင့်ရှောက်၊ ထိန်းသိမ်းရပါတယ်၊ အဲဒီလို.... စောင့်ရှောက် ထိန်းသိမ်းလာသောအခါ.... အနေအထိုင်၊ အပြုအမူ၊ အပြောအဆို၊ အရာရာမှာ ဣန္ဒြေများ တည်တန့်.... ခန့်ညားလာတတ်ပါတယ်၊ ဝမ်းမြောက်ဖွယ်ရာ ဣဋ္ဌာရုံနဲ့ တွေ့ကြုံသော်လဲ.... အလျင်တစော ရွှင်လန်းတဲ့ အမူအရာကို မပြပါဘူး၊ မတုန်မလှုပ် နေတတ်ပါတယ်၊ စိတ်နှလုံး မနှစ်သက်ဖွယ်၊ ကြောက်လန့်ဖွယ်၊ အနိဋ္ဌာရုံတို့နဲ့ တွေ့ကြုံသော်လဲ ဣန္ဒြေ ပျက်လောက်အောင် လှုပ်လှုပ် ရှားရှား မရှိပါဘူး၊ ပကတိနေမြဲအတိုင်း တည်တည်တန့်တန့် နေတတ်ပါတယ်''ဟု ကိုအေးလွင်က.... ပြောလိုက်သည့်အခါ ဦးမြမင်းက ပြုံးလျက်....

''ဒီလိုဆိုတော့ မင်းဟာ ဘာသာတရားရဲ့ အခြေခံ သဘောတွေ နားလည်တာဘဲ''ဟု ပြောပါတော့သည်။

''ဟုတ်ကဲ့ ဆရာ၊ လူတွေဟာ လူများလိမ်တာကို မြင်ကြတယ်၊ ကိုယ်ကလဲ သူများကိုလိမ်ဖို့ ဝန်မလေးကြဘူး၊ ဒါပေမဲ့ သူလိမ်ကိုယ်မြင်ကြပေမဲ့ ကိုယ့်ကိုကိုယ်.... နေ့စဉ် လိမ်နေတာကို မတွေ့ကြဘူး''

သူတို့နှစ်ဦး တဦးနှင့် တဦး အပြန်အလှန် ပြောဆိုပြီးနောက် စားပွဲတွင် အဆင်သင့်ရှိနေသော ကော်ဖီနှစ်ခွက်ကို ပြိုင်တူ ယူသောက်လိုက်ပါသည်။

''ငါ့ကို တခု ကူညီစမ်းပါအုံး''

''ဘာကူညီရမှာလဲ ဆရာ''

''အခြား အကြောင်းတော့ မဟုတ်ပါဘူး၊ ငါ့သမီး ဒီနှစ်..... ဆယ်တန်းစာမေးပွဲ ဖြေတာ အောင်ဖို့ မအောင်ဖို့ပေါ့''

www.dhammaransi.com



"ဆရာကလဲ လုပ်တော့မယ်၊ ကျနော် မကြည့်တတ်ပါဘူး"

"မင်းက စျေးကိုင်နေပြန်ပြီ၊ ဥာဏ်ပူဇော်ခ ဘယ်လောက် တင်ရမှာလဲ"

"သမထ ပညာဟာ ဟောစား ပြောစားလို့မရပါဘူး။မေတ္တာကို ရှေ့ထားရတဲ့ လုပ်ရပ်တခု ဖြစ်ပါတယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဖိစီးလာရင် အဲဒီ.... တရားဟာ ပျက်သွား တတ်ပါတယ်"

★ ★

www.dhammaransi.com

# အခန်း (၁၁)

သည်နှစ်ဆောင်းရာသီ အအေးဒဏ်သည် မနှစ်ကနှင့် မတူ၊ အအေး လွန်ကဲနေသည်။

နံနက်နေရောင်ခြည်သည် ပွင့်လင်းရမည့်အချိန်တွင်၊ ဆောင်း၏ နှင်းငွေ့ဇာခြည်သည် လွှမ်းခြုံဆဲပင်။

သဇင်ပွင့်တို့သည် နှင်းရည် သောက်စို့ နေ၏။ နှင်းငွေ့ရည် ပုလဲဥသည် မြေပေါ်သို့စွတ်စိုစေပြီး သိပ်သည်း ကြပ်ပိတ်လျက်ရှိနေသောကြောင့် မြေသင်းနံ့သည် လေအငွေ့တွင်ငွေ့၍ပါလာလေသည်။

ရုံးအားရက်ဖြစ်သောကြောင့် အချိန်ကုန်ခံပြီး အိပ်ရာပေါ်၌ သက္ကလပ် စောင်နှင့် ရောထွေး၍ ကိုအေးလွင်သည် အိပ်နေတုန်း။

www.dhammaransi.com



မမျှော်လင့်ဘဲ လူတဦး လှုပ်ရမ်းလိုက်သဖြင့်၊ ခြေလက်ဆန့်ခါ မျက်လုံးအစုံကိုဖွင့်ကြည့်လိုက်ပါသည်။

"သိပ်ပြီးဇိမ်ယူနေတာပေါ့၊ စည်းစိမ်ရှင်ကြီး ဖြစ်နေ အုံးမယ်"

ကိုအေးလွင် ရုတ်တရက် မထဘဲကိုယ်တခြမ်းစောင်းလျက်....

"ဘယ်လိုလဲ သူငယ်ချင်း၊ စောလှချည့်လား၊ ဘာ ကိစ္စတွေ ထူးထူးထွေထွေရှိလို့လဲ၊ တကိုယ်လုံးလဲ တောက်တောက် ပြောင် ပြောင်နဲ့၊ ဘယ်နတ်ဗိမာန်က ကြွရောက်လာတဲ့နတ်သားလဲ"ဟု ရွှတ်ရွှတ်နောက်နောက်ပြောလိုက်ပါသည်။

"နတ်ဘုံခြောက်ဆင့်ကမဟုတ်ပါဘူး၊ လူ့ပြည်ကပါ"

"မသိပါဘူးကွာ၊ မင်းတကိုယ်လုံး၊ နိုင်ငံခြားပစ္စည်းတွေ ဝတ်ဆင်ထားတော့၊ လှလှပပဖြစ်နေလို့ပါ၊ တိုင်းရင်းဖြစ် ပစ္စည်းတွေကိုလဲ၊ ဦးစားပေးပါအုံး သူငယ်ချင်း"

"ခုလို ချမ်းချမ်းစီးစီးအချိန် နွေးအောင်ဝတ်ဖို့ဟာက နိုင်ငံခြား အဝတ်အထည်ဘဲကောင်းတယ်၊ မြန်မာ့ဝတ်စားမှုကတော့ မနွေးဘူးကွ"

"ဒီလိုလဲမပြောနဲ့လေ၊ မြန်မာ့ အနွေးထည်အနေနဲ့ ပင်နီ ချည်ကြမ်းကိုတိုက်ပုံချုပ်၊ လုံချည်က ယောလုံချည်နဲ့ဆို ဘယ်လောက် နွေးသလဲ၊ လှလဲ လှတယ်"

"မလုပ်ပါနဲ့ကွာ၊ တော်တော်ကြာ ယောဆရာကြီး ဖြစ်နေပါ အုံးမယ်"

ကိုကိုအောင်က ပြောလိုက်ပါသည်။

www.dhammaransi.com



"ခု....မင်းဘယ်ကိုသွားမလို့လဲ"ဟု ကိုအေးလွင်က မေးလိုက်ပါသည်။

"ငါ့ အဒေါ် မင်းကိုတွေ့ချင်လို့ခေါ်ပေးပါဆိုလို့ လာခေါ်တာပါ"

"သည်နေ့ ငါ့မှာအလုပ်တွေ ရှိသေးတယ်"

"ဘာအလုပ်တွေလဲကွာ၊ မင်းက မောင်မောင် ခေါ် လေထီးရိုးရှည်ဆိုတဲ့စကားပုံလို၊ဈေးကိုင်နေပြန်ပြီ"

"တကယ်ကိုပါ၊ငါ့အလုပ်က၊ခု ဆက်အိပ်အုံးမယ်၊နောက်ပြီးအိပ်ရာကထပြီး ရေချိုးမယ်၊ ရေချိုးပြီးရင်၊ ထမင်းစားမယ်"ဟု ပြောလိုက်ပြီးနောက်၊အိပ်ရာပေါ်မှ ထလိုက် ပါသည်။

"တော်ပါပြီ၊မင်းအလုပ်က သိပ် အရေးကြီးလွန်းလို့ အခြားသူတွေ သိရင်ခက်နေအုံးမယ်"

ကိုကိုအောင်၏ စကားဆုံးသည်နှင့် တပြိုင်ထဲ၊ ကိုအေးလွင် မျက်နှာသစ်ရန် ရေချိုးခန်းထဲသို့ ပြေးသွားပါသည်။

ကိုကိုအောင်သည် အိမ်ရှေ့ဧည့်ခန်းတွင် သတင်းစာ ဖတ်နေသည်။

ကိုအေးလွင် အဝတ်အစား လဲပြီးနောက် အိမ်ရှေ့သို့ ထွက်ခဲ့ပါသည်။

"ကဲ....သူငယ်ချင်း၊ လိုရာခရီးသို့ ကြွမြန်းမယ်"

သူတို့နှစ်ဦးသည် အိမ်အောက်သို့ ရောက်လာသည်။

ကိုအေးလွင်သည် လမ်းထိပ်သို့ သွားရန် ခြေလှမ်း ပြင်လိုက်ရာ....

www.dhammaransi.com



"ဟော့....အေးလွင်၊ ကားနဲ့သွားမှာပါ"ဟု ပြောလိုက်သောကြောင့် လှမ်းမည့်ခြေလှမ်းတွေ တုန့်ဆိုင်းသွားပါသည်။

သူတို့နှစ်ဦးသည် မောရစ်မိုင်းနား အစိမ်း ရောင် ကားဆီသို့ လျှောက်သွားကြပါသည်။

ထိုနေရာမှ မောရစ်မိုင်းနားကားသည် တဖြည်းဖြည်း ထွက်ခွာလာပါတော့သည်။

၎င်းကားသည် တရိပ်ရိပ် ပြည်လမ်းမကြီး အတိုင်း အင်းစိန်ဖက်သို့ ဦးတည်မောင်းနှင်နေပြန်သည်။

"ဘယ်သူ့ကားလဲ"ဟု ကိုအေးလွင်က မေးလိုက်ပါသည်။

"ငါ့အဒေါ် ကားပါ"

မဟူရာ ကတ္တရာလမ်းကကျယ်ဝန်းသောကြောင့်ကားမောင်းသူ တိုင်းသည် အရှိန်ခပ်ပြင်းပြင်း မောင်းတတ်ပါသည်။

ကားအတွင်းရှိ မိုင်ပြဒိုင်ကွက်ရှိ အိမ်မြှောင် လက်တံသည် မိုင်ငါးဆယ်သို့ ညွှန်ပြ နေသည်ကို အမှတ် မထင် ကိုအေးလွင် တွေ့လိုက်ပါသည်။

မောရစ်မိုင်းနားကားသည် 'စပယ်ခြံ'ဟု ဆိုင်းဘုတ် ချိတ်ဆွဲထားသော ခြံအတွင်းသို့ ချိုးဝင်သွားပါသည်။

အိမ်၏ ဆင်ဝင်အောက်သို့ ရောက်သောအခါ ကားစက်သံ....ရပ်သွားပါတော့သည်။

အိမ်ထဲမှ မိန်းမပျိုတဦး ထွက်လာပါသည်။

ကိုကိုအောင်၏ မျက်နှာကို မြင်တွေ့သောအခါ....

"မေမေ....အကိုကြီး ပြန်ရောက်လာပြီ"ဟု အိမ်တွင်း ရှိသူအား အော် ပြောလိုက်ပါသည်။

www.dhammaransi.com



ဂုဏ်အသံကြောင့်.... အသားဖြူဖြူ ပိန်ပိန်ပါးပါး မိန်းမကြီး တဦးသည် အတွင်းခန်းမှ ထွက်လာသည်။

ကိုကိုအောင်တို့ ဧည့်ခံခန်းသို့ ရောက်ရှိလာသည်။

"နီနီလှ....လဘက်ရည် မုန့် လုပ်ပါအုံး"ဟု ကိုကိုအောင်က အသံ ပြုလိုက်ပါသည်။

ဧည့်ခန်းရှိ ကိုအေးလွင်ကို အိမ်သား အချို့နှင့် မိတ်ဆက်.... ပေးပါသည်။

"ကျနော် ပြောပြောနေတဲ့ ကိုအေးလွင်ဆိုတာ"ဟု ကိုကို အောင်က ပြောပါသည်။

"မောင်ရင့် အကြောင်းကို အဒေါ် တူက ပြောပြလို့ သိရ ပါတယ်၊ ဒါပေါ့ ငယ်ငယ်ရွယ်ရွယ်နဲ့ တရား ဘာဝနာအားထုတ် တယ်ဆိုတာ ကောင်းတဲ့ အလုပ်ပေါ့"

"ဟုတ်ကဲ့"

မကြာမီ လဘက်ရည်နှစ်ခွက်နှင့် မုန့်များ စားပွဲပေါ်သို့လာ ချပါသည်။

"ကဲ....သူငယ်ချင်း၊မင်းလဲ မနက်တည်းက ဘာမှမစားရသေး ဘူး၊ သောက်လိုက်ပါအုံး"ဟု ကိုကိုအောင်က ပြောပါသည်။

အချိန် အနည်းငယ်တွင် ကိုကိုအောင်က ပြောပါသည်။

"သူငယ်ချင်း၊ သမထအာရုံခံပြီး ကိစ္စရပ်တခုလောက် ကြည့် ပေးပါအုံး"

"ခက်ပြီ"ဟု ရုတ်တရက် နှုတ်မှ ထွက်သွားပါတော့သည်။

"ဘာ ခက်တာလဲ"

www.dhammaransi.com



"ဒီကိစ္စတွေကို ငါ မပြောချင်ဘူး"

"ဘာ့ကြောင့်လဲ"

"ယုံတဲ့သူလဲ ရှိတယ်၊ မယုံကြည်တဲ့ သူတွေလဲ ရှိတယ်၊ အေးအေးနေရင် ကောင်းတာဘဲ"

"ဒါက တို့အချင်းချင်း ကြည့်တာဘဲ၊ ကျယ်ကျယ် ပြန့်ပြန့် လုပ်နေတဲ့ကိစ္စ မဟုတ်ပါဘူး"

ကိုကိုအောင်နှင့် အတူ သူ့ အဒေါ်ကလည်း ပြောလာပါသည်။

ထို့ကြောင့် ကိုအေးလှင် မနေသာ။ သူသည် ဘုရားခန်းထဲသို့ ဘုရား ဝတ်ပြုပြီးနောက် ပုတီးစိပ်ပါသည်။

အာနပါန ကမ္မဋ္ဌာန်းတရားများ စီးဖြန်းပြီးနောက် သမာဓိ တရားကို ထူထောင်လိုက်ပါသည်။

ကိုကိုအောင်၏ အဒေါ်ဖြစ်သူ၏ အမေးကို ဖြေပါသည်။ မေးသူမှာ လူ့ဘဝ၌ ကားမှောက် သေဆုံးသွားပြီ ဖြစ်ကြောင်း ပြောပါသည်။

"ဟုတ်ပါတယ် ကိုအေးလှင်၊ ဒီသေသွားတဲ့သူကိုအဒေါ်တို့ အနေနဲ့ နတ်ဝင်သယ် ခေါင်းဆွဲဆရာတွေဆီမှာ သွားမေးကြည့်ဘူးပါတယ်၊သူတို့အပြောက ဥစ္စာစောင့်ဖြစ်နေတယ်လို့ ပြောလို့ပါ၊ ဟုတ်မဟုတ် ကြည့်ပေးနိုင်ရင်ကြည့်ပေးပါ"ဟု ပြောလှာ ပြန်ပါသည်။

ကိုအေးလှင်သည် ဤကိစ္စနှင့် ဆက်လက်မကြည့်တော့ဘဲ လူတွေ၏ အတွေးအခေါ် အယူအဆပိုင်းကို ဆက်လက် ဆွေးနွေး ပါသည်။

www.dhammaransi.com



"ဒေါ်ဒေါ်ရယ်၊ အနော်ကနိုင်ငံ စိတ်ဝိညာဉ် သုတေသန အသင်းတွေက ဒီကိစ္စတွေ သိပ္ပံနည်း ကျကျ လေ့လာတုန်းရှိ သေးပါတယ်၊ ဒါတွေကို အစွဲအလမ်းမပြုပါနဲ့၊ ရှေးဘဝ အကု သိုလ်ကံရဲ့ အကျိုးပေါ်မှာမူတည်ပါတယ်၊ ဒါ့ကြောင့် ဓမ္မပဒ ဝတ္ထုတော်ထဲမှာ အတိတ် ဘဝက အကုသိုလ်ကံ အကြောင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော်မူပါတယ်"

သာမာဝတီတို့၏ ရှေးအတိတ်ဝတ္ထု။

တရားသဘင်၌ ရဟန်းတို့သည် ငါသျှင်တို့ ဤသို့ သဘောရှိ သော သဒ္ဓါကြည်ညိုခြင်းရှိပေသော ဥပါသိကာမအား ဤသို့ သဘောရှိသော သေရခြင်းသည် လျောက်ပတ်မသင့်လျော်လေစွ တကားဟု စကားကိုဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သား ရဟန်းတို့ ယခု ငါကြွလာတော်မူဆဲအခါ၌၊ အဘယ်သို့သော စကားဖြင့် စည်းဝေးနေထိုင်ကြပါသနည်း။

ချစ်သား ရဟန်းတို့ သာမာဝတီအမှူးရှိကုန်သော ထိုဥပါသိ ကာမ ငါးရာတို့အား ဤဘဝ ခန္ဓာ အတ္တဘော၌ မသင့်လျော် မလျောက်ပတ်သော သေခြင်းသို့ ရောက်လေသည်။

ရှေးဘဝ၌ ပြုခဲ့ဘူးသော ကံအား သင့်လျော် လျောက်ပတ် သော သေခြင်းကိုသာ၊ ထိုဥပါသိကာမတို့ရလေပြီဟု မိန့်တော် မူလျှင်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုဥပါသိ ကာမတို့သည် ရှေး၌ ပြုဘူးသော ကံသည်ကား အဘယ်ပါ နည်း။

ထိုအကြောင်းကိုဟောကြားတော်မူပါဟု ရဟန်းတို့လျှောက်

www.dhammaransi.com



ထား တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် မင်း၏နန်းတော်၌ အမြဲမပြတ်ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဆွမ်းဘုဉ်းပေးတော်မူကြကုန်သည်။

ငါးရာကုန်သော နန်းတွင်းသူ မိန်းမတို့သည် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို လုပ်ကျွေးပြုစုကြကုန်၏။ ထိုရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့တွင် ခုနစ်ပါး ကုန်သော ပစ္စေက ဗုဒ္ဓါသည် ဟိမဝန္တာသို့ ကြွတော်မူကြကုန်၏။

တပါးသော ပစ္စေကဗုဒ္ဓါသည် မြစ်ဆိပ်ကမ်းပါး၌တခုသော မြက်ခြုံသည်ရှိ၏။ ထိုမြက်ခြုံ၏အတွင်း၌ ဈာန်သမာပတ်ကို ဝင်စား၍နေတော်မူ၏။ ထိုအခါ တနေ့သ၌ မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကြွသွားတော်မူကုန်သည် ရှိသော် ထိုငါးရာကုန်သော နန်းတွင်းသူ မိန်းမတို့ကို ခေါ်ဆောင်၍ ရေကစားခြင်းကိုကစားခြင်းငှာ ထွက်သွားလေ၏။

ထိုရေကစားရာ ရေဆိပ်၌ မိန်းမ ငါးရာတို့သည် နေ့အဖို့ပတ်လုံး ရေ၌ကစား၍ ရေမှတက်ပြီးလျှင် အချမ်းဖြင့် ပြင်းစွာ နှိပ်စက် အပ်ကုန်သည်ဖြစ်၍၊ မီးလှုံခြင်းငှာ အလိုရှိကုန်သဖြင့် ငါတို့အား မီးထည့်ရာအရပ်ကို ကြည့်ကြကုန်လော့ဟုပြောဆိုပြီးလျှင် ထိုမှ ဤမှ အဖန်ဖန် လှည့်လည်သည်ရှိသော် အရှင်ပစ္စေကဗုဒ္ဓါ ဈာန်သမာပတ် ဝင်စားတော်မူရာ ထိုမြက်ခြုံကို မြင်၍ မြက်တခုတည်း ဟူသော အမှတ်သညာဖြင့် ဝန်းရံကာ တည်နေကုန်လျက်

www.dhammaransi.com



မိုးထည့်ကြကုန်၏။ မြက်တို့ကို မိုးလောင်၍ ပြာကျ ကုန်သည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်၍ ငါတို့သည် ပျက်စီးကြလေကုန်ပြီ။ ငါတို့မင်းကြီး၏ အရှင်ပစ္စေကဗုဒ္ဓါသည် မိုးလောင်ခဲ့ပြီ။ မင်းကြီး သိကော်မူသည်ရှိသော် ငါတို့ကို ဖျက်ဆီးလေလတ္တံ့။

ထိုပစ္စေကဗုဒ္ဓါကို ကောင်းစွာလောင်ကျွမ်းအောင်ပြုကြကုန်အံ့ဟု (တိုင်ပင်၍) ထိုအလုံးစုံသော မိန်းမတို့သည် ထိုမှ၍မှ ထင်းတို့ကိုယူဆောင်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏အထက်၌ ထင်းအစုအပုံကိုပြုကြသဖြင့်၊ ကြီးစွာသော ထင်းပုံအစုကြီးသည် ဖြစ်လေ၏။

ထို့နောက် ထင်းပုံကြီးကို မီးတိုက်၍ ယခုအခါ၌ မူကား အကြွင်းမရှိ လောင်ကျွမ်းပေတော့မည်ဟု ဖယ် သွား ကြ လေကုန်၏။

ထိုမိန်းမတို့သည် ရှေးဦးစွာ စိတ်စေတနာ မရှိသည်သာလျှင် ဖြစ်သောကြောင့် ကံဖြင့်မဖွဲ့အပ် (ကံမထိုက်) ကုန်။ ဤယခုအခါ နောက်အကြိမ်မူကား စေတနာ ရှိသောကြောင့် ကံဖြင့် ဖွဲ့အပ်ကုန်၏၊ (ကံထိုက်) ကုန်၏။

အရှင်ပစ္စေကဗုဒ္ဓါကိုကား ဈာန်သမာပတ်၏အတွင်း၌ လှည်းအစီး တထောင်တို့ဖြင့် ထင်းတို့ကိုစုပုံ၍မီးတိုက်သော်လည်း အခိုးထွက်၍ မီးငွေ့သင့် စေခြင်း မှ လည်း မီးစွဲယူခြင်းငှာ မစွမ်းနိုင်။

ထို့ကြောင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ခုနစ်ရက်မြောက်

www.dhammaransi.com



သော နေ့၌ သမာပတ်မှထတော်မူပြီးလျှင် အလိုရှိတော်မူတိုင်း ချမ်းသာစွာ ကြွသွားတော်မူလေ၏။

ထိုမိန်းမတို့သည်လည်း ထိုမကောင်းမှုကံကိုပြုအပ်သည်အဖြစ်ကြောင့် များစွာကုန်သောအနှစ်တသိန်းတို့ကာလပတ်လုံး ငရဲ၌ ကျရပြီးမှ ထိုအကုသိုလ်ကံ၏အကျိုးကြွင်း၏ အစွမ်းဖြင့်သာလျှင် ဘဝအရာတို့ ပတ်လုံး ဤနည်းဖြင့် သာလျှင် နေအိမ် မီးသင့်လောင်သည် ရှိသော် မိမိတို့ပါ မီးကျွမ်း လောင်ကြ ရ လေကုန်၏။

ဤကား သာမာဝတီအမှူးရှိသော မိန်းမငါးရာတို့၏ ရှေး မကောင်းမှုကံတည်း။

ကိုအေးလွင်သည်ဓမ္မပဒဝတ္ထုတော်၏သာမာဝတီအကြောင်းကို ပြောပြလိုက်ပါသည်။

(ပစ္စုပ္ပန်တွင်တွေ့ကြုံပေါင်းသင်းကြရသော လင်ရယ်၊မယားရယ်၊သားရယ်၊ သမီးရယ်၊ တော်စပ်လာပြီး၊သေခြင်းတရားနဲ့ရင်ဆိုင်တာနဲ့တပြိုင်နက် ပူဆွေးဒုက္ခရောက်ကြရတယ်၊ အတိတ်ဘဝကုသိုလ်ကံအကုသိုလ်ကံတို့ ထဲ့မစဉ်းစားတော့ဘဲ၊ ဟိုမေး သည်မေးနဲ့ ငွေကြေးတွေ အကုန်အကျခံ၊ပိုးသာကုန် မောင်ပုံ စောင်း မတတ်ဆိုတဲ့စကားလို၊ ဘာမှ အရာမထင်တဲ့အလုပ်မျိုးမလုပ်မိဖို့ အရေးကြီးပါတယ်)ဟု ကိုအေးလွင်သည် ထပ်မံပြောပြလိုက်ပြန်သည်။

★ ★

www.dhammaransi.com

# အခန်း (၁၂)

ကိုယ်ချင်းစာတရား ထားတတ်သူတိုင်းတွင် ဤအဖြစ်မျိုးနှင့် ကြုံပါက မည်မျှစိတ်ထိခိုက်ဖွယ်ရာ ရှိအံ့။ ဝမ်းနည်းဖွယ် ရှိအံ့။

လူ့ဘောင်တွင်နေထိုင်ကြသူတိုင်းပင် တဦးနှင့်တဦး တွေ့ကြုံခံစားရသောဘဝ မတူကြ။ ကိုယ့်အတွေ့၊ ကိုယ့်အကြုံ ရှိတတ်စမြဲ....။

သည်တခါ တွေ့လိုက်ရသော အဖြစ်သနစ်က ကိုအေးလွင် အဖို့ စိတ်အတော်ပင်.... ထိခိုက်စရာ အကြောင်းမျိုး.... ဖြစ်လာသည်။

မိမိ၏ သွေးရင်းသားရင်း ညီမငယ်သဖွယ် ထိုမိန်းကလေးကို မြင်လိုက်သည်။

အရှုးတပိုင်း.... ဖြစ်နေသော သူမ၏ လှုပ်ရှားပုံမှာ အရှက်....

www.dhammaransi.com



အကြောက် ကင်းစွာ ကြမ်းပြင်ပေါ်တွင် လူးလိမ့် ငိုယိုနေတတ်သည်။

နောက်ပြီး ရှိသေးသည်၊ တယောက်တည်း စကား ပြောနေသေးသည်။ ခုတော့ ရယ်မောနေပြန်သည်။ စိတ်၏ မတည်ငြိမ်မှုကြောင့် ဖေါက်လဲ ဖေါက်ပြန်။

အမည်....တင်တင်ခိုင်။

**အသက်....(၁၈)နှစ်။**

ပညာ အရည်အချင်း....တက္ကသိုလ် ဒုတိယနှစ်။

ငယ်သွေးအလှက တက်တက်ကြွကြွ၊ ကိုယ်လုံးကိုယ်ထည်က သေးသေးသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်နှာသွယ်သည်။

ဤအိမ်ပေါ်သို့ ရောက်ရှိလာသော အကြောင်းပြုသူက တင်တင်ခိုင်၏ ဦးလေး၊ သူ့အမည်က ဦးခင်စိုး။

"ကိုအေးလွင် ခင်ဗျားတွေ့တဲ့ အတိုင်းဘဲဗျာ၊ ကျနော့် တူမလေး တဦး ခံစားနေရတဲ့ ဝေဒနာ ဘယ်လောက် အသနားစရာ ကောင်းလိုက်သလဲ"ဟု ဦးခင်စိုး စကားစ လာပါသည်။

"ကျနော်လဲ မြင်ရတာ စိတ်မကောင်းပါဘူး"ဟု ကိုအေးလွင်က ပြောလိုက်ပါတော့သည်။

"မြင်ရသူတိုင်း သူ့ဘဝကိုကြည့်ပြီး အတော် စိတ်မကောင်းဖြစ်ကြပါတယ်"

ဤသို့ တဦးနှင့်တဦး စကားပြောနေခိုက်၊ တင်တင်ခိုင်သည် ကိုအေးလွင် ရှိရာဆီသို့ လျှောက်လာပါသည်။

သူမ၏ နံဘေးတွင် ဖခင်နှင့် မိခင်နှစ်ဦးလည်း ပါသည်။

www.dhammaransi.com



သူတို့၏ မျက်နှာတွေက စိတ်ထိခိုက်သော အသွင်ကို ဆောင်နေကြပါသည်။

"ဟဲ့....ဆရာစုတ်၊ နင် ဘာလာလုပ်တာလဲ၊ ခု ငါ့အိမ်ပေါ်က ဆင်းသွား"ဟု ကိုအေးလွင် အနီးသို့ မရောက်မီ ဤသို့ ပြောလိုက်ပါသည်။

"သမီးရယ်၊ ဒီလို မပြောရဘူး၊ ဒါက ဆရာ မဟုတ်ပါဘူး၊ ဦးလေးခင်စိုးရဲ့ သူငယ်ချင်း"

"အော်....ဒီလိုဆို မပြောတော့ဘူး၊ ဘဲလ်ရီး ဆောရီး တောကြီး မြိုင်လယ် နော်"

"ကဲပါ သမီးရယ်၊အိမ်ထဲ ပြန်ဝင်ကြရအောင်"ဟု ဖခင် ဖြစ်သူက ချော့မော့၍ ပြောလိုက်ပါသည်။

"သူငယ်ချင်း စိတ်မဆိုးပါနဲ့နော်"ဟု ဦးခင်စိုးက တောင်းပန်လာသည်။

"မလိုပါဘူး၊ ကျနော် နားလည်ပါတယ်"ဟု ကိုအေးလွင်သည် အိမ်ထဲသို့ ဝင်သွားသော တင်တင်ခိုင်ကို အသာငေးကြည့်လိုက်ပါသည်။

သည်တော့မှ ဦးခင်စိုးသည် တင်တင်ခိုင်၏ ဝေဒနာ မြစ်ဖျားခံလာပုံကို လုံးစေ့ပတ်စေ့ ပြောပြပါတော့သည်။

ဤသို့ ပြောလိုက်သည့် အချိန်သည်, သူ၏အသံများ တုန်တုန်ယင်ယင် ဖြစ်နေသည်။ လည်ချောင်းထဲ၌ ခြောက်ကပ်နေသည်။ ရင်ထဲ၌ မည်မျှခံစားခဲ့ရသည်ဟူ၍ မပြောတတ်။

ကြာရှည်စွာ မြှိုသိပ်ထားရသော ခံစားချက်ကို ဤအချိန်တွင် ရင်ဖွင့်လိုက်သည်နှင့် တူပါသည်။

www.dhammaransi.com



"ဒီလို....သူငယ်ချင်း၊ တင်တင်ခိုင်ရဲ့ အကိုတယောက်ဟာ.... စိတ်မနှံ့ ဖြစ်နေတယ်....၊ ပယောဂ ဆရာတွေ.... ခေါ်ပြတော့ တယောက်တမျိုးစီ ပြောကြတယ်၊ ဥစ္စာစောင့် အဆက် ရှိတယ်၊ တယောက်က နတ်တိုက်တယ် ဆိုတာမျိုးပေါ့ကွာ၊ ထင်ကြေးနဲ့ ပြောကြဆိုကြတယ်၊

အဲဒီလိုနဲ့ဘဲ တနေ့တော့ သူ့အမေဟာ.... ပယောဂ ကုသတဲ့ ဆရာတယောက်ကို အိမ်ပေါ် ခေါ်တင်လာတယ်၊ ပယောဂ ဆရာက တင်တင်ခိုင်ရဲ့အကိုကြီးရောဂါကို ပျောက်အောင် ကုသပေးမယ်လို့ပြောတော့၊ အုပ်ထိန်းသူမိဘတွေ ယုံကြည်ကြတာပေါ့၊ ဆရာလုပ်သူကလဲ စကားအပြောကကောင်း၊ လူတယောက်ကျ လောက်အောင်ပြောတတ်တယ်၊

လူပေါ် လူဇော်စာအုပ်တွေဖတ်ထားသလားမသိဘူး၊ တအိမ်လုံးလဲအင်းတွေမြှုပ်၊ ဆေးတွေဖျန်းနဲ့ပေါ့ကွာ၊ ဆရာလုပ်သူ့ရဲ့ လုပ်ရပ်ကို မြင်တွေ့ဖန်များလာတော့ ငါလဲ ဒီဆရာကို အိမ်ပေါ် မှာကြာရှည်မထားဖို့ဝင်ပြီး တင်တင်ခိုင်တို့အမေကိုပြောကြတယ်၊

ငါ့ရဲ့စကားကို လက်မခံဘူး၊ နင်မနေချင်ရင် ဆင်းသွားလို့ တောင်ပြောလာပြန်တယ်၊ ငါလဲစိတ်ဆိုးဆိုးနဲ့ အိမ်ပေါ်ကဆင်းသွားလိုက်တာမကြာသေးပါဘူး၊ တင်တင်ခိုင်တယောက်ရူးတယ်လို့ကြားတာနဲ့ ပြန်ရောက်လာပါတယ်"ဟု ဦးခင်စိုးသည် ခေတ္တ စကားရပ်ကာ ဆေးလိပ်သောက်လိုက်ပါသည်။

"ဆက်ပါအုံး" ဟု ကိုအေးလွင်က တောင်းဆို လိုက်သော စကားကြောင့်၊ ဦးခင်စိုးသည် သောက်လက်စဆေးလိပ်ကို ပြာခွက်ထဲသို့ ထည့်လိုက်ပါသည်။

www.dhammaransi.com



"ဒီလိုနဲ့ဘဲ ဆရာ့ကို အိမ်ဦးခန်းမှာထားပြီး အချိန်မှန်မှန် ပြုစုကျွေးမွေးထားတယ်၊ ဆရာလုပ်သူကလဲ ဣန္ဒြေမပျက်၊ ခပ်တည်တည်ဆရာကြီးတဆူလိုနေတတ်တော့ ငါ့အမတွေလဲပိုယုံလာပြန်တယ်၊ တင်တင်ခိုင့်အဂ်ိုကို ကုနေရာမှ၊ တင်တင်ခိုင်ကို ပညာအပ်မယ်ဆိုပြီး၊ အင်းတွေတိုက်၊ ဆေးတွေတိုက်နဲ့ လုပ်တော့တာဘဲ၊

တင်တင်ခိုင်ကလဲ၊ လူငယ်ဆိုတော့ ဘာသိမလဲ ဆရာလုပ်သူက သောက်ဆိုသောက်လိုက်တာဘဲ၊ နင့်အကိုရောဂါကို နင်ကိုယ်တိုင်ကုရမယ်၊ ဒါမှပျောက်မယ်ဆိုပြီး ကုခိုင်းတယ်၊ အဲဒီလိုကုနေရာမှာ တင်တင်ခိုင်ဟာ စိတ်တွေမငြိမ်မသက်ဖြစ်လာတော့တာဘဲ၊

တောင်စဉ်ရေမရစကားတွေပြောလာတယ်၊ သားရော သမီးရော အဖြစ်သနစ်ဟာ တနေ့တခြားတူလာတဲ့အခြေအနေကိုမြင်တွေ့ကြရတဲ့ အမိအဖက၊ ဆရာရယ် ဘယ်လိုဖြစ်တာလဲလို့မေးကြတော့၊ ကိစ္စမရှိဘူး၊ ဒါဟာ သိုက်က ပညာစမ်းဒါ၊ ဆရာကုရင်ပျောက်သွားမှာပါ မပူပါနဲ့လို့ ပြောပြန်တယ်၊

တင်တင်ခိုင်တယောက် ရူးပြန်ပြီဆိုတဲ့သတင်းကြောင့်ဆွေမျိုးတွေအိမ်ပေါ်ရောက်လာကြတယ်၊ ဆရာလုပ်သူကို ဝေဖန်လာကြတယ်၊ ဝေဖန်တဲ့ စကားတွေကို ဆရာလုပ်သူ ကြားရတော့၊ တင်တင်ခိုင်ရဲ့ အမေကို ပြောလာတယ်၊ ခင်ဗျားတို့ရဲ့ ညီအကိုမောင်နှမတွေ ဆွေမျိုးတွေအိမ်ပေါ်မလာပါစေနဲ့လို့ တားမြစ်ပြန်တယ်၊

ဘယ်လောက်ရိုးတဲ့ငါ့အမတွေလဲဆိုရင်၊ မောင်နှမ ဆွေမျိုး

www.dhammaransi.com



တွေကိုသာ ဆူပူကြိမ်းမောင်းတယ်၊ ဆရာလုပ်သူ့ရဲ့စကားကိုလက်ခံမြဲလက်ခံနေခဲ့တယ်၊

တနေ့တော့ ဆရာလုပ်သူဟာ၊ သူထင်သလို ဖြစ်မလာတဲ့အခြေရောက်တော့မှ၊ နယ်ကိုကိစ္စတခုရှိလို့ပြန်အုံးမယ်ဆိုပြီး ပြန်သွားလိုက်တာ ခုထိပေါ်မလာတော့ဘူး''ဟု ဦးခင်စိုးကပြောပြပါသည်။

''အင်း''

ကိုအေးလွင် သက်ပြင်းတချက်ချလိုက်ပါတော့သည်။

''ကဲသူငယ်ချင်းကိုတော့ကိုယ်ယုံကြည်ပါတယ်၊ ဘာ့ကြောင့်လဲဆို သူငယ်ချင်းက သမထဘာဝနာ အပတ်တကုတ်ကြိုးစားအားထုတ်နေတဲ့သူဆိုတော့ ဒီလိုကိစ္စမျိုး(သမထ) အာရုံခံကြည့်ပေးဖို့ ကိုယ်အကူအညီတောင်းချင်တယ်''ဟု ဦးလှစိုးကပြောပါသည်။

ကိုအေးလွင် မိမိရှေ့မှောက်တွေ့နေရသောဝေဒနာရှင်၏ ဘဝကိုတွေ့ရသဖြင့် စိတ်မကောင်းဖြစ်ရသည့်အချိန် ယခုလိုအကူအညီတောင်းလာသောအခါ မငြင်းလိုတော့ပေ။

''ကဲလေ ကျနော်အာရုံခံပြီးကြည့်ပေးပါမယ်''ဟု ပြောလိုက်ပြီးနောက် သူပြုလုပ်နေကျအတိုင်း ဘုရားဝတ်ပြုလိုက်ပါသည်။

''ကျနော့် အာရုံအရဆို ခင်ဗျားရဲ့တူမရောဂါဟာ၊ ပယောဂမဟုတ်ပါဘူး- စိတ်ရောဂါပါ၊ အဲဒီတော့၊ စိတ္တဇဆေးရုံကိုသွားပြရင်ကောင်းပါမယ်၊ ရောဂါဆိုတာဖြစ်တာ့နဲ့ပြရင်ကြာကြာမခံစားရဘူး၊ ပျောက်တာလဲမြန်ပါတယ်''ဟု ကိုအေးလွင်ကပြောလိုက်ပါသည်။

www.dhammaransi.com



"ကျနော်လဲ ထင်ပါတယ်၊ ကျနော့်တူမရောဂါဟာ စိတ်ရောဂါဖြစ်မယ်လို့"ဟု ဦးခင်စိုးက ဒုတိယပွဲပြောလိုက်ပါတော့သည်။

ကိုအေးလွင် အခြား အလ္လာပသလ္လာပ ပြောဆိုပြီးနောက် ၎င်းအိမ်မှ ထွက်ခွာခဲ့လေသည်။

အချိန်က လပိုင်းသို့ကူးပြောင်းခဲ့လေသည်။

နံနက်ဦး၏နေရောင်ခြည်နှင့်အတူကိုအေးလွင်သည်အိမ်တံခါးမကြီးဖွင့်လိုက်သည့်အချိန်တွင်ဦးခင်စိုး၏မျက်နှာကို တွေ့မြင်လိုက်ရပါသည်။

"စောစောစီးစီးဘယ်သူများလဲလို့ ဦးခင်စိုးကိုး၊ ကဲ အိမ်ထဲဝင်ထိုင်"ဟု ကိုအေးလွင်သည် ဧည့်ခန်းရှိကုလားထိုင်များဆီသို့ လက်ညှိုးညွှန်ပြလိုက်ပါသည်။

"ကျနော် တယောက်တည်း မဟုတ်ဘူး၊ တင်တင်ခိုင်လဲ ပါတယ်၊၊ နောက် သူ့အမေလဲပါတယ်"ဟု ပြောပါသည်။

"ဒီလိုဆိုရင်ခေါ်လိုက်လေ ဘာဖြစ်လို့ခြံဈေးရပ်နေတာလဲ"

"ဒါကတော့ သူငယ်ချင်းရှိမရှိ တက်ကြည့်ရသေးဒါ"

သူတို့သုံးဦး ဧည့်ခန်းထဲသို့ရောက်ရှိလာကြပါသည်။

တင်တင်ခိုင်သည် ခရမ်းရောင် ဖဲ့ရှည် အင်္ကျီ၊ တက်ထလွှန်ခရမ်းရောင် အရင့်ကို ဝတ်ဆင်လျက် ရှိပါသည်။

သူမသည် ကိုအေးလွင်အား.... စိုက်ကြည့်နေပါသည်။ ထို့ကြောင့် သူမ၏ ဦးလေးဖြစ်သူ ဦးခင်စိုးက....

"တင်တင်ခိုင်....ဒီ ဦးလေးကို မြင်ဘူးသလား"ဟု မေးလိုက်ပါသည်။

www.dhammaransi.com



"မမြင်ဘူးပါဘူး"ဟု ခေါင်းရမ်း ပြလိုက်ပါသည်။

"ဦးခင်စိုး မေးမနေပါနဲ့၊ဖြစ်ပြီးတဲ့ဘဝကိုမေ့နေတာ ကောင်းပါတယ်၊ အဟောင်းကို သတိရတယ်ဆိုတာ အသစ်ဖြစ်မဲ့ ဘဝကို အနှောင့်အယှက် ပြုတာနဲ့ တူပါတယ်"ဟု ကိုအေးလွင်က ပြောလိုက်ပါသည်။

ဤသို့ ကိုအေးလွင်ထံ လာရောက်ခြင်းမှာလည်း ကျေးဇူးတင်ကြောင်း ပြောလိုသော ကိစ္စပင် ဖြစ်ပါသည်။

★ ★

www.dhammaransi.com

# အခန်း (၁၃)

အချိန် မည်မျှ ကြာသွားသည် မသိ။

တနေ့တာ ခရီးကိုပင် နှစ်လမျှလောက်ဟု ထင်မိသည်။

သူ့ မှတ်ဉာဏ်က အချိန် အပိုင်းအခြားကို မေ့ပျောက်နေပါသည်။ သူ့အသိ၌ အချိန်လမ်းကြောင်း.... ပျောက်နေတတ်သည်။

သူ့ တကိုယ်လုံး နာကျင်ကိုက်ခဲနေသည်ကိုတော့ သူသိသည်။ သူ့ နှာခေါင်းတွင် ပိုက်တခု တပ်ထားသည်။

ၡင်းပိုက် မရွေ့လျားနိုင်အောင် ပါးပြင်ပေါ်၌ ပလပ်စတာ ကပ်ထားသည်။

လက်တဖက်တွင် အားဆေးသွင်းသော ပိုက်တခုလည်း သူ့ လက်တွင် တပ်ထားသည်ကို သတိပြုမိပါသည်။

သူသည် ညည်းညူကာ မျက်စိကို ဖွင့်ကြည့်သည်။

www.dhammaransi.com



လင်းထိန်နေသော ဓါတ်မီးချောင်း အလင်းရောင်သည် စူးကနဲ ဝင်လာသည်။ မျက်လုံးကို ကြာကြာဖွင့်ကြည့်၍ မရ။

သူ့ မျက်ခွံကြောများ တင်းတင်းရင်းရင်း ရှိနေပါသည်။ စူးရှလွန်းသော အလင်းရောင်ကြောင့် သူ့ မျက်လုံးများသည်.... အလိုလို ပြန်မှိတ်သွားတည်။

သူ့နားထဲတွင် လူများ စကားပြောသံများ ကြားရသည်။

ထိုအသံသည် သူနှင့် သိပ်မဝေး။ နံဘေးလောက်တွင် ရှိလိမ့်မည်ဟု ထင်သည်။

မည်သူများ စကားပြောနေကြသလဲ။ သူ့အသိများလား။ စသည့် အတွေးပေါင်းက ဝင်လာတတ်သည်။

ဤသို့ ဟိုအာရုံ ဒီအာရုံများ ဝင်လာပြန်သည်။ စောစောက အတွေးသည် တောင်စဉ်ရေမရ ဖြစ်ပြီးနောက် အတွေးက ဆက်ဝင်လာပြန်သည်။

သူ့တွင်မူကား အတိတ်ကို တွေးတောနိုင်စွမ်း မရှိ။ ပစ္စုပ္ပန်ကို တွေးတောနိုင်စွမ်း မရှိ။

သူ့ အသိက တကိုယ်လုံး နာကျင်နေမှန်းတော့.... သူ သိသည်။

ဤကဲ့သို့ ဝေဒနာ ခံစားနေရသူက ကိုအေးလွင်။

သူသည် ဆေးရုံတခု၏ ကုတင်ပေါ်၌ ရှိသည်။

ကိုကိုအောင်တယောက် လူနာကြည့်ချိန်၌ ဆေးရုံသို့ ရောက်လာသည်။ သူ့ သူငယ်ချင်း ကုတင်ပေါ်တွင် ပက်လက်အိပ်နေသည်ကို တွေ့ရသည်။

www.dhammaransi.com



သည်တော့ သူ့စိတ်မကောင်း ဖြစ်မိသည်။ ဆရာဝန်တွေက စကား မပြောပါနှင့်ဆိုသော တားမြစ်ချက်ကြောင့် သူလည်း စကား မပြောရ။

မိဘဆွေမျိုးတွေလည်း စကားမပြော။ နံဘေးမှ ရပ်၍သာ ကြည့်နေပြီး အိမ်သို့ ပြန်ကြရလေသည်။

မကြာမီရက်အတွင်း ကိုအေးလွင်တယောက် ဆေးရုံမှ ဆင်း သွားပြီဆိုသော သတင်းကို မိတ်ဆွေတဦးဆီမှ ကြားရသည်။

ကိုကိုအောင်သည် ကိုအေးလွင် အိမ်သို့ လာခဲ့သည်။ အဆင် သင့် ကိုအေးလွင်ကို တွေ့လိုက်ပါသည်။

"မင်း ဆေးရုံတက်တုန်းက ငါ လာခဲ့သေးတယ်၊ ဒါပေမဲ့.... ဆရာဝန်တွေက စကား မပြောရဘူးဆိုလို့...."ဟု တွေ့တွေ့ခြင်း ပြောလိုက်ပါသည်။

"အေးကွ.... ငါလဲ ဘာဖြစ်သွားမှန်းတောင်.... မသိဘူး၊ ကောက်ကာငင်ကာ ရောဂါဝင်လာပြီး ချက်ခြင်း ဆေးရုံတက် ရတာဘဲ" ဟု ကိုအေးလွင်က ပြောပါသည်။

"ငါလဲ နောက်ရက်တွေ လာကြည့်ဖို့ ကြိုးစားနေသေးတယ်၊ ရုံးက နယ်လွှတ်တာနဲ့၊ နယ်ဆင်းပြီး.... ရုံးလုပ်ငန်းတွေ ထမ်း ဆောင်နေရလို့ ခုမှ ရောက်လာတာ ခွင့်လွှတ်ပါ"ဟု ကိုကိုအောင် က ပြောလိုက်ပါသည်။

"ငါ ဆေးရုံတက်ရတဲ့ ကိစ္စနဲ့ ဆွေးနွေးဖို့ဟာ.... မင်းရောက် လာတာနဲ့ အတော်ဘဲကွာ၊ တခြားသူ ပြောပြရင်လဲ ယုံချင်မှ ယုံ မှာ"ဟု ကိုအေးလွင်သည် သူဆေးရုံတက်ရသည့် အကြောင်းကို ပြောပါတော့သည်။

www.dhammaransi.com



"ငါမိတ်ဆွေရဲ့ သားဟာ၊ ဆေးရုံမှာ အသဲအသန် ဖြစ်နေတယ်၊ ဒါနဲ့ ငါ့ဆီကို ပြေးလာပြီး အကူအညီတောင်းတယ်၊ သူတို့ကလဲ ငါ (သမထ) တရားအားထုတ်နေတာလဲ သိတယ်၊ ဒီ.... ကလေးရဲ့ အခြေအနေကို ကြည့်ပေးပါလို့ ပြောတယ်၊

သည်နေ့မှာ ငါလဲ ဘယ်လိုစိတ်တွေ ပေါက်သွားသလဲ မသိဘူး၊ ကောင်းပြီလေ၊ ဆေးရုံတက်နေတဲ့ သူ့ရဲ့ ဓါတ်ပုံ ယူလာခဲ့လို့ ပြောလိုက်တယ်၊ အဲဒီလို ပြောလိုက်တော့ ငါ့မိတ်ဆွေဟာ အိမ်ပြန်ပြီး မှန်ဘောင်သွင်းထားတဲ့ ဓါတ်ပုံကို ငါ့ဆီ ယူလာခဲ့တာပေါ့....၊

ငါလဲ ဒီဓါတ်ပုံကိုင်ပြီး 'ကျုပ်ကယ်လိုက်မယ်'လို့ နှုတ်က လွှတ်ကနဲ ထွက်သွားတယ်၊ အဲဒီ ဓါတ်ပုံကို ဘုရားစင် အောက်မှာ.... ထောင်ထားလိုက်တယ်၊

ဖယောင်းတိုင်တတိုင် ထွန်းပြီး ပုတီးစိပ်တယ်၊ ဒီကလေးကို ငါ့မျက်လုံးထဲမှာ ပေါ်လာတဲ့အထိ အာရုံ ခံထားလိုက်တယ်၊

ပုတီးစိပ်ပြီးနောက်၊ ငါ့ဓါတ်ပုံကိုပိုင်ရှင်ထံ ပြန်ပေးလိုက်ပါတယ်၊ ကျုပ်ကယ်ဆယ်ပြီးပြီ ဘာမှမပူနေပါနဲ့လို့ထပ်ဆင့်ပြောပြန်သေးတယ်၊ နှစ်ပတ်လောက်ကြာတော့၊ ဆေးရုံတက်နေတဲ့ကလေးဟာ ဆေးရုံက ခေတ္တအိမ်ကိုပြန်ဆင်းခိုင်းလို့ပြန်ဆင်းလိုကြောင်း သတင်းကိုကြားလိုက်ရတယ်၊

အဲဒီကလေးလဲ ဆေးရုံဆင်းပြီး မကြာပါဘူး၊ ငါလဲဆေးရုံသွားရတယ်၊ ငါလဲ ခုလို ဆေးရုံကဆင်းပြီး ဆေးရုံက ခေတ္တပြန်ခိုင်းတဲ့ ကလေးဟာ ဆေးရုံ ပြန်တက်ပြီး မကြာမီ ဆုံးသွားကြောင်း သိရသယ်၊

www.dhammaransi.com



ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာကြီး ဦးနန္ဒထံသွား ဆွေးနွေးရင် ကောင်းမလားလို့ ငါစိတ်ကူးနေတယ်”ဟု ကိုအေးလွင်က သူ့အဖြစ်အပျက်ကိုပြောပြလိုက်ပါသည်။

“ဒါကတော့မင်းသဘောဘဲ၊ဆရာကြီးဆီမင်းသွားမယ်ဆိုရင် ငါလိုက်ခဲ့ပါ့မယ်”

သူတို့နှစ်ဦးသည် ဆရာကြီး ဦးနန္ဒအိမ်သို့ ရောက်လာကြပါသည်။

အိမ်ပေါ်တွင် ဆရာကြီးတဦးတည်း မဟုတ်၊ အခြားသူများ ရှိပါသည်။

အခြားသူဆိုသော်လည်း ကိုအေးလွင်တို့တခါဘူးမျှမမြင်ဘူးသော သူများ ဖြစ်ပါသည်။

သူတို့နှစ်ဦး အိမ်ပေါ်သို့ တက်လိုက်သော အချိန်တွင် အိမ်ပေါ်ရှိသူများက အမှတ်တမဲ့ တစေ့တစောင်း မော့ကြည့်လိုက်ကြပါသည်။

ပြီးတော့ နဂိုအတိုင်း ဆရာကြီးနှင့် စကားပြောရန် ဟန်ပြင်လိုက်ကြပါသည်။သူတို့အုပ်စုထဲမှမိန်းမတဦးက မိတ်ဆက်ပေးပါသည်။

“ဆရာကြီး၊ သမီးတို့ရုံးကအရာရှိပါ”ဟူသောအသံကို သူတို့နှစ်ဦး ထိုင်ချလိုက်သည်နှင့်တပြိုင်နက် ထိုအသံကို ပီပီသသကြားလိုက်ပါသည်။

“အေး”ဟု ဆရာကြီး ဦးနန္ဒ၏ စကားဆုံးသည်နှင့် တပြိုင်နက် အရာရှိဆိုသူက ပြောလာပါသည်။

www.dhammaransi.com



"ဒီလိုပါဆရာကြီး၊ အမှန်ကို ဝန်ခံရရင် ဆရာတယောက်ကို အထင်ကြီးပြီး၊ကျနော် အိမ်ပေါ် ခေါ်တင်ပြီး အိမ်ဦးခန်းမှာ ထားခဲ့ပါတယ်၊အဲဒီဆရာကိုလဲ ကျနော် အထင်တော်တော်ကြီး ခဲ့ပါတယ်၊

ကျနော့်ကို ရာထူးတိုးအောင် လုပ်ပေးမယ်လို့ပြောပါတယ်၊ သူဟာ ရုပ်ပြအနေကသိပ်ကောင်းပါတယ်၊

ပုလင်းထဲကရေကို၊လက်နှစ်ဖက် ကိုင်လှုပ်လိုက်တာနဲ့၊ပုလဲတွေ ရေထဲမှာ ရောက်လာလိမ့်မယ်ဆိုပြီး ပုလင်းကို အကြိမ်ကြိမ်လှုပ် ရမ်း နေရာမှ ရုပ်လိုက်တာနဲ့တပြိုင်နက် ပုလဲ (၁၀)လုံးလောက် ပုလင်းထဲ ရောက်နေတာကို တွေ့ရပါတယ်၊ နောက်ရှိပါသေး တယ်"ဟု ၎င်းအရာရှိဆိုသူက မမောမပမ်းနိုင်အောင် သူ့ရင်၌ ခံစားခဲ့ရသည့်အကြောင်းများကို တခုပြီးတခု ခရေးထဲမှရေလွှတ် သည့်အတိုင်း ပြောနေပါတော့သည်။

"တနေ့တော့ အဲဒီဆရာက ဘုရားပင့်ပေးမယ်၊ အဲဒီဘုရား ဟာ၊ နတ်ပြည်က ဘုရား၊လူ့ပြည်မှာ မရှိဘူးလို့ ပြောပြီး ခင် ဗျားတို့ ဘုရားပင့်တဲ့အချိန်မှာ အိမ်ပေါ်မှာ ဘယ်သူမှမရှိရဘူး၊ ကျုပ်နဲ့ခင်ဗျား နှစ်ဦးဘဲ၊ ဘုရားခန်းမှာ ရှိရမယ်လို့ ဂတိတောင်း ပါတယ်၊

ကျနော်လဲ အတော်ကလေး အ, သွားတယ်၊ ပင့်မဲ့ဘုရားက ကျောက်ဆင်းတု ကိုယ်တော်ဖြစ်တဲ့အတွက်၊ ကျနော်လဲ ကိုးကွယ် ချင်တာနဲ့ ကောင်းပါပြီလို့ ဝန်ခံဂတိပေးလိုက်ပါတယ်၊

www.dhammaransi.com



ဘုရားပင့်မဲ့ နေ့မှာ သူအစောကြီး ပေါက်လာပါတယ်၊ ကျနော်လဲ အတော်ကလေး ဝမ်းသာနေပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ခုလိုမိုးပေါ်က ဘုရား ငါ့အိမ်ကို ရောက်မယ်ဆိုတဲ့ အသိစိတ်ကြောင့် အတော်ဝမ်းသာနေပါတယ်၊

ဆရာလုပ်သူက အမိန့်ပေးပါတယ်၊ အိမ်သားအားလုံး အိမ်ပေါ်မှာ မနေခိုင်းပါဘူး၊ အောက်ကိုဆင်းခိုင်းပါတယ်၊ တအိမ်လုံး တံခါးတွေပိတ်ထားရပါတယ်၊ သူနဲ့ကျနော်သာ နှစ်ဦးတည်းရှိတော့မှ ဘုရားခန်းမှာ စည်းချပါတယ်၊

အဲဒီသူလုပ်ရမဲ့ ကိစ္စတွေလုပ်ပြီး ကျနော့်ကို ပုတီးစိပ်ခိုင်းပါတယ်၊ ကျနော်လဲ မျက်စိမှိတ်ပြီး ပုတီးစိပ်နေတုန်း ဗြုန်းဆိုကျောက်ဆင်းတုတဆူ သူ့လက်ပေါ် ပေါ်နေတာကို ဖူးရပါတယ်၊

ဒါနဲ့ ကျနော်လဲ အံ့တော်အံ့ဩသွားပါတယ်၊ ထူးလဲထူးဆန်းနေပါတယ်၊ တခါဘူးမှ မမြင်ဘူးလို့ပေါ့၊ ကျနော်လဲ သူ့ကိုယ်ထဲမှာ ပါလာသလား၊

ဒါမှ မဟုတ် လွယ်အိတ်ထဲမှာ ထဲ့လာသလားလို့ ဆိုပြီး ဘုရားမကြွမီ သူ့ရဲ့တကိုယ်လုံးကို အကဲခပ်ထားပါတယ်၊

အဲဒီလို လိုက်ကြည့်တော့လဲ ဘာမှ ထူးထူးခြားခြား မတွေ့ရပါဘူး၊

နောက်လဲ ရှိပါသေးတယ်၊ ထွက်ရပ်ပေါက်တွေက ခင်ဗျားတို့အတွက် ရွှေခဲတတ်လုံးတွေ ပေးခိုင်းတယ်ဆိုပြီး လက်ဖြန့်လိုက်တာနဲ့ ခဲတတ်လုံးလေး ငါးလုံးရောက်လာတာ တွေ့ရပါတယ်

www.dhammaransi.com



ပြောပြနေပါတယ်၊ မကြာပါဘူး၊ ကျနော့်ဆီက ငွေ ၃၀၀၀ိ/ အရေးကြီးလို့ ချေးပါဆိုပြီး ပေးလိုက်တာ ငွေရော လူရော ပေါ် မလာဘူး၊

တနေ့တော့ အမှတ်မထင် အိမ်ရောက်လာပြန်တယ်၊ ကျနော်တို့ကလဲ စကားမပြောကြလို့ စိတ်ဆိုးပြီး တနေ့သိရမယ်လို့ ကျိန်းသွားတယ်၊

ငါတို့ပြည့် လောကမှာ၊ အတတ်ပညာရပ်၊ အကျင့်ပညာရပ် ရယ် နှစ်ပိုင်းရှိတယ်၊ အတတ်ပညာဆိုတာ လောကီကိုနွယ်ပြီး လုပ်ကြရတဲ့ အပိုင်း၊နာနာဘာဝ၊ ဝိနာဘာဝတွေနဲ့ ပူးပေါင်းကြံစည်ရတဲ့အပိုင်းပေါ့၊

အဲဒီအကောင်တွေ မွေးပြီး လုပ်ပြတယ်၊ လူတွေအထင်ကြီးလာအောင်၊ လူတွေအထင်ကြီးလာရင်၊ လူတွေဆီက လိမ်ညာဖို့ကြိုးစားကြတယ်၊

ခုခေတ်မှာ ဒီအတတ်ပညာတွေပေါ်တာ မဟုတ်ပါ၊ မြတ်စွာဘုရား လက်ထက်က ဒေဝဒတ်အကြောင်းကို သိထားရင်....” ဟု ဆရာကြီး ဦးနန္ဒသည် အောက်ပါအတိုင်း ပြောပြပါတော့သည်။

သတ္တရသမဝါကို ရာဇဂြိုဟ်ပြည်၌၊အဌာရသမဝါ၊ ကေူနဝီသတိမဝါတို့ကို ထိုပြည်နှင့် မနီးမဝေးဖြစ်သော တလိယတောင်၌၊ ဝီသ၊တိမဝါကို ရာဇဂြိုဟ်ပြည်၌ ကပ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားအား ဒေဝဒတ်.... ပြစ်မှားလေသော အကြောင်းကို အရင်းမှစ၍ ပြဦးအံ့။

www.dhammaransi.com



မြတ်စွာဘုရားသည်၊ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၊ ပါဝါရိကာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်းတို့၌ ကိန်းအောင်းတည်စံတော်မူသော ကာလ။

ဃောသက သူဌေး အစရှိကုန်သော ဥပါသကာ ဥပါသိကာမ အပေါင်းတို့သည် ကျောင်းတော်တို့ ဆည်းကပ်ကြကုန်သော်၊ သံဃာတော်တို့ကို အမည်ဖြင့်.... အသီးသီးခေါ်၍ အရှင်သာရိပုတြာကား အဘယ်ကျောင်းမှာ သီတင်းသုံးသနည်း။

အရှင် မောဂ္ဂလာန်ကား အဘယ်မှာနည်း၊ အရှင် အာနန္ဒာကား အဘယ်မှာနည်း၊ ဤသို့ စသည်ဖြင့် မေးမြန်း၍ လှူဒါန်းပူဇော်ဖွယ်နှင့် တကွ အသီးသီး ဆည်းကပ်ကြကုန်သည်။

ကန္နား၊ မဏ္ဍပ်၊ ဇရပ်၊ ပွဲပြင်၊ အလှူသဘင်တို့၌ မင်္ဂလာပြု၍ စည်းဝေးသော အခါ၌လည်း ရှင်သာရိပုတြာကား ငါတို့.... ဆရာတည်း၊ ဈာန် အဘိညာဉ်တို့၌ သို့စဉ် အံ့သြဖွယ်ရှိ၏။ ဤသို့ စသည်ဖြင့် အသီးသီး ချီးမွမ်း ပြောပကြကုန်သည်။

ဒေဝဒတ်ကိုမူကား မည်သူတယောက်မျှမေးမြန်း၍ လှူဒါန်းပူဇော်လာသူလည်း.... မရှိ။ ချီးမွမ်း ပြောဆိုမည့်သော သူလည်း မရှိ....။

ထိုအခါ ဆရာ ဒေဝဒတ်သည် ဆိတ်ငြိမ်ရာ၌ ကပ်ပြီးသော် ဤသို့ ကြံ၏။ ဤကောသမ္ဗီပြည်သားတို့သည် ငါ့အား မေးမြန်း၍ အကျွမ်းတဝင် ပြုလာသောသူ မည်သည် တစုံတယောက်မျှ မရှိကြကုန်။

www.dhammaransi.com



သာရိပုတြာ၊ မောဂ္ဂလန်၊ အာနန္ဒာစသော သူတို့၏ အထံသို့ သာ သွားလာ ဝင်ထွက်ကြကုန်သည်။

ငါလည်း သာကီဝင်မင်းမျိုးမှ ရဟန်းပြုသူ ဖြစ်ပါလျက် ဒါယကာတို့ မကြည်ညွတ်ခြင်း၊ မဆည်းကပ်ခြင်းသည် ဘုရားရှင်က ငါ၏ ကျေးဇူးမဲ့ စကားကို၊ ဒါယကာတို့အား ပြောကြားသည် ဖြစ်ရာ လတ္တံ့။

ထို့ကြောင့် ဘုရားမြတ်စွာနှင့် ငါ အတူနေ၍ မသင့်ပြီ၊ ဤမှ တပါး အခြားမြို့ရွာ၌ ငါ့အား ကိုးကွယ် ချီးမြှောက်မည့် ဒါယကာကို ဖွေရှာ မှီတည်း၍ နေတော့အံ့။

သို့ရာတွင် ထက်ဝန်းကျင်သော ထီးဆောင်းနန်းနေ.... ပဒေသရာဇ် မင်းအများတို့သည် ဘုရားသခင်၏ အလုပ်အကျွေး.... ဥပါသကာချည်း ဖြစ်ကြကုန်သည်။

ဗိမ္ဗိသာရမင်းကြီး၏ သားဖြစ်သော အဇာတသတ်မင်းသား ကား ငယ်လည်း ငယ်သေး၏။ ကိုးကွယ်သော ဆရာလည်း မရှိသေး၊ နောင်ရေးလည်း အလွန်ကောင်း၏။

ထိုမင်းသားကို ငါ့အား ကြည်ညိုစေ၍ ဆရာပြုရသော် များစွာသော လာဘသက္ကာရရှိသည် ဖြစ်လတ္တံ့။ ထိုလာဘသက္ကာရကို မှီ၍ ပရိသတ် လေးပါးတို့သည် ပြန့်ပွား စည်ပင်စွာ ဖြစ်လတ္တံ့ဟု အကြံဖြစ်၏။

ထိုသို့ ကြံပြီးသော် အရှင်တော် ဘုရားထံမှ ခွာ၍၊ ရာဇဂြိုဟ်ပြည်သို့ လာခဲ့၏။

www.dhammaransi.com



ပြည်၏ အနီးသို့ ရောက်လျှင် မိမိရသော ဈာန် အဘိညာဉ်ဖြင့် ရဟန်းအသွင်ကို ပယ်၍ သူငယ်၏ သဏ္ဌာန်ကို ဖန်ဆင်းပြီးလျှင် ဦးခေါင်းထက်တွင် မြွေတစင်းကို ပါးပျဉ်းပြန့်စေလျက်၊ လက်နှစ်ဖက်၌ မြွေနှစ်စင်း၊ ခြေနှစ်ဖက်၌လည်း မြွေနှစ်စင်း....။

ဤမြွေငါးစင်းကို အမြီးခြင်း ရှက် ထိုး ၍ ခါးကြိုး ကဲ့သို့ ဆင်ပြီးမှ ကောင်းကင်ဖြင့် သွား၍ အဇာတသတ် မင်းသား၏ ရင်ပြင်ထက်၌သက်ဆင်း၏။

မင်းသားလည်း အလွန်ကြောက်လန့်ရကား သည်းစွာအော်ဟစ်၍ ထ၏။

ထိုအခါ ဆရာဒေဝဒတ်က....

"မင်းသားကြောက်သလော"ဟု မေး၏။

မင်းသားကလည်း....

"ငါကားအလွန်ကြောက်၏၊ သင်အသူနည်း၊ လူလော နတ်လော နဂါးလော"ဟု ဆိုလျှင်....

"သင်မင်းသား မကြောက်လင့်၊ ငါကား ဒေဝဒတ် ပင်တည်း၊ သတ္တိစွမ်းအင်ကိုမြင်စေလို၍ပြသည်"ဟု ဆိုလျှင်....

"အရှင်ဒေဝဒတ်ဖြစ်ဘိက ပကတိသော ရဟန်း အသွင်ကို ပြပါ"ဟု တောင်းပန်လျှင်....

ထိုဖန်ဆင်းသော သူငယ်၏ အသွင်ကို ဖျောက်၍ ပရိက္ခရာ ရှစ်ပါးနှင့်တကွသော ရဟန်းအသွင်ကိုပြပေ၏။

ထိုအခါ အဇာတသတ်မင်းသားလည်း....

www.dhammaransi.com



"အရှင်ဒေဝဒတ်ကား ကြီးမားသောတန်ခိုးအာနုဘော်ရှိ၏၊ နာနာဘာဝရူပကာယကိုလည်း ပြခြင်းငှာစွမ်းနိုင်၏၊ ခမည်းတော်ကိုးကွယ်သော ဘုရားမှာ ဤကဲ့သို့မပြနိုင်" ဟုအလွန်သဒ္ဓါကြည်ညိုခြင်း ဖြစ်ရကား....

မင်းသားလည်း ရထားငါးရာတို့နှင့် ဆရာဒေဝဒတ်၏အထံသို့ ညဉ့် နံနက်ဆည်းကပ်၏။ ငါးရာမျှလောက်သော ဆွမ်းဝတ်တို့ကိုလည်းတည်ပေ၏။ မင်းချင်းတို့လည်း အသီးသီးချီးမြှောက်ပူဇော်ကြ၏။

ထိုအခါမှစ၍ ဒေဝဒတ်အား များစွာသော လာဘ်ပူဇော်သက္ကာ အခြံအရံတို့သည် ဖြစ်ကုန်၏။

ထိုအခါ ဆရာဒေဝဒတ်လည်း လာဘ်ပူဇော် သက္ကာ တို့၌ တပ်ကြိုက်ပျော်မွေ့သည်ဖြစ်၍ မာန်ယစ်လေရကား ဘုရားသခင်ကို ပယ်ရှား၍ တပည့်သားဖြစ်သော သံဃာ အပေါင်းကို ငါဆောင်အံ့ဟု အကြံဖြစ်၏။

ထိုစိတ်ဖြစ်သည်နှင့်တပြိုင်နက်ပင် အထက် ရရင်း ဖြစ်သော ဈာန်အဘိညာဉ်သည် ကွယ်လေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ နေသော အရှင် မောဂ္ဂလာန်၏ အလုပ်အကျွေး ကောလိယသူဌေး၏သားဖြစ်သော ကကုဓ မည်သော ဒါယကာသည် ကြမ္မာကုန်၍ စတုမဟာရာဇ်ဘုံ၌နတ်သားအဖြစ်ကို ရလေ၏။

ထိုနတ်၏ကိုယ်ကား သုံးဂါဝုတ် ပမာဏ ကြီးသတည်း။ ထို ကကုဓနတ်သားသည် အရှင်မောဂ္ဂလာန် ရှိရာ ကောသမ္ဗီပြည်သို့ လာ၍ ရိုသေစွာ ရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။

www.dhammaransi.com



"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၏ လက်ဝဲတော်ရံ ဖြစ်တော်မူသော အရှင်ဘုရာ 'ရဟန်းဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာ၌ လွန်စွာ တောင့်တခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ကုသိုလ်တရား၌အားထုတ်လိုခြင်း ကင်းသော စိတ်ရှိလျက် ရဟန်းသံဃာတို့ကို ငါဆောင်အံ့'ဟု စိတ်အကြံသည် ဖြစ်၏၊

ထိုသို့ကြံသည်နှင့်တပြိုင်နက်ပင် အရှင် ဒေဝဒတ်၏ သန္တာန်၌ရှိရင်း စျာန်အဘိညာဉ် တို့သည် ရေတွင်ကျသော မီးတောက်ကဲ့သို့ ပျောက်ပျက် သုဉ်းဖျင်းလေပြီ"ဟု လျှောက်လာ၏။

အရှင်မောဂ္ဂလာန်လည်း ဘုရားရှိရာသို့ လျင်စွာကပ်ပြီးသော် နတ်သားလျှောက်တိုင်းသော အကြောင်း စကားကို ဘုရားရှင်အား နားတော်လျှောက်ပေသော် ကိုယ်တော် ဘုရားလည်း....

"ချစ်သား မောဂ္ဂလာန် သင်၏ အလုပ်အကျွေး ဖြစ်သော ကုက္ကုဋ္ဌ နတ်သားသည် မိမိစိတ်ဖြင့် သူတပါး၏ စိတ်ကို သိသည်ဖြစ်၍ သိလင့်စေခြင်းငှာ သင့်အား ကြားလျှောက်လာပေသည်၊ ဤသာပကတဖြင့် ပြောပြသော စကားဖျင်းဟု သင်မမှတ်လင့်၊ နတ်လျှောက်တိုင်း မှန်သည်သာတည်း၊ သို့ရာတွင် သင်ဆိတ်ဆိတ်သာ နေဦးလော့၊ မမြင့်မီပင် ထို အချင်း အရာသည် ထင်ရှားစွာ ဖြစ်လတ္တံ့"ဟု မိန့်တော်မူပြီးမှ....

"ချစ်သား မောဂ္ဂလာန်....ဤလောက၌ အပူဇော်ခံကြသော ဆရာကား ငါးမျိုးပြားသတည်း၊ ငါးမျိုးဟူသော်ကား....

(၁) မိမိ၌ စင်ကြယ်သော သီလမရှိဘဲလျက် စင်ကြယ်သော

www.dhammaransi.com



သီလ ရှိယောင်မူ၍ သူတထူးအား လွန်ကျူးစွာ ကဲ့ရဲ့ ရှုတ်ချလျက် မြတ်သော သီလသည် ငါ၌သာ ရှိ၏ဟု ဝန်ခံ၍ အခြံအရံ အလုပ်အကျွေးတို့ကို သွေးဆောင်.... ဖြားယောင်းတတ်သော ဆရာလည်း တမျိုး၊

(၂) မိမိ၌ စင်ကြယ်သော အသက်မွေးခြင်း.... မရှိဘဲလျက် စင်ကြယ်သော အသက်မွေးခြင်း.... ရှိယောင်မူ၍ သူတထူးအား လွန်ကျူးစွာ ကဲ့ရဲ့ရှုတ်ချလျက် မြတ်သော အာဇီဝသည် ငါ၌သာ ရှိ၏ဟု ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်း တမျိုး၊

(၃) မိမိ၌ မစင်ကြယ်သော အယူစကား တရား ဒေသနာ ရှိလျက် စင်ကြယ်စွာ ရှိယောင်မူ၍ သူတထူးအား ကဲ့ရဲ့ ရှုတ်ချလျက် မြတ်သော အယူဝါဒ ဓမ္မ ဒေသနာသည် ငါ၌ ရှိ၏ဟု ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်း.... တမျိုး၊

(၄) မိမိ၌ မစင်ကြယ်သော....ဉာဏ် အမြင်ရှိလျက် စင်ကြယ်သော ဉာဏ် အမြင် ရှိ၏ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ.... ဆရာ ပြုနေသော ပုဂ္ဂိုလ်လည်း တမျိုး၊

(၅) မိမိ၌ မစင်ကြယ်သော ဗျာကရိုဏ်း သင်ခြင်း ရှိလျက် စင်ကြယ်သော ဗျာကရိုဏ်း သင်ခြင်း ရှိ၏ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာ ပြုနေသော ပုဂ္ဂိုလ် လည်း တမျိုး”

ဆရာကြီးသည် ဒေဝဒတ်အကြောင်းပြောပြပြီးနောက် ထွက်

www.dhammaransi.com



ရပ်ပေါက် ဆရာကြီးများ ခါတ်လုံးပေးတတ်သည့် အကြောင်းကို ပြောပြပြန်သည်။

"ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဆိုတာ သူတော်ကောင်းတွေပါ၊ လူတွေကို ဘုရား တရားတော်နဲ့ အညီ ကျင့်ကြံဖို့ အကျင့်တွေ ချပေးတယ်၊ ဘယ်တရားကိုဖြင့် ဘယ်လို ကျင့်ကြံရင် ရနိုင်တယ် ဆိုတာကိုဘဲ ပြောပါတယ်၊ မိုးပေါ်က ခါတ်လုံးတွေ ရောက်လာတာ ဆိုတာလဲ မဟုတ်ပါဘူး၊ သီလ၊ သမာဓိ၊ ပညာဆိုတာ ဖြစ်ဖို့ ... ကြိုးစားအားထုတ်ဖို့ အကြောင်းဘဲ သွန်သင် ဆုံးမပါတယ်"ဟု ဆရာကြီး ဦးနန္ဒက ပြောပြပါသည်။

"ဒီလိုဆို ကျနော့်ကို အဲဒီ ဆရာရဲ့ အစောင့်တွေနဲ့ အနှောင့်အယှက် ပေးရင် ရနိုင်မလား"

"မရနိုင်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ လူတွေဟာ သူတို့ထက် မြတ်ပါတယ်၊ သူတို့ကို လက်မခံရင် ဘယ်အိမ်ပေါ်မှ တက်လို့ မရနိုင်ပါဘူး၊ ဘုရား၊ တရား၊ သံဃာ၊ သူတော်ကောင်းတွေကို အမြဲမပြတ် ရိုသေ ကိုင်းရှိုင်း ရှိခိုးနေရင် အနားလာလို့ မရနိုင်ပါဘူး"ဟု ပြောပြလိုက်သည့်အတွက်၊ မေးခွန်း ထုတ်နေသူသည် ဝမ်းသာအားရ ဖြစ်၍၊ ဆရာကြီး ဦးနန္ဒကို ရှိခိုး လိုက်ပါတော့သည်။

"ကျနော်တို့လဲ ဗုဒ္ဓရှင်တော်မြတ်ရဲ့ အကျင့်ကို ကျင့်ပါ့မယ်-ဆရာကြီး၊ ဆရာကြီးကို ဂတိပြုပါတယ်၊ နောက်ကိုလဲ ဒီလိုကိစ္စရပ်တွေကို မလိုက်စားတော့ပါဘူး"ဟု ပြောပြီးနောက် ထပြန်ကြလေသည်။

သူတို့အားလုံး ပြန်ကြလေသည်။

www.dhammaransi.com



ကိုအေးလွင်တို့ နှစ်ဦးသည် ဆရာကြီး ရှေ့မှောက်သို့ ရောက်လာကြပါသည်။

"ကဲ မောင်အေးလွင်၊ ဘာများ ပြောချင်သေးလို့လဲ" ဟု ဆရာကြီးက မေးလိုက်ပါသည်။

ကိုအေးလွင်သည် သူခံစားခဲ့ရသော ဖြစ်ရပ်ကို ဆရာကြီးအား လုံးစေ့ပတ်စေ့ ဆေးရုံတက်ရလည့် အကြောင်းကို ပြောပြပါတော့သည်။

"အေး....မောင်အေးလွင် ဆရာကြီး မင်းဆရာလုပ်တော့မယ် ဆိုတုန်း ပြုံးလိုက်တာ မှတ်မိသေးတယ်၊ မဟုတ်လား...." ဟု ဆရာကြီး ဦးနန္ဒက မေးလိုက်ပါသည်။

ကိုအေးလွင်သည် ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်ပါသည်။

"ဓါတ်ခိုက်တဲ့ အကြောင်းဘဲ၊ ဆရာလုပ်လာရင် ဓါတ်အကြောင်းလဲ နားလည်ဖို့ လိုသေးတယ်၊ နောက်မို့ဆို လူတောင် သေနိုင်တယ်၊ မင်းရှိတဲ့ သမာဓိနဲ့ သေမဲ့သူကို ကယ်နိုင်စွမ်း မရှိဘူး၊ အဲဒီလိုဖြစ်လာရင် ဘုရား၊ ရဟန္တာ၊အထက်ပုဂ္ဂိုလ်တွေကို အပ်ရတယ်" ဟု ဆရာကြီး ဦးနန္ဒက ဆုံးမစကား ပြောကြားပါတော့သည်။

သူတို့နှစ်ဦးသည် သိလိုသော အကြောင်းအရပ်တွေ သိရသဖြင့် နောင် အစဉ်မမှားစေရန် မှတ်သား လိုက်ကြပါတော့သတည်း။

ပြီး၏။

www.dhammaransi.com

ဗဟို-အုန်းညွန့်

# စိတ္တဇ ရေကြည်အိုင်

လောဘသည် လူသားများအတွက် အကြီးမားဆုံး အန္တရာယ်—

ထို့ကြောင့်....

☆ စိတ်ဝင်စားဖွယ်
☆ အံ့သြဖွယ်
☆ ရင်နင့်ဖွယ်
☆ ထိတ်လန့်ဖွယ်
☆ ကြောက်မက်ဖွယ်

ပင်ကိုယ်ရေး လုံးချင်းဝတ္ထု
မကြာမီထွက်မည်
ဖြန့်ချိရေး
ခိုင်စာပေ

www.dhammaransi.com

(သမထ)ဦးအောင်မြတ်

# ကိုယ်တွေ့ သမထ ကျင့်နည်း

## (ဒုတိယတွဲ)

ရှုတင် (၁၃) မျိုး
ကသိုဏ်း (၁၀) ပါး
သမာဓိအကြောင်းရပ်များ

ကိုယ်တိုင်ကျင့်ပြီး
အတွေ့အကြုံနှင့်
လက်တွေ့ စာတွေ့ ပေါင်းစပ်
ရေးခြယ်ထားသော
ဘာသာ ရေးစာအုပ်ကောင်းတအုပ်

ဖြန့်ချိရေး
ခိုင်စာပေ

www.dhammaransi.com

မောင်မောင်သန်းအောင်

# မာယာရှင်လား လမင်းလား

ပင်ကိုယ်ရေး လုံးချင်းဝတ္ထု
[အချစ်၊ လျှို့ဝှက်၊ စုံထောက်]

အမြန်ထွက်မည်
အမှာစာအမြန်ပို့ပါ

ဖြန့်ချိရေး
ခိုင်စာပေ

www.dhammaransi.com

နိုင်ငံတကာရေးရာ
သတင်းစဉ် အယ်ဒီတာ
မောင်သက်ပန်

# တရုတ်ပြည်သို့ အလည်တခေါက်

နိုင်ငံရေး
စာအုပ်ကောင်းတအုပ်

www.dhammaransi.com

# ဤစာအုပ်တွင်

* သာသနာပြု ပုဂ္ဂိုလ်ကျော်တပါးနှင့် ယက္ကန်းစင် တောင်ဆရာတော်ဘုရား ဦးဩဘာသအား ကိုယ်တိုင် တွေ့ရှိခဲ့မှုပုံ။
* ဝိရိယစိတ အလောင်းတော် ရွှေသားပုရပိုက် မည်သို့ ရရှိခဲ့သလဲ ?
* ယက္ကန်းစင်တောင် ဆရာတော်ဘုရား၏ အတ္ထုပ္ပတ္တိ။
* သမထ မေတ္တာပွားနည်း၊ သမထ မေတ္တာပို့နည်း၊ မေတ္တာခံယူနည်း။
* ဆရာလုပ်လိုသူတွေ၏ ရှိအပ်သော သစ္စာတရား။
* အတတ်ပညာနှင့် အကျင့်ပညာ ခွဲခြား ပြသခြင်း။
* ယက္ကန်းစင်တောင် ဆရာတော်ဘုရား၊ ရာကျော် ဆရာတော်ဘုရားတို့၏ ပုံတော်များ ပါဝင်သည်။